www.burmeseclassic.com

# ဒဿနကြူ

## ဥပါဒါန်မုန်တိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် • ၅၀၁၅၁၇၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၀၁၄၈၁၁၀၀၉

ထုတ်ဝေသူ
ဦးကျင်ဝမ်(၀၄၁၅၁) နွေမိုးဆောင်းစာပေ
အမှတ် (၆၅)၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။

ပုံနှိပ်သူ
ဒေါ်ခင်နွဲ့(၀၆၅၆၇)
အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း • ပထမအကြိမ်
ထုတ်ဝေခြင်း • ၂၀၀၉၊ ဒီဇင်ဘာလ
အုပ်ရေ • ၅၀၀
တန်ဖိုး • ၁၀၀၀
မျက်နှာဖုံး • ကိုရဲ

၈၉၁.၈၃
ဒေဝစကြာ
ဥပါဒါန်မုန်တိုင်း/ ဒေဝစကြာ။
- ရန်ကုန်
နွေမိုးဆောင်းစာပေ၊ ၂၀၀၉။
၁၇၂ - စာ၊ ၁၂.၅ ၁၇.၅ စင်တီ။
(၁) ဥပါဒါန်မုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ


၁။ သင်္ချိုင်းစောင့် တစ္ဆေ

၂။ ဝိညာဉ်လိပ်ပြာ

၃။ တစ္ဆေရောင်းရန် ရှိသည်

၄။ မရဏရနံ့

၅။ သွေးသောက်တဲ့ မြှင်

၆။ မိစ္ဆာတေလေ တောလုံးမွှေ

၇။ တစ္ဆေမင်းသမီး

၈။ သမုဒ္ဒယဝိညာဉ်

၉။ ငှက်ဆိုးကျိန်စာ

၁၀။ အိပ်မက်ဆိုး သံသရာ

၁၁။ မီးလျှံကြားမှ သရဖူ

၁၂။ တမလွန်နိမိတ်

၁၃။ ဝဋ်ကြွေးကြမ္မာ ဝင်္ကပါ

၁၄။ အဝိဇ္ဇာရဲ့တိုက်

၁၅။ ဝိညာဉ်နက်ကေရီ

၁၆။ ခန္ဓာနှင့် ဝိညာဉ်


### ယခု


၁၇။ ဥပါဒါန် မုန်တိုင်း


www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သော အခန်းများ

BURMESE CLASSIC

၁။ ထင်းရှူးမြိုင်မှ သချိုင်း
၂။ ကြောက်စရာကောင်းသော ကျိန်စာ
၃။ XX + ONE ၏ အဓိပ္ပာယ်
၄။ လူဝင်စားလေး အန္တရာယ်
၅။ အတိတ်ဘဝက မြို့
၆။ သရဲခြောက်သော အိမ်ကြီး
၇။ တမလွန်က ဝတ်မှုံ
၈။ ပူးကပ်နေသည့် ဝိညာဉ်
၉။ နိုးကပ်လှသော သေခြင်းတရား
၁၀။ ၂၁ နှစ်ပြည့်မွေးနေ့၏ နောက်ဆုံးစက္ကန့်များ

www.burmeseclassic.com

www.burmeseclassic.com

ငါ ရောက်လာပြီ ဝတ်မှုံ။ ခုလို နောက်ကျပြီး
ရောက်လာရတာကို ခွင့်လွှတ်ပါ။ နှင်းအမေနဲ့
ငါ သုံးရက်လောက် အတူနေမယ်။ ရောက်ရာ
ဘဝမှာပဲ ပျော်ရွှင်ချမ်းမြေ့အောင်နေပါ ဝတ်မှုံ။

www.burmeseclassic.com

www.burmeseclassic.com

# (၁) ထင်းရှူးမြိုင်မှ သဉ္ဇိုင်း

www.burmeseclassic.com

www.burmeseclassic.com

## (၁) ထင်းရှူးမြိုင်မှ သဲချိုင်း

ရုတ်တရက်မြည်လာသော တ္တယ်လီဖုန်းခေါင်းလောင်း သံက ဤစာတ်လမ်းကို အစပြုခဲ့သည်။ ထိုမြည်သံကြောင့် အချုပ်ထဲတွင် စိတ်ဝင်တစား နှစ်မြုပ်စီးမျောနေသည့် မြသီဂီ သည် အထိတ်တလန့်ဖြစ်သွားကာ လက်ထဲမှ ဖတ်လက်စ အချုပ်ပင် လွှတ်ကျလုဘနန်း ဖြစ်၍သွား၏။ သူ ဖတ်နေတာ အသည်း အတော်ပင် ချောက်ချားထိတ်လန့်ဖို့ကောင်းသော အခင်းရောင်ခြည်၏ သရဲဝတ္ထုတစ်ပုဒ် ဖြစ်နေလေသည်။

ထုံးစံအတိုင်း အမေက ဖုန်းကောက်ကိုင်လိုက်သည်။ သူက ဖုန်းကို တိုက်ရိုက်ပြောလွှဲပြောထ နည်း၏။ တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေးပါဆိုမှ ဖုန်းကိုင်တတ်၏။ ယခုတော့ အမေနှင့်လည်း အနီးဆုံးဖြစ်နေသည်။ ပြီးတော့ သားအမိနှစ်ယောက်သာရှိသည့် အိမ်တွင် အမေကသာ လာသမျှဖုန်းကို ဒိုင်ခံကိုင်ရသူ ဖြစ်နေ၏။ မြသီဂီ အာရုံက စာအုပ်ထဲတွင် ပြန်လည်နှစ်မြုပ်သွား၏။ ဖုန်းပြောနေသည့် အမေ့အသံကိုပင် မကြားတစ်ချက် ကြားတစ်ချက်။ ဖုန်းခွက်ကိုချပြီး အမေက သူ့ဆီလျှောက်လာရင်း…

'သမီးဆီလာတဲ့ ဖုန်းပဲ' ဟု ဆို၏။

စာအုပ်နှင့် မျက်နှာ ခွာလိုက်ကာ…

'ဘယ်ကလာတဲ့ဖုန်းလဲ အမေ'

'ဒေါ်ခင်ခင်ကြီးဆီက၊ သူက ကျောင်းပိတ်ရင် ထင်းရှူးမြိုင်ကို လာမယ်လို့ သမီး ပြောထားလို့ ဖုန်းဆက်တာ ဆက်ဆက်လာဖြစ်အောင် လာစေချင်တယ်တဲ့'

မြသီဂီ တစ်ချက်တွေဝေသွားသည်။ လွန်ခဲ့သောခြောက်လခန့်က ထင်းရှူးမြိုင်မြို့ကလေးတွင်နေသော သူ့သူငယ်ချင်း ဝတ်မှုံသည် ကားတိုက်မှုဖြစ်ကာ ကွယ်လွန်သည်။ မြသီဂီသည် အထက်တန်းပြဆရာမလေးဖြစ်ကာ ကျောင်းဖွင့်ရက်နှင့် ဆုံနေသဖြင့် အသုဘပို့ မရောက်ဖြစ်။ တကယ်တော့ ဝတ်မှုံပေါ်မြ

www.burmeseclassic.com

www.burmeseclassic.com



ကလေး ထင်းရှူးမြိုင်နှင့် သူနေထိုင်ရာ ရန်ကုန်မြို့မှာ အလှမ်းဝေးလှသည်။ ထို့ကြောင့် ဝတ်မှုံ၏အမေ ဒေါ်ခင်ခင်ကြီးထံသို့ အုန်းဆက်ကာ ဝမ်းနည်းစကား ပြောခဲ့၏။ နွေရာသီကျောင်းပိတ်ရက်ရှည်ရောက်လျှင် အရောက်လာခဲ့ပါမည်ဟု လောကွတ်စကား ပြောခဲ့၏။ အခုတော့…

'သမီး ပြောခဲ့တဲ့စကားကို သမီး တည်မှ ကောင်းမှာပေါ့၊ ပြီးတော့ သူတို့ကလည်း အမေတို့သားအမိလိုပဲ အမေတစ်ခု သမီးတစ်ခု၊ အခု လောကမှာ သူတစ်ယောက်တည်းကျန်ခဲ့တာဆိုတော့ ခင်ခင် သိပ်ပြီး အထီးကျန်နေလိမ့်မယ်၊ ခဏပဲဖြစ်ဖြစ် သမီး သူနဲ့သွားအဖော်ပြုပေးသင့်တယ်'

အမေကိုယ်တိုင်က မုဆိုးမချင်း စာနာငဲ့ကွက်ဖြင့် တိုက်တွန်းနေလေသည်။

'တစ်နှစ်လုံး သမီးလည်း သင်ကြားရေးတွေနဲ့ ပင်ပန်းနေတာ၊ အခုလို ကျောင်းပိတ်ရက်မှာ အခုလို ခရီးထွက်ပြီး အပန်းဖြေ အနားယူသင့်တယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်နေသည် တစ်နှစ်ထက် တစ်နှစ် ပို၍ပူလာသည်။ ထင်းရှူးမြိုင်သည် တောင်ပေါ်မြို့ကလေး ဖြစ်သည်နှင့်အညီ အေးမြသောရာသီဥတုရှိတာ သူ အမှတ်ရနေသည်။ ဤအချိန်ဆို တောင်ပေါ်ပန်း အတော်များများ ပွင့်လေ့ရှိသဖြင့် ပန်းမြို့တော်လေးနှင့် တူ၏။ ပန်းကြည့်ရင်း ပန်းနံ့သင်းသည့် အေးမြလတ်ဆတ်သည့်လေကို ရှူရန် အပန်းဖြေလာရောက်သူတွေလည်း မနည်း။ ထိုမြို့ကလေးတွင် သူ ငယ်ငယ်က အတော်ပင် ပျော်ခဲ့တာ အမှတ်ရလာ၏။ နောက်ဆုံးတော့ သွားဖို့ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့တွင် သူပိုင်ကားကလေးကို မောင်းကာထွက်လာခဲ့သည်။ အထီးကျန်ဖြစ်ကာ ကွယ်လွန်သူ သမီးဖြစ်သူအား လွမ်းဆွတ်ကြေကွဲနေသည့် ဒေါ်ခင်ခင်ကြီးကို သူလေး၊ ငါးရက်တော့ အဖော်လုပ်ပေးသင့်သည်။ ကားမောင်းလာရင်း အတွေးတွေက အတိတ်ဆီ ပျံ့လွင့်၍နေ၏။

သူ ဆယ်နှစ်သမီးလောက်က ထင်းရှူးမြိုင်မြို့ကလေးတွင် နေခဲ့ဖူးသည်။ သူ့အဖေက အစိုးရဝန်ထမ်းဖြစ်၍ အဖေအလုပ်ရွှေ့ပြောင်းခဲ့ခြင်း ဖြစ်၏။ ဒီတုန်းက ခြံခြင်းကပ်လျက်



www.burmeseclassic.com

www.burmeseclassic.com


မှ ဝတ်မှုံနှင့်တွေ့ဆုံကာ ရင်းနှီးခဲ့ကြသည်။ ဝတ်မှုံက သူနှင့် ရွယ်တူ။ အသားဖြူဖြူ၊ မျက်လုံးဝိုင်းဝိုင်းနှင့် ချစ်စရာကောင်းမလေး ဖြစ်သည်။ သဘောကောင်းကာ သူ့အနံ့တာလည်း ခံ၏။ ထို့ကြောင့် နောက်တစ်နှစ် ထိုမြို့ကလေးမှ ခွဲရသောအခါ သူတို့နှစ်ယောက်စလုံး ရင်ကွဲပက်လက် မျက်ရည်ကျခဲ့ကြသည်။ သူတို့ အသီးသီး ဆယ်တန်းအောင်သည်အထိ စာပေးစာယူ မပြတ်ကြ။ တက္ကသိုလ်တက်တော့ ဝတ်မှုံက မန္တလေးတက္ကသိုလ် တက်သဖြင့် လူချင်းမဆုံကြရပြန်။

မကွယ်လွန်မီ တစ်နှစ်ခန့်ကမှ ဝတ်မှုံသည် ရန်ကုန်ဆင်းလာရင်း မြသီဂီတို့အိမ် ဝင်လာခဲ့သည်။ ဝတ်မှုံ ရန်ကုန်တွင်နေစဉ် လေး၊ ငါးရက်မျှ အတူသွား၊ အတူလာ နေခဲ့ကြရ၏။ နှစ်တွေကြာသော်လည်း ငယ်သူငယ်ချင်းနှစ်ယောက်၏ အချစ်က မပြယ်။

ဒါကြောင့် ဝတ်မှုံ ရုတ်တရက် ကားတိုက်မှု ဖြစ်ကာ ကွယ်လွန်ကြောင်း ကြားရစဉ်က သုံး၊ လေးရက်ဆက်ကာ ငိုနေမိသည်။ ဒေါ်ခင်ခင်ကြီးကို ဖုန်းဖြင့်သာ လှမ်းကာ နှစ်သိမ့်စကား ပြောနိုင်ခဲ့၏။ အားလျှင် လာခဲ့ပါမည်ဟူသော ကတိ


www.burmeseclassic.com

www.burmeseclassic.com



[illegible]အရ အရုဏ်တော့ ထင်းရှူးမြို့သို့ ထွက်ခွာလာခဲ့ရသည်။

ကားကို တောက်လျှောက်နာရီပေါင်းများစွာ မောင်းလာခဲ့ရသဖြင့် မြသီဂီ အတော်ပင် ပင်ပန်းနွမ်းနယ်နေသည်။ ထင်းရှူးမြို့ ရောက်တော့မှပင် အတိုးချအနားယူတော့မည်ဟု တွေးလာခဲ့၏။ တောင်ပေါ်အတက်လမ်းဖြစ်သဖြင့် ကားကို ဂရုတစိုက် မောင်းလာခဲ့ရသည်။ တောင်ပေါ်ဒေသဖြစ်သဖြင့် အကွေ့အကောက်လည်း များ၏။ တစ်ဖက်က တောင်နံရံ၊ တစ်ဖက်ကတော့ နက်ရှိုင်းလှစွာသော ချောက်။ တောင်ပေါ် ရောက်သောအခါ မြေက ပို၍ပြန့်ပြူး ကျယ်ပြောလာ၏။ မြို့အဝင်တွင် သင်္ချိုင်းရှိသည်။ သင်္ချိုင်းရှေ့ရောက်ကာမှ သူ့ကားက ဘာဖြစ်မှန်းမသိ ထိုးရပ်သွားသည်။ စိတ်ပျက်လက်ပျက် ကားပေါ်က ဆင်းလိုက်၏။ မြို့တွင်းသို့ရောက်ရန် သုံးမိုင်ခန့် လိုသေးသည်။

သူကလည်း ကားမောင်းတတ်တာတစ်ခုကလွဲ၍ ကားနှင့်ပတ်သက်လျှင် ဘာမျှနားမလည်။

ကားပေါ်ကဆင်းကာ ရပ်ရင်း မြသီဂီ၏ မျက်လုံးတွေက သင်္ချိုင်းထဲကို ရောက်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့၏သင်္ချိုင်းက မဆိုစကောင်း ဆိုစကောင်း နေချင့်စဖွယ် သာယာလှပသည်ဟု ဆိုနိုင်သည်။ မြင့်မားသော သစ်ကလစ်ပင်ကြီးအောက် တောင်ကုန်းက မို့မို့၊ မြက်ခင်းက စိမ်းစိမ်း၊ ပုံသဏ္ဌာန်ကွဲပြားသော အုတ်ဂူကလေးတွေ အစီအရီနှင့်။

သူ့ခေါင်းထဲကို အတွေးတစ်ချက် လက်ခနဲဝင်ရောက်လာ၏။

ဒီသင်္ချိုင်းထဲတွင် သူ့သူငယ်ချင်း ဝတ်မှုံ လဲလျောင်းနေသည် မဟုတ်လား။ ဝတ်မှုံ အသုဘတုန်းက သူ မရောက်ခဲ့ပါ။ ဒီမြို့ကို ရောက်လာခိုက် သူ့ကိုဝင်ကာ နှုတ်ဆက်စေချင်သည့်ဆန္ဒဖြင့် ဝတ်မှုံကပဲ မိမိကားကို ဤနေရာတွင် ပျက်အောင်ဖန်တီးလိုက်လေသလား။ ဘယ်သို့ဆိုစေ သူ့သူငယ်ချင်း အုတ်ဂူကိုတော့ သူ ဝင်နှုတ်ဆက်သင့်သည်။

ကားလမ်းဘေးမှ တောင်ကုန်းဆင်ခြေလျှောပေါ် မြသီရိ တက်လာခဲ့သည်။ ဝတ်မှုံ၏ ဂူက သိပ်မရှာဖွေလိုက်ရ။ ဂူက သစ်လွင်နေဆဲ။ ပြီးတော့ ဝတ်မှုံ ကြိုက်တတ်သော အရောင် အပြာနုလေး ဆေးသုတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



# ဝတ်မှုံ
## (၁၉၈၄-၂၀၀၇)

ဟု အုတ်ဂူပေါ်တွင် စာတန်းရေးထိုး၍ ထားသည်။ သူ့တွင် ဝတ်မှုံကို နှုတ်ဆက်ဖို့အတွက် ဘာမျှပါမလာ။ အနီးအနားက အလေ့ကျပေါက်နေသော မြေကပ်ပန်းဝါဝါလေးတွေကိုခူးကာ ဝတ်မှုံဂူပေါ် တင်ပေးရင်း နှုတ်ဆက်ရသည်။

'ငါ ရောက်လာပြီ ဝတ်မှုံ၊ အခုလို နောက်ကျပြီးရောက်လာရတာကို နားလည်ခွင့်လွှတ်ပါ၊ နင့်အမေနဲ့ ငါ သုံး၊ လေးရက် အတူနေမယ်၊ နင့်ကိုယ်စား ငါ ဆောင်ရွက်နိုင်တာ ဒီလောက်ပါပဲ၊ ရောက်ရာဘဝမှာပဲ ပျော်ရွှင်ချမ်းမြေ့အောင်နေပါ ဝတ်မှုံ'

နှုတ်က တိုးတိုးရွတ်ဆိုရင်း ရင်ထဲမှာ ဆို့နင့်လာကာ မျက်လုံးအိမ်တွင် မျက်ရည်စတွေ ဝန်းခိုလာ၏။ သူနှင့် ဝတ်မှုံ ငယ်ငယ်က ဆော့ကစားပြေးလွှား မြူးထူးခဲ့တာတွေပြန်အမှတ်ရလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံ ဂူဘေးတွင် ဆက်ကာရပ်နေနိုင်စွမ်း မရှိတော့။ သူ ထိုနေရာကို ကျောခိုင်းကာ ထွက်လာခဲ့သည်။ ကားပေါ်ပြန် တက်ကာ ကားကို အမှတ်မထင် စက်နှိုးကြည့်တော့ ကားက ကောင်းနေပြန်၏။ ဝူးခနဲ စက်နိုးလာသည်။ တောက်လျှောက် မောင်းလာခဲ့သဖြင့် အင်ဂျင်ပူနေသောကြောင့်လား မသိ။ ကား ကို ဆက်မောင်းနှင်လာခဲ့၏။

သို့သော်...

ကားက ခတ်တိုင် လေး၊ ငါးတိုင်ခန့် မောင်းမိသော အခါ ဗွေဖောက်လာပြန်သည်။ ကားက တုံ့ဆိုင်း တုံ့ဆိုင်းသွား ဟာ စက်သံက ချောင်းတဟွတ်ဟွတ်ဆိုးသလို အသံထွက်လာ ပြီး နောက်ဆုံး ဆက်မောင်းရန် ခက်ခဲလာသည်။ တော်ပါသေး သည်။ ရှေ့တွင် ကားဝပ်ရှော့ခ်ဆိုင်တစ်ဆိုင် တွေ့သဖြင့် ဝမ်း မြောက်သွားကာ ကားကို ထိုဝပ်ရှော့(ခ်)ဆိုင့်ရှေ့တွင် ထိုးဆိုက် ရပ်နားလိုက်သည်။

မြသီဂီ ကားပေါ်က ဆင်းလိုက်စဉ် ကားဝပ်ရှော့ခ်ထဲမှ အသက်ငါးဆယ်ကျော်ခန့်ရှိသော ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက် ထွက်လာ၏။ အသားညိုညိုနှင့်ကြော



www.burmeseclassic.com

www.burmeseclassic.com


ခေါင်းတွင် နားသယ်စပ်ရှိ ဆံပင်တချို့ အဖြူရိပ်သန်းနေသော်လည်း ကြည့်ရသည်မှာ သန်စွမ်းပုံပေါက်၏။

'ဘာကူညီရမလဲ ကလေးမ'

'ကျွန်မကား ဘာဖြစ်သွားမှန်း မသိဘူး၊ ကြည့်ပေးပါရှင်'

ထိုလူကြီးက စာတိုက်ပုံးကိုဖွင့်ကာ လှန်လှောစစ်ဆေး၏။ အတန်ကြာမှ…

'မင်းကား အခြေအနေ မကောင်းဘူး'

'ရှင်… ပြင်ရင် ဘယ်လောက်ကြာမလဲ'

'အမြန်ဆုံး သုံးရက်ပေါ့၊ ကားထဲက ပျက်စီးနေတဲ့ ပစ္စည်းကိုထည့်ဖို့ ငါ့ဆီမှာလည်း မရှိဘူး၊ စခန်းသာမြို့အထိ သွားဝယ်ရမှာ၊ ဒီတော့…'

မြသီဂီက ခေါင်းကုတ်ကာ မျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့နှင့်…

'ဒုက္ခပါပဲရှင်'

ဟု ညည်းညူလိုက်၏။ ကားဝပ်ရှော့ပိုင်ရှင် လူကြီးက…

'မင်းက ဘယ်အထိသွားမှာလဲ'


www.burmeseclassic.com

www.burmeseclassic.com



'ထင်းရှူးမြိုင်ကို'

ဆိုတော့ ပြုံးကာ…

'ရောက်နေပြီပဲ၊ အေးလေ… မြို့ထဲရောက်ဖို့တော့ သုံး၊ လေးမိုင်လောက် လိုသေးတယ်၊ မင်းက မြို့ကြီးပြကြီးက လာတဲ့ မိန်းကလေးဆိုတော့ ဒီခရီးကို လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး၊ ဒါထက် ထင်းရှူးမြိုင်ကိုလာတာ အလည်သက်သက်ပဲလား၊ ဘယ်သူ့ဆီ သွားမှာလဲ'

ဟု စပ်စုနေ၏။ မြသီဂီက…

'အန်တီ ဒေါ်ခင်ခင်ကြီးဆီကိုပါ'

'ဪ… ခင်ခင်ကြီးဆီကိုလား၊ သူ့ယောက်ျားနဲ့ ငါနဲ့က အင်မတန်ခင်တယ်၊ အမဲလိုက်ဖော် လိုက်ဖက်တွေပေါ့၊ ခင်ခင်ကြီးကတော့ ငါ့ကို သိပ်သဘောမကျဘူး၊ သူက သူ့ယောက်ျား အမဲလိုက်တာကို မနှစ်မြို့က်ဘူးလေ'

'ကျွန်မ ဘယ်လိုလုပ်ရမလဲ'

'မပူပါနဲ့၊ မင်းကို ငါ ကားကြုံထည့်ပေးလိုက်မယ်၊ လိုင်းဘွားကို ဖုန်းဆက်ခေါ်လိုက်မယ်၊ သူ မင်းကို ကား



www.burmeseclassic.com

www.burmeseclassic.com



နဲ့လာခေါ်လိမ့်မယ်'

လှိုင်ဘွား အသံကြားတော့ မြသီဂီ အံ့ဩသွား၏။ ဒီနာမည်ကို သူ ကောင်းကောင်းသိသည်။ ဆံပင်နီကြောင်ကြောင်နှင့် ဖြူဖြူပိန်ပိန် ကောင်လေးတစ်ယောက်ကို အမှတ်ရလာ၏။ သူက ဝတ်မှုံတို့အိမ်နှင့် မနီးမဝေးမှာ နေသည်။ ငယ်စဉ်က တစ်ခါတစ်ရံ သူတို့နှင့် လာရောက်ဆော့ကစားတတ်၏။

'လှိုင်ဘွား… ဟုတ်လား၊ သူ့ကို ကျွန်မ သိတယ်၊ သူနဲ့ ငယ်ငယ်က ကစားခဲ့ဖူးတယ်'

'ဒါဆို အဆင်ပြေတာပေါ့'

'ဒါထက် သူ့မှာ အစ်ကိုတစ်ယောက် ရှိတယ်မဟုတ်လား၊ ခိုင်ဘွားဆိုလား သူ့ရောဟင်'

ကားဝပ်ရှော့ပိုင်ရှင်က မြသီဂီကို ထူးခြားသလိုကြည့်ကာ…

'မင်း သူတို့အကြောင်းကို မသိသေးဘူးလား၊ ဒေါ်တော်ထိတ်လန့် ချောက်ချားစရာကောင်းတဲ့အကြောင်းပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်…'

ထိုစကားကြောင့် မြသီဂီက အတော်ပင် စိတ်ဝင်စားမိသွားသည်။ သို့သော် ထိုလူကြီးက စကားကို ဆက်မပြောသေးဘဲ တယ်လီဖုန်းရှိရာသို့ လျှောက်သွားကာ ဖုန်းဆက်နေသည်။ မြသီဂီနှင့် အနည်းငယ်လှမ်းနေသဖြင့် ဘာတွေပြောနေသယဲ၊ သဲသဲကွဲကွဲ မကြားရ။

ဖုန်းဆက်ပြီးတော့မှ ပြန်လျှောက်လာကာ မြသီဂီအား…

'ငါ လှိုင်ဘွားဆီ ဖုန်းဆက်လိုက်တာ၊ မပူပါနဲ့… ဆယ်မိနစ်လောက်နေရင် ရောက်လာလိမ့်မယ်' ပြောလိုက်၏။

'ငါ့နာမည်က မင်းဒင်တဲ့'

'ဒါထက် ဦးကြီး၊ ခုနပြောခဲ့တဲ့အကြောင်းက ဘာလဲဟင်'

'ဘာအကြောင်းလဲ'

'သိပ်ထိတ်လန့်ချောက်ချားစရာကောင်းတဲ့အကြောင်းဆိုတာလေ'



www.burmeseclassic.com

www.burmeseclassic.com


'ဪ… ဒါလား၊ တစ်မြို့လုံးက ဒီကိစ္စကို သိနေကြ
ပြီးသားပါ၊ မင်းအတွက်တော့ အသစ်အဆန်းဖြစ်နေ
လိမ့်မယ်၊ ဒီကိစ္စတွေက မင်း ဒီမြို့က ပြန်သွားခဲ့ပြီးမှ
ဖြစ်ခဲ့တာတွေပေါ့'

* * *


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ဘွားနှင့် ခိုင်ဘွားဆိုသော ညီအစ်ကိုနှစ်ယောက်၏ မိဘများမှာ ဦးတင်မောင်ဆွေနှင့် ဒေါ်ချမ်းမြ ဖြစ်သည်။ ဒေါ်ချမ်းမြတွင် ဒေါ်စန်းလှဟူသော အစ်မတစ်ယောက်ရှိ၏။ ဒေါ်စန်းလှ၏ ခင်ပွန်းမှာ စိတ်ဓာတ်မာကျောကာ ခက်ထန်သည့် ဦးသံတိုင်ဆိုသူဖြစ်ပြီး သူတို့တွင် ၂၁ နှစ်အရွယ် အောင်မြတ်ဇော်ဆိုသော သားလေးတစ်ယောက် ရှိ၏။ အောင်မြတ်ဇော်သည် တစ်ဦးတည်းသောသားဖြစ်သဖြင့် မိဘများက အင်မတန်ချစ်ကြ၏။ အောင်မြတ်ဇော်သည် လိမ္မာရေးခြားရှိသူတစ်ဦးဖြစ်ကာ ကြက်တောင်ရိုက်ကစားရာ၌ အင်မတန်ထူးချွန်သူဖြစ်၏။ တိုင်းလက်ရွေးစင်တစ်ဦးဖြစ်ကာ နိုင်ငံလက်ရွေးစင်ဖြစ်ရန် အလားအလာကောင်းသူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ချမ်းမြနှင့် ဒေါ်စန်းလှသည် မိဘများကျန်ရစ်ခဲ့သော အမွေကိစ္စနှင့်ပတ်သက်ကာ စကားများကာ ရုံးတော်၌ပင် တရားတဘောင် ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် ညီအစ်မအရင်းများဖြစ်ကြသော်လည်း အခေါ်အပြောမရှိဘဲ ကင်းပြတ်နေသည်။

ဤအခင်းကိစ္စ မဖြစ်ပွားမီ တစ်နှစ်ခန့်က ဒေါ်စန်းလှသည် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ရာ ကျန်ရစ်သူ ဦးသံတိုင်ကလည်း ဒေါ်ချမ်းမြတို့မိသားစုနှင့် ပို၍ပင် ကင်းကင်းပြတ်ပြတ် နေထိုင်ခဲ့သည်။

သို့သော် အောင်မြတ်ဇော်ကတော့ သွေးက ပြောသည်ထင်ပါသည်။ ဒေါ်ချမ်းမြတို့အိမ်ကို ဝင်ထွက်သွားလာကာ လှိုင်ဘွားနှင့် ခိုင်ဘွားကိုလည်း ညီအရင်းလေးများသဖွယ် ဆက်ဆံတတ်၏။ ဒေါ်ချမ်းမြကလည်း မိခင်မရှိရှာသော အောင်မြတ်ဇော်ကို သားအရင်းလို သဘောထားခဲ့သည်။

အချိန်အားရလျှင် အောင်မြတ်ဇော်သည် ကြက်တော ရိုက် ဝါသနာပါသော ခိုင်ဘွားထံ ရောက်လာကာ ကြက်တောင်ရိုက်နည်း သင်ပြတတ်သည်။ ဦးသံတိုင်ကတော့ ထိုအိမ်


www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်ဆံနေသည်ကို တားမရ၍ ကြည့်နေရသော်လည်း ထုံး၀ကျော့နှပ်ကြည်ဖြူဟန် မပြ။

ထိုအထဲတွင်မှ ပြဿနာဖြစ်စရာအကြောင်းက ပေါ်လာလေသည်။ ထိုနေ့ကား အောင်မြတ်ဖော်၏ ၂၁ နှစ်ပြည့်မွေးနေ့ ဖြစ်သည်။ ဒေါ်ချမ်းမြက မွေးနေ့လက်ဆောင် ဝယ်ပေးမည်ဆိုကာ အောင်မြတ်ဖော်အား သူ့ကားနှင့်တင်၍ စခန်းသာမြို့ကို ထွက်ခဲ့ကြသည်။ အောင်မြတ်ဖော် လိုချင်သော အဝတ်အစား များကို ဝယ်ပေးပြီး အပြန်တွင်…

ဒေါ်ချမ်းမြ မောင်းလာသော ကားသည် မိုးရေစွတ်စို နေသော တောင်ပေါ်လမ်းတွင် လမ်းချော်ကာ လမ်းဘေးက သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်မိရာမှ အောင်မြတ်ဖော်သည် နေရာတွင်ပင် ပွဲချင်းပြီး ကွယ်လွန်သွားပါလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဝပ်ရှော့ရှေ့ကို ဂျစ်ကားလေးတစ်စီး ထိုးဆိုက်လာကာ ထောင်ထောင်မောင်းမောင်း၊ အသားဝါဝါ လူငယ်တစ်ယောက် ဆင်းလာသဖြင့် သူတို့၏ ပြောလက်စ စကားက ပြတ်တောက်သွားသည်။ ဦးမင်းဒင်က…

'အဲဒါ လှိုင်ဘွား'

ဟု ပြောလိုက်သောအခါ မြသီဂီက သူ့မျက်စိသူ မယုံနိုင်အောင် ဖြစ်၍သွားသည်။ သူသိသော ငယ်ငယ်က လှိုင်ဘွားသည် ပိန်ပိန်ရှည်ရှည် ကလန်ကလား ကောင်လေး ဖြစ်၏။ အခု လှိုင်ဘွားကတော့ မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်အောင် ခိုင်မာတောင့်တင်းသော ကိုယ်ကာယရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ောင်ပေါ်တွင် အလုပ်ကြမ်းလုပ်နေရသောကြောင့်လား မသိ။ ခန္ဓာကိုယ်မှ ကျစ်လျစ်သော ကြွက်သားတွေက နံ့သာရောင် ပုံ့ရှပ်အောက်မှ ရုန်းကြွထွက်နေ၏။ ရှားရှားပါးပါး ဂျင်း ောင်းဘီချောကလက်ရောင်ကို ဝတ်ဆင်ထားကာ အီမိုပုံစံ ဆံပင်ရှည်တစ်ဝက်က မျက်နှာတစ်ခြမ်းပေါ် ဝဲကျနေ၏။

'ပြန်တွေ့ရတာ ဝမ်းသာပါတယ် မြသီဂီ'

ဟု ချိုသာသောအပြုံးဖြင့် နှုတ်ဆက်လိုက်၏။

မြသီဂီက...

'ငါမှန်း ဘယ်လိုလုပ်သိသလဲ'

'အန်ကယ်မင်းဒင်က ဖုန်းဆက်ကတည်းက ထည့်ပြောခဲ့တာလေ၊ အန်တီခင်ခင်ကြီးဆီကိုလာတဲ့ ဧည့်သည်၊ အမည်က မြသီဂီဆိုတော့ မင်းမှန်း ငါ သိလိုက်တာပေါ့'

သူကားကလေးနှင့် ဒေါ်ခင်ခင်ကြီး အိမ်ရှေ့အထိ လိုက်ပို့၏။ ဒေါ်ခင်ခင်ကြီးက မြသီဂီကိုတွေ့တော့ ဝမ်းသာရှာသည်။ လှိုင်ဘွားကို ကျေးဇူးတင်စကားပြောကာ အိမ်ပေါ်တက်ခိုင်းသော်လည်း နောက်နေ့မှလာမည်ဟု ပြောကာ နှုတ်ဆက်ထွက်ခွာသွား၏။



www.burmeseclassic.com

www.burmeseclassic.com


'ဒီကောင်လေးက တကယ့်လူကောင်းလေးပဲ၊ ငါ့သမီး ဝတ်မှုံသာရှိရင် ငါ သူနဲ့ပေးစားဖြစ်လိမ့်မယ် ထင်တယ်၊ ဒါထက် သီဂီအတွက် ဝတ်မှုံ အခန်းကိုပဲ ပြင်ဆင်ထား တယ်၊ ဖြစ်တယ်မဟုတ်လား'

ဟု မေး၏။

''ဖြစ်ပါတယ် အန်တီ'

ဟု ပြောလိုက်ရသည်။ ဒီအိမ်မှာ အိပ်ခန်းက နှစ်ခန်း တည်းရှိတာ သူ သိသည်။ ဝတ်မှုံ အခန်းမှာမနေလျှင် ဧည့်ခန်း ထဲတွင်သာ အိပ်ရပေလိမ့်မည်။ ဒေါ်ခင်ခင်ကြီးက ဝတ်မှုံ အခန်းအရောက် လိုက်ပို့ခဲ့၏။ ဒီအခန်းက သူနှင့်မစိမ်း။ ငယ် စဉ်က ဝတ်မှုံနှင့်အတူ ဤအခန်းထဲတွင် အတူဆော့၊ အတူအိပ် ခဲ့သည်။

အခုတော့ အခန်းက မမှတ်မိသလို ဖြစ်နေ၏။ ခုတင် က လူကြီးခုတင်။ ပြီးတော့ အလှပြင်ခုံနှင့် စာရေးစားပွဲနှင့်၊ ဘာပဲပြောပြော ဤအခန်းထဲရောက်နေရတာ ဝတ်မှုံ၏ အငွေ့ အသက်ကို ရနေသလိုပင်။

ဟုတ်သည်။ သူ့ကားနားမှာပင် ဝတ်မှုံ ရှိနေသကဲ့သို့


www.burmeseclassic.com

www.burmeseclassic.com



ခံစားရ၏။ ခုတင်ဘေး စားပွဲပေါ်တွင် သူတို့ငယ်ငယ်က နှစ်ယောက်တွဲရိုက်ထားသည့် ဓာတ်ပုံကလေးကို Stand ဖြင့် ဆောင်ထား၏။ ထိုပုံထဲတွင် သူတို့နှစ်ယောက်သည် တစ်ယောက် ခုံးကို တစ်ယောက်ဖက်ကာ ပြုံးနေ၏။

ဒီပုံကလေးကို စားပွဲခုံပေါ် တင်ထားတာတွေ့ရ၍ ဝတ်မှုံသည် သူ့ကို ခွဲနေရစဉ် ကာလတစ်လျှောက် အမြဲအမှတ် ရနေကြောင်း ထင်ရှားသည်။ ဒီတော့ မြသီဂီသည် သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေသည်။ သူက ဝတ်မှုံအပေါ် ဝတ်မှုံက သူ့အပေါ် ဂရုစိုက်ခဲ့သလောက် ဂရုမစိုက်မိခဲ့။

ဒေါ်ခင်ခင်ကြီး အခန်းထဲဝင်လာကာ…

'သီဂီရေ… ထမင်းစားကြရအောင်'

ဟု ခေါ်သည်။ ဒေါ်ခင်ခင်ကြီးကား သူ ငယ်ငယ်က တွေ့ခဲ့စဉ်ကနှင့် ပုံစံသိပ်မခြားလှ။ အတော်အတန် ဝဖြိုးနေတာ တစ်ခုပဲ ကွာခြားချက်ရှိ၏။ သူ့နားသယ်စပ်မှာတော့ ဆံပင်မွေး တချို့ ဖြူဖွေးစပြုနေပြီကို မြသီဂီက သတိပြုမိသည်။ သူ့အမေ ဆည်း ဘာထူးသေးလဲ။ အမေကတော့ အမြဲပင် ဂရုတစိုက် ဆေးဆိုးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထမင်းစားပွဲက နှစ်ယောက်တည်းဆိုတော့ အနည်းငယ်တော့ ခြောက်ကပ်ကပ်နိုင်သလို ရှိ၏။ သို့သော် ယခင်အခါများက ဒေါ်ခင်ခင်ကြီးသည် တစ်ဦးတည်းစားနေခဲ့ရသည်ဟု တွေးမိသောအခါ...

သူ့ရင်ထဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဒေါ်ခင်ခင်ကြီးအပေါ် ကရုဏာစိတ်ကလေး ဝင်ရောက်လာ၏။ ဟင်းတွေက ဒေသထွက် အစားအစာတွေဖြစ်သဖြင့် သူ့အတွက် ရည်ရွယ်ကာ အထူးချက်ပေးကြောင်း ထင်ရှားနေလေသည်။ ခရီးပန်းလာသောကြောင့် ထင်သည်။

မြသီဂီ များများမစားနိုင်။

ထမင်းစားပြီးသောအခါ ဧည့်ခန်းတွင်ထိုင်၍ ကော်ဖီသောက်ရင်း စကားပြောကြသည်။ သူ့ကို လှိုင်ဘွား လိုက်ပို့တဲ့အကြောင်း မေးသဖြင့် မြသီဂီက သူ့ကား ပျက်နေသဖြင့် ဦးမင်းဒင် ဝပ်ရှော့ခ်တွင် အပ်ထားခဲ့ရကြောင်း ပြောလိုက်၏။ ဒေါ်ခင်ခင်ကြီးက နှာခေါင်းရှုံ့ကာ...

'ဒီလူက ကောင်းတဲ့လူ မဟုတ်ဘူး'

ဟု မှတ်ချက်ချ၏။ မြသီဂီက...



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေမကောင်းတာလဲ အန်တီ'

ဟု မေးတော့မှ…

'ငါ့ယောက်ျားကို အမဲပစ်ထွက်ရအောင် သူတို့ကပဲ လာဆွယ်တာလေ၊ သူတို့ဆိုတာက ဦးမင်းဒင်နဲ့ သံတိုင်ပေါ့၊ ငါက ဒီလိုသွေးထွက်သံယိုတွေ သတ်တာဖြတ်တာတွေကို နှစ်သက်တဲ့လူ မဟုတ်ဘူး၊ အမဲပစ်ထွက်တိုင်း ငါနဲ့ ငါ့ယောက်ျား စကားများကြရတယ်၊ အဲဒါ သင်းတို့စနက်ပဲ'

ဒေါ်ခင်ခင်ကြီးက ခေတ္တတိတ်ဆိတ်သွား၏။ ပြောရင်းအဝင် ကွယ်လွန်သူ ခင်ပွန်းကို သတိရလေသလား မသိ။ မြသီဂီက…

'ဒါထက် ခိုင်ဘွားတို့မိသားစုနဲ့ သူဦးကြီး ဦးသံတိုင်တို့ ဘာဖြစ်ကြတာလဲဟင်'

ဟု မေးလိုက်၏။ ဒေါ်ခင်ခင်ကြီးက အံ့သြသလိုကြည့်သော…

'ဒီကိစ္စတွေ ညည်းကို ဘယ်သူပြောပြတာလဲ'

'ဦးမင်းဒင်ပါ၊ ဒါပေမဲ့ ပြောရင်း စကားစပြတ်သွား



www.burmeseclassic.com

www.burmeseclassic.com



လို့၊ ဦးသံတိုင်ရဲ့သား ဘယ်သူ'

မြသီဂီက နာမည်ကိုမေ့နေသဖြင့် ဒေါ်ခင်ခင်ကြီးက ထောက်ပေးလိုက်၏။

'အောင်မြတ်ဇော်လေ'

'ဟုတ်တယ်၊ သူ ကားတိုက်မှုဖြစ်လို့ ဆုံးသွားတဲ့နေရာ ရောက်နေပြီ၊ လှိုင်ဘွား ရောက်လာတာနဲ့ စကားပြတ် သွားတယ်၊ နောက် ဘာဆက်ဖြစ်သလဲဟင်'

'နောက်ဆက်ဖြစ်တာတွေက ပိုကြောက်ဖို့ကောင်းတယ် သမီးရဲ့၊ ဒီလို…'

* * *



www.burmeseclassic.com

www.burmeseclassic.com

အိပ်ယာခင်းကို ဆွဲဖွင့်လိုက်သောအခါ လူခေါင်းခွံ အရိုးတစ်ခု အိပ်ယာခင်းပေါ်တွင် ချိတ်ဆွဲထား သည်ကို တွေ့လိုက်ရသဖြင့် လန့်အော်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂) ကြောက်စရာကောင်းသော ကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

## (၂) ကြောက်စရာကောင်းသော ကျိန်စာ

အောင်မြတ်ဇော် သေဆုံးရခြင်းအတွက် သူတို့မြို့ငယ်လေးတစ်ခုလုံးပင် နှမြောတသ ဝမ်းနည်းပူဆွေးရသည်။ အောင်မြတ်ဇော်သည် အလားအလာကောင်းသော အားကစားသမားတစ်ယောက်ဖြစ်ကာ မကြာမီ နိုင်ငံလက်ရွေးစင်ဘဝသို့ ခြေလှမ်းပြီး မြို့ကလေး၏ ဂုဏ်ရောင်ကို ထွန်းပြောင်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြ၏။ အခုတော့ သဲထဲရေသွန် ဖြစ်ရလေပြီ။

ထိုအထဲတွင် အကြေကွဲရဆုံးက ဒေါ်ချမ်းမြ ဖြစ်သည်။ သူသည် အောင်မြတ်ဇော်ကို သားအရင်းလို ခင်တွယ်ခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။ ယခုလည်း ၂၁ နှစ်ပြည့် မွေးနေ့အတွက် အနီးဆုံး မြို့ကြီးဖြစ်သော စခန်းသာသို့ ကားဖြင့်ခေါ်ဆောင်သွားကာ လက်ဆောင်တွေ ဝယ်ခြမ်းပေးခဲ့သည်။ သို့သော် အပြန်တွင် ကြုံခဲ့ရသော ကံဆိုးမိုးမှောင်မှုက သူ၏ စေတနာကို ဝေဒနာ ဖြစ်စေခဲ့လေသည်။ အားလုံးက နားလည်ခွင့်လွှတ်နိုင်သော်လည်း ဦးသံတိုင်က နားလည်ခွင့်လွှတ်နိုင်ခြင်း မရှိ။

ဒေါ်ချမ်းမြ၏ အိမ်ပေါက်ဝသို့ ရောက်လာကာ ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းခဲ့သည်။

'နင့်ကြောင့် ငါ့သား သေခဲ့ရတယ်၊ အောင်မြတ်ဇော်ကို သတ်တာ နင်ပဲ'

'ဒါ တကယ့်ကို မတော်တဆဖြစ်တာပါ အစ်ကိုကြီးရယ်၊ တောင်းပန်ပါတယ် ခွင့်လွှတ်ပါ'

'မတောင်းပန်နဲ့… ငါ ခွင့်မလွှတ်နိုင်ဘူး၊ ငါ့သား ၂၁ နှစ်ပြည့် မွေးနေ့မှာ သေရသလို နင့်သားအကြီး ကောင်လည်း ၂၁ နှစ်ပြည့်ရင် သေကို သေရမယ်၊ ငါ့တူဆိုပြီး ငါက အလွှတ်ပေးလိမ့်မယ် မထင်နဲ့၊ ဒီကြားထဲမှာ ငါ သေသွားရင်တောင် သေရွာကနေလာ


www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ ကလဲ့စားချေမယ်၊ အဲဒါ ငါ့ကျိန်စာပဲ ချမ်းမြ’ ဦးသံတိုင်၏ ကျိန်စာက ထိတ်လန့်ချောက်ချားဖွယ် ကောင်းလှသည်။ သို့သော် ဒေါ်ချမ်းမြယောက်ျား ဦးတင်မောင် ကြီးက နှစ်သိမ့်စကားပြော၏။

‘ဒါက သူ လတ်တလော သွေးပူနေတုန်း ဒေါသ အလျောက် ပြောတဲ့စကားတွေပါကွာ၊ အလေးထားမနေ ပါနဲ့’

‘ရှင် ဘာသိလို့လဲ၊ ဒီလူကြီးက အင်မတန် အငြိုးအတေး ကြီးတဲ့ လူကြီး၊ သူက ပြောရင် ပြောတဲ့အတိုင်း လုပ် တယ်’

တစ်ခါက သူမွေးထားသော နွားတစ်ကောင်ကို တော ချောင်းနေစဉ် ကျားချီသွား၏။ သူသည် ထိုကျားနောက် သုံးရက်လုံးလုံး ဇွဲနပဲကြီးစွာ ခြေရာခံလိုက်သွားရင်း မရ အောင် ပစ်ခတ်ခဲ့ဖူးလေသည်။ ဒီတော့ ဒေါ်ချမ်းမြက ထိတ် လန့်သည်မှာ အပြစ်ဆိုဖွယ်ရာ မရှိ။

ဒီကြားထဲ ပို၍ဆိုးသော အဖြစ်တစ်ခု ဖြစ်ပွားလာပြန် ားတိုက်၍ ကွယ်လွန်သွားသော အောင်မြတ်ဒေါ်၏



www.burmeseclassic.com

www.burmeseclassic.com


အလောင်းကို ထုံးစံအတိုင်း မြို့နယ်ဆေးရုံ ရေခဲတိုက်တွင် ထားရ၏။

ထိုရေခဲတိုက်မှာပင် သရဏဂုံတင်ကာ သုသာန်သို့ ပို့ဆောင်ရန် စီစဉ်ထားသည်။ သို့သော် အသုဘချမည့်နေ့တွင် လိုက်လံပို့ဆောင်မည့်သူများ ရောက်ရှိလာကြသော်လည်း ကာယကံရှင် ဦးသံတိုင် ရောက်မလာ။ သူ့ကို စောင့်စားနေသည်မှာ အချိန်အတော်ပင် လင့်သွားလေသည်။

နောက်ဆုံး ဦးမင်းဒင် အပါအဝင် မိတ်ဆွေတစ်စုက ဦးသံတိုင် အိမ်သို့ သွားကြည့်ကြသောအခါ ဦးသံတိုင်သည် ကုလားထိုင်တွင် ထိုင်လျက် အသက်ပျောက်နေသည်ကို တွေ့ရလေသည်။ ဆရာဝန်၏ စစ်ဆေးချက်အရ နှလုံးရောဂါဖြင့် သေဆုံးခြင်းဟု ဆိုလေသည်။ တစ်ဦးတည်းသောသားအတွက် ကြေကွဲဝမ်းနည်းမှုတွေ ဖိစီးကာ ရင်ကွဲနာကျ သေရခြင်းဟု အားလုံးက ယူဆကြ၏။

ဦးသံတိုင် ကွယ်လွန်သွားသဖြင့် သူ့သားအတွက် ကာယ့် စားချေမည်ဆိုသောကိစ္စမှာ ဤတွင် ပြီးဆုံးသွားပြီဟု ယူဆနိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါ်ချမ်းမြက...

'သူ ပြောသွားတယ် မဟုတ်လား၊ ငါ သေသွားရင် တောင် သေရွာကနေလာပြီး ကလဲ့စားချေမယ်လို့၊ သူ တကယ်ပဲ ပြောတဲ့အတိုင်း လုပ်လိမ့်မယ်'

ဦးတင်မောင်ဆွေက ဖြေသိမ့်စကားပြောသော်လည်း ရ။ ဒေါ်ချမ်းမြက ကွယ်လွန်သွားသော ဦးသံတိုင်၏ တစ္ဆေ ကို သူတို့အိမ်ထဲတွင် သွားလာလှုပ်ရှားနေတာ မြင်ရသည်ဟု တွေ့တဲ့လူတိုင်းကို လျှောက်ပြောနေသည်။ လူတွေက ယုံရ အခက် မယုံရအခက် ဖြစ်နေသည်။

ဦးသံတိုင် ကွယ်လွန်ပြီး နောက်တစ်နှစ် (ထိုရက်မှာ ထူးထူးခြားခြားပင် ဦးသံတိုင် ကွယ်လွန်သောနေ့နှင့် တိုက်ဆိုင် နေ၏။) တစ်ရက်တွင် အိမ်ခေါင်မိုးပေါ်တက်ကာ အမိုးပြင်နေ သော ဦးတင်မောင်ဆွေသည် အမိုးပေါ်မှ လိမ့်ကျကာ ဇက်ကျိုး ၍ သေဆုံးသွားလေသည်။

အများက မတော်တဆဖြစ်ပွားသည်ဟု ဆိုသော်လည်း ဒေါ်ချမ်းမြက ဦးသံတိုင်၏ တစ္ဆေက တွန်းချခြင်းဖြစ်သည်ဟု အခိုင်အမာ ပြောဆို၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အဲဒီကတည်းက ဒေါ်ချမ်းမြကအရူးတစ်ယောက်လို ဖြစ်သွားတော့တာပဲ၊ ဘယ်သူနဲ့မှ စကားမပြောတော့ဘူး၊ သူ့သားနှစ်ယောက်ကိုတောင် မပြောတော့ဘူး၊ အချိန်ရှိသရွေ့ သူ့အခန်းထဲက ပြတင်းပေါက်မှာ ထိုင်ပြီး အပြင်ကို အဓိပ္ပာယ်မဲ့ ငေးမောကြည့်နေတော့တာပဲ'

ဒေါ်ခင်ခင်ကြီးက သူ့စကားကို အဆုံးသတ်လိုက်သည်။ လိုက်ဖိုရင်မောဖွယ် ကောင်းလှသည်။ တကယ့်အဖြစ်အပျက် ဇာတ်လမ်းတစ်ပုဒ်ကို ကြားလိုက်ရသဖြင့် ရုတ်တရက် မြသီဂီမှာ အသက်ရှူမမှန်အောင် ဖြစ်၍သွားသည်။

ဒေါ်ခင်ခင်ကြီးအား သိလိုသော မေးခွန်းတစ်ခု မေးလိုက်၏။

'ကိုနိုင်ဘွားကရော'

'သူ့ကိုလည်း အပြင်သွားတာ လာတာ သိပ်မတွေ့ရဘူး၊ ကြည့်ရတာလည်း ထူးခြားနေသလိုပဲ၊ ဒီနှစ်တွေ မန္တလေးတက္ကသိုလ်မှာ ကျောင်းတက်နေရာက ကျောင်းထွက်ပြီး ဒီကိုပြန်လာတယ်'


www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဟင်'

'ဒီနှစ်က သူ အသက် ၂၁ နှစ်ပြည့်မယ့် နှစ်လေ၊ ဦးသံတိုင်က ခိုင်ဘွား ၂၁ နှစ်ပြည့်ရင် ကလဲ့စားချေမယ်လို့ ကြိမ်းခဲ့တာ မဟုတ်လား'

ညတွင် စောစောစီးစီးပင် အိပ်ရာဝင်ခဲ့သည်။ တောက် ...ောက် ခရီးရှည် ကားမောင်းလာရသဖြင့် သူ ညောင်းညာ ...န်းနေသည်။ အိပ်စက်အနားယူလိုက်လျှင် ကောင်းမည် ...င်၏။ သို့သော် အိပ်ရာထဲရောက်သော်လည်း အိပ်၍မပျော်။

ဒေါ်ခင်ခင်ကြီးထံမှ ကြားလိုက်ရသော ခိုင်ဘွားတို့ ...သတင်းက သူ့အာရုံတွေကို နိုးကြားအောင် ဖန်တီးနေသလို ...နေ၏။ အမေ၏ တိုက်တွန်းမှုကြောင့် ထင်းရှူးမြိုင်သို့ ...လာခဲ့ရသော်လည်း စိတ်က ပါလှသည်မဟုတ်။ ပျင်း ...စရာ ကောင်းလှသော တောမြို့ကလေးတွင် သုံးရက်မျှသော ...ချိန်ကို ကုန်လွန်စေရန် နေထိုင်ရအတော်ခက်ခဲလိမ့်မည်ဟု ...ထားခဲ့၏။ ယခုတော့ ဒီမြို့ကလေးက စိတ်ဝင်စားစရာ ...ကောင်းသောအဖြစ်တွေနှင့် ဆီးကြိုနေသည်။

သူ့အတွေးတွေ လွင့်ပါးရင်း မေးခန့် ပျော်မလိုဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခိုက် အသံတစ်ခုကြောင့် လန့်နိုးလာ၏။ အသံက သူ့ခုတင်ဘေး စားပွဲပေါ်မှ တစ်စုံတစ်ခု ကြမ်းပြင်ပေါ်သို့ကျသွားသော အသံ။ သူက မီးဖွင့်ကာ အိပ်တတ်သဖြင့် အခန်းက မျက်နှာကြက်အလင်းရောင်ဖြင့် ဝင်းပနေ၏။ ကြည့်လိုက်တော့ စားပွဲပေါ်က ဖိုတိုစတန်းခေါ် ဓာတ်ပုံမှန်ဘောင်လေး ပြုတ်ကျနေတာ တွေ့ရသဖြင့် ပြန်ကောက်ယူကာ ထောင်လိုက်ရ၏။ ဓာတ်ပုံက သူနှင့် ဝတ်မှုံ ယယ်ယယ်က ရိုက်ကူးထားသော ဓာတ်ပုံ။ ဒီဓာတ်ပုံက ဘာကြောင့် အောက်ပြုတ်ကျရသနည်း။ ပြတင်းတံခါးလည်း ပိတ်ထားသဖြင့် လေတိုးကာ ပြုတ်ကျခြင်း မဖြစ်နိုင်။ တစ်စုံတစ်ယောက်က ရည်ရွယ်ကာ လက်ဖြင့်ပုတ်ချမချင်း ကျနိုင်စရာ အကြောင်းမရှိ။

တစ်ခုခုတော့ တစ်ခုခုပဲ။ ထူးခြားသလိုတော့ ရှိ၏။ တောက်တဲ့တစ်ကောင်၏ စုပ်ထိုးသံက တိတ်ဆိတ်သောညယံကို ဖောက်ထွင်းကာ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပြန်ပြီ။

သူ့စိတ်ထဲတွင် ဤအခန်းထဲ၌ သူ့အပြင် တစ်စုံတစ်ယောက်ရှိနေသလို ခံစားနေရ၏။ တကယ်လို့ ရှိနေတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com


ဤလူမှာ တခြားသူမဟုတ်ဘဲ ကွယ်လွန်သွားသော သူ့သူငယ်ချင်း ဝတ်မှုံသာ ဖြစ်ရပေမည်။

'ဝတ်မှုံ'

သူက တိုးတိုးလေး ရေရွတ်လိုက်၏။ ဒါမှမဟုတ် ဝတ်မှုံကို တိုးတိုးကလေး ခေါ်ကြည့်ခြင်းဖြစ်သည်။ မိုက်မဲရာ ဆော့ ကျသည်။ တမလွန်ကို ရောက်နေသူတစ်ယောက်က သူ့ခေါ်သံကို ကြားနိုင်ပါ့မလား။ ကြားသည့်တိုင်အောင် ပြန် ထူးနိုင်မလား။ ထူးသည့်တိုင်အောင် ဤထူးသံကို ကြားနိုင်လေ မလား။

'ဝတ်မှုံ၊ ဝတ်မှုံ··· နင် ရှိနေသလားဟင်၊ နင်ရှိနေ တယ်ဆိုတာ ငါ သိနေပါတယ်'

အခန်းထဲတွင် လေပွေတစ်ချက် ဝှေ့ဝဲတိုက်ခတ်သွား သည်။ ဘယ်ကဝင်ရောက်လာသည့် လေပွေလဲ။ စားပွဲပေါ်တွင် တင်ထားသည့်စာအုပ်ပင် ပွင့်သွားကာ စက္ကူတွေက လေတိုး သဖြင့် တဖျတ်ဖျတ်လန်သွား၏။ သူလည်း ရုတ်တရက် ကြက်သီးမွေးညင်း ဖျန်းခနဲထသွား၏။ ဒီတော့မှ ကြောက်စိတ် ဝင်လာသည်။ ဝတ်မှုံသည် သူနှင့် သူငယ်ချင်းဆိုသော်လည်း


www.burmeseclassic.com

www.burmeseclassic.com



ဘဝချင်း ခြားခဲ့ပြီပဲ။ ဒီအချိန်မှာတော့ ကိုယ့်ဘဝနှင့်ကိုယ်
နေဖို့ သင့်တော်သည်။

ယခုအချိန်အထိ ဝတ်မှုံက ဘာကြောင့် သူ့ကို အထော
အရှား အရိပ်အရောင်မပြခဲ့သေးတာလဲ။ သူ ကြားဖူးတာ
နာနာဘာဝဆိုတာတွေဟာ လူမြင်မခံဝံ့လောက်အောင် ရုပ်ဆ
အင်္ဂါ ဆိုးဝါးလှသည်ဟု ဆိုသည်။ ဒါကြောင့် သူ ထိတ်
မှာစိုးကာ မပြခြင်း ဖြစ်ပုံရ၏။ ပြီးတော့ ဝတ်မှုံက အင်မတ
အလှကြိုက်တတ်သူ။ သူ့ကို လှလှပပပဲ မြင်စေချင်ပုံရ၏

မြသိင်္ဂီက အိပ်ရာပေါ်ပြန်လှဲကာ အိပ်ပျော်အောင်
ကြိုးစားသည်။ မီးလင်းနေသောကြောင့်ဟု ဆင်ကာ မီးလုံး
ပိတ်ပစ်လိုက်၏။ မှောင်ထဲတွင် လှုပ်ရှားနေသော အသံမျိုး
ကြားရသည်။ အခန်းထဲတွင် လမ်းလျှောက်နေသော ခြေ
တဖျတ်ဖျတ်။ မြသိင်္ဂီက မျက်လုံးဖွင့်မကြည့်တော့။ အခန်းထ
မှာ ဝတ်မှုံ ရှိချင် ရှိနေပေလိမ့်မည်။ အထူးအဆန်းမဟုတ်

သူ အိပ်ပျော်၍သွားသည်။

ဘယ်လောက်ကြာသွားသည် မသိ။ ခြေဖျားဘက်
လှုပ်ရှားမှုကြောင့် နိုး၍လာသည်။ သူ့ခြေမှာ နွေး၍နေ၏

www.burmeseclassic.com



သူ့ကျောတွင် တစ်စုံတစ်ယောက်သည် အသားချင်းထိအောင် ကပ်လျက် လဲလျောင်းနေ၏။ ဘယ်သူ ဖြစ်နိုင်မှာလဲ။ သူ့ကိုယ်ကို အသာအယာ နောက်လှည့်လိုက်၏။

သက်တူရွယ်တူ မိန်းကလေးတစ်ယောက်။

ဝတ်မှုံ။

'ဝတ်မှုံ'

သူ့နှုတ်က တီးတိုးထွက်သွား၏။ ကျောပေးအိပ်နေသူက နိုး၍လာဟန်တူ၏။ သူ့ဘက်ကို ဖြည်းဖြည်းချင်း လှည့်လာ၏။ ဝတ်မှုံ၏ မျက်နှာကို အနီးကပ်မြင်လိုက်ရသည်။ ထိုမျက်နှာက ထိတ်လန့်ချောက်ချားစရာ ကောင်းလှသည်။ ကားတိုက်မှုဒဏ်ကြောင့် ဝတ်မှုံ၏ ခေါင်းမှာ အတွင်းကို တစ်ဝက်နီးပါး ချိုင့်ခွက်ဝင်နေ၏။ ထိုအထဲမှ မျက်လုံးတစ်ဖက်မှာ အပြင်သို့ တွဲလောင်းကျနေသေး၏။ သွေးတွေက မျက်နှာတစ်ခုလုံး မြင်မကောင်းအောင် စွန်းကွက်ပေလူးနေ၏။

မြသီဂီက ကြောက်လန့်တကြားအော်ကာ အိပ်ရာမှ ထထိုင်လိုက်သည်။ သူသည် ရင်ထိတ်စရာ အိပ်မက်ဆိုးကို မြင်မက်နေခြင်းဖြစ်ကြောင်း သိလိုက်ရ၏။ သူ့အသားတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ရှိမနေ။ အပြင်တွင် မိုးစင်စင်လင်းနေပြီ။ မှန်ပြတင်းပေါက်မှ နေရောင်က အခန်းတွင်း ကြမ်းပြင်ပေါ် စူးစူးထိန်ထိန်ကျရောက်နေ၏။

သူ အခန်းထဲက ထွက်လာခဲ့တော့…

မီးဖိုခန်းထဲတွင် ကော်ဖီပွဲပြင်နေသော ဒေါ်ခင်ခင်ကြီးကို တွေ့ရ၏။

'နေတောင်ထွက်နေပြီ၊ သမီးကို ဘာလို့မနှိုးတာလဲ'

'ခရီးပန်းလာတာပဲ၊ အိပ်ချင် အိပ်ပါစေဆို ထားလိုက်တာ'

လက်ဖက်ရည်သောက်ပြီးတော့ ခြံထဲဆင်းခဲ့သည်။ ခြံထောင့်က သစ်ပင်ကြီးအောက်တွင် သူတို့ငယ်ငယ်က စီးခဲ့သော ဒန်းကလေးကို ယခင်ကလိုပင် မြင်ရ၏။ သူနှင့် ဝတ်မှုံ တစ်လှည့်စီထိုင်ကာ စီးကြ၏။ တစ်ယောက်က စီးလျှင် ကျန်တစ်ယောက်က လွှဲပေးရ၏။

မြသီဂီက ဖြည်းဖြည်းသာ လွှဲစေ၏။ ဝတ်မှုံကတော့ ခပ်ပြင်းပြင်း တအားလွှဲမှ ကြိုက်၏။ ဤအကျင့်စရိုက်ကြီးသည်အထိပါကာ ကားကို အရှိန်ပြင်းပြင်း မြန်မြန်မောင်းရမှ…



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်စုံတစ်ခု လာမှန်၏။ မှန်ပြီး ထိုအရာက မြေပေါ် ကျသွားသည်။ ကြည့်လိုက်တော့ ထင်းရှူးသီးခြောက် အလေးတစ်ခု။ အပင်ပေါ်က ကြွေကျလာခြင်း မဖြစ်နိုင်။ ဒန်းဆင်ထားသည့်အပင်က ခရေပင်ကြီးတစ်ပင် ဖြစ်သည်။ ငြိမ်းစားနေစဉ်မှာပင် ထင်းရှူးသီးခြောက်တစ်လုံးက လာမှန်ပြန် ၏။

ရုတ်တရက် မြသီင်္ဂီ လန့်လာသည်။ သူ့ဒန်းကို မိမိ စီးနေတာ မကျေနပ်သဖြင့် ဝတ်မှုံက အနှောင့်အယှက်ပေးနေ သလား။

ထို့ကြောင့် လွှဲနေသောဒန်းကို ရပ်ပစ်လိုက်ကာ ထိုင်ရာ က ထရပ်လိုက်၏။

ဒီတော့မှ ရယ်သံကြားရကာ အနီးရှိ ခြံစည်းရိုးတစ်ဖက် မှ ထိုင်ဘွား ပေါ်လာ၏။

'ဆောရီးပဲ... လန့်သွားသလား'

သူက ပုန်းကွယ်ကာ ထင်းရှူးသီးခြောက်လေးများဖြင့် ပစ်ရင်း နောက်ပြောင်နေခြင်းဖြစ်၏။ အခုမှ မြသီင်္ဂီ ပြုံးချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်ပဲ ဝတ်မှုံက နေခင်းကြောင်တောင် ခြောက် လှန့်နေသည်ထင်ကာ ကြောက်လန့်သွားမိ၏။

'မင်း ပျင်းနေမလားလို့ လာခေါ်တာ၊ မြို့လယ်မှာ ဟမ်ဘာဂါ သွားစားရအောင်'

ဆိုတော့ မြသီဂီ မျက်လုံးပြူးသွားသည်။

'ဒီမြို့သေးသေးလေးမှာ ဟမ်ဘာဂါရှိတယ် ဟုတ်လား'

ဟုပင် တအံ့တသြ မေးမိ၏။ ဒါမျိုးက သူတို့နေထိုင် ရာ ရန်ကုန်လို မြို့ကြီးတွင်မှာသာ ရှိတတ်သည် မဟုတ်လား။ လှိုင်ဘွားက…

'အထင်မသေးပါနဲ့၊ ဟမ်ဘာဂါတင် မဟုတ်ဘူး၊ ဆင် ဒဝစ်တို့၊ ဟော့ဒေါ့တို့လည်း ရှိတယ်၊ ကိုရီးယား ပဲခေါက်ဆွဲတောင် ရတယ်'

လှိုင်ဘွား၏ ကားကလေးဖြင့် မြို့လယ်ထွက်ခဲ့ကြသည်။ မြို့လယ်ရှိ လမ်းမတော်လမ်းသည်ကား သူတို့မြို့တွင် အစောဆုံးနှင့် အကျယ်ဆုံးလမ်းပင် ဖြစ်သည်။ အဝေးပြေးကားများ သည် ဤလမ်းမှပင်မောင်းကာ သူတို့မြို့ကို ဖြတ်သွားကြ သည်။



www.burmeseclassic.com

ဤလမ်းပေါ်တွင်ပင် တစ်ခုတည်းသော မြို့မဈေးကြီး ရှိသည်။ ဈေးတစ်ပိုက်ကား ဤမြို့၏ အစည်ကားဆုံးဒေသ ဖြစ်သည်။ စားသောက်ဆိုင်တွေ၊ အထည်ဆိုင်တွေ၊ စတိုးဆိုင် တွေ ပြည့်ကျပ်ကာ မျက်နှာချင်းဆိုင် တည်ရှိနေကြသည်။

ဆိုင်ကလေးမှာ အတော်ပင် သပ်ရပ်ခန့်ညားလေသည်။ စားသည်ကြီး ဈေးကြီးကော်ဖီအမျိုးမျိုးနှင့် ဥရောပသရေစာတချို့ ကို ရနိုင်သည်။ ဆိုင်ထဲမှာထိုင်မိတော့ မြသီဂီက ဘူနာငါးနှင့် လုပ်ထားသော ဆင်းဒဝစ်တစ်ပွဲ မှာလိုက်၏။ လှိုင်ဘွားက ကော်ပချိန် အမြှုပ်ကော်ဖီတစ်ခွက် မှာ၏။

'သီဂီ သိချင်တာတစ်ခု ရှိတယ်'

'ဘာများလဲ'

'ကိုခိုင်ဘွားတို့ကိစ္စ'

တစ်ချက် လှိုင်ဘွားက တွေဝေနေ၏။ မြသီဂီက အားနာ ဟန်ဖြင့်...

'သီဂီ စပ်စုရာများကျသွားသလား'

ဟု တောင်းပန်တော့ လှိုင်ဘွားက ပျာပျာသလဲ...

'မဟုတ်တာ၊ ဒီကိစ္စကို သီဂီကို ပြောချင်နေတာ သီဂီ

www.burmeseclassic.com



ဆီက အကူအညီလိုချင်လို့၊ ခိုင်ဘွားတို့ကိစ္စကို သိ
တော်တော်သိထားလား'

'အန်တီခင် ပြောပြသလောက်ပေါ့'

'အပြင်က လူတွေ မသိတဲ့အချက်တချို့လည်း ရှိသေး
တယ်၊ ကိုယ် ပြောပြမယ်၊ သေသေချာချာ နားထောင်'

* * *



www.burmeseclassic.com

www.burmeseclassic.com

အောင်မြတ်ဇော် ဆုံးသောနေ့က ဦးသံတိုင်သည် မချမ်း မြတို့အိမ်ရှေ့ ရောက်လာကာ ဒေါသတကြီး ကြိမ်းဝါးခဲ့သည်။ ချမ်းမြက မျက်ရည်လည်ရွဲနှင့် အနူးအညွတ် တောင်းပန်ပါ သော်လည်း လုံးဝမကျေနပ်။

'ငါ့သားကို နင် သတ်တာ၊ ငါ့သား သေရသလို နင့် သားလည်း အသက် ၂၁ နှစ်ပြည့်တဲ့နေ့မှာ သေရမယ်'

ဤကိစ္စကို မချမ်းမြယောကျ်ား ကိုတင်မောင်ဆွေက အလေးအနက်မထား။ ချမ်းမြကိုလည်း အလေးအနက်မထားဖို့ နှစ်သိမ့်စကား ပြောခဲ့သည်။

သို့သော်…



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်ရောက်၍ အစောဆုံး အိပ်ရာမှ ထသည့် ဒေါ်ချမ်းမြက အိမ်တံခါးကို ဆွဲဖွင့်လိုက်သောအခါ…

X X + ONE

ကြက်ခြေခတ်နှစ်ခု အပေါင်းလက္ခဏာနှင့် ONE နံပါတ်တစ်ဟု ဆေးအနက်ဖြင့် ရေးခြစ်ထား၏။ ဘာအဓိပ္ပာယ်လဲ ဝေခွဲမရ။ စိတ်မြန်လက်မြန်ဖြစ်သော ကိုတင်မောင်အေးက…

'ဒါ ဟိုလူ ကိုသံတိုင်လက်ချက်ပဲ ဖြစ်ရမယ်၊ အောက်လမ်းနည်းနဲ့ တိုက်တာလား မသိဘူး၊ ငါ သွားတွေ့မေးမယ်'

ဆိုသဖြင့် ဒေါ်ချမ်းမြက ဆွဲကာ တားမြစ်ထားရသည်။ ယောကျ်ားချင်း စကားပြော အဆင်မပြေသဖြင့် ထကာရန်ဖြစ်သော် တစ်မှုမှ နှစ်မှုဖြစ်ရပေမည်။

ဘာပဲပြောပြော ဒေါ်ချမ်းမြက ကြောက်သထက် ကြောက်သွား၏။ ဒီလူကြီးက ကျိန်စာတိုက်တာပဲဖြစ်မည်ဟု ထင်သည်။ နောက်ရက်ကား အောင်မြတ်ဇော် အသည်းချသော နေ့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်တွင်မှ ထူးခြားထိတ်လန့်ဖွယ် အဖြစ်တစ်ခု ဖြစ်ပွားလာ၏။

ဦးသံတိုင် ရုတ်တရက် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခြင်း ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"မင်းကသာ မမြင်ရတာ။ အမေကတော့ ဦးသံတိုင်ဝိညာဉ်ကို အမြဲမြင်နေရတယ်၊ ဒါ ကြောင့် သွေးပျက်ပြီး အမေ အခုလိုဖြစ်သွား တာပေါ့၊ ဦးသံတိုင်ရဲ့ဝိညာဉ်က အမေ့ရဲ့စိတ် ကို ထိန်းချုပ်ထားတာ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com

## (၃) X X + ONE ၏ အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com

## (၃) X X + ONE ၏ အဓိပ္ပာယ်

ဦးသံတိုင် ကွယ်လွန်သွားသဖြင့် ဤကိစ္စမှာ တစ်ခန်း ရပ် ဇာတ်သိမ်းကောင်း သိမ်းသွားနိုင်ပါသည်။

သို့သော်...

ဦးသံတိုင်ကပဲ အစွဲအလမ်း ကြီးလေသလား။

ဒေါ်ချမ်းမြကပဲ ဥပါဒါန် ကြီးလေသလား မသိ။

ဒေါ်ချမ်းမြသည် ဦးသံတိုင်၏ဝိညာဉ်ကို သူတို့အိမ်တွင် မကြာခဏ မြင်နေရသည်ဟု ဆိုလာခြင်းဖြစ်၏။

တွေ့တိုင်း ဒေါ်ချမ်းမြက အထိတ်တလန့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျား ဦးတင်မောင်ဆွေကတော့ ခေတ်ပညာတတ်ပီပီ ဤကိစ္စတွေကို မယုံ။

'မင်း အစွဲအလမ်း ကြီးနေတာပါကွာ၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ရတတ်တယ်ဆိုတဲ့ စကားလည်း ရှိတယ်၊ သတိထားနေဦး'

ဟု သတိပေးစကား ပြောသည်။

သို့သော် ဒေါ်ချမ်းမြက ဘယ်လိုနည်းနှင့်မျှ စိတ်အေး လက်အေး မနေနိုင်။

အိမ်လာလည်သော အမျိုးသမီးမိတ်ဆွေတချို့နှင့် စကား စပ်မိသောအခါ သူတို့က··

'ဒါဆို နတ်ကတော် ဒေါ်လင်းဆီ သွားမေးကြည့်ပါ လား၊ သူက ခေါင်းစွဲပေါ်တာ၊ သိပ်မှန်တယ်'

ဟု တိုက်တွန်းကြသည်။ ဒါကြောင့် အရှေ့ဘက်အစွန် တွင်ရှိသော နတ်ကတော် ဒေါ်လင်းဆီ ဒေါ်ချမ်းမြ ရောက်ခဲ့ ရလေသည်။ သူက ဘာမျှထူးထူးခြားခြား မမေးရသေးခင် သူ့ကို မြင်သည်နှင့် ဒေါ်လင်းက···

'ဒုက္ခတွေ့နေပြီ မဟုတ်လား၊ နောက်နေ့ ဒီထက်ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေဦးမယ်၊ မင်းကို နှောင့်ယှက်နေတာ သာမန်
မဟုတ်ဘူး'

'ရှင်...'

'သာမန်မဟုတ်ဘူးဆိုတာ ဝိညာဉ်လို့ ပြောတာ'

နတ်ကတော် ဒေါ်လင်းမှာ အသက် ၅၀ ကျော်ခန့်ရှိကာ ညည်းမည်းပိန်ပိန်ခြောက်ခြောက်၊ အရုပ်ဆိုးဆိုးမိန်းမကြီး ဖြစ်သည်။

နှာခေါင်းချွန်ချွန်ကောက်ကောက်ကြီးအပြင် မျက်လုံးနှစ်လုံးကလည်း စွေနေသေး၏။ အရုပ်အမောင်းကလည်း မိန်းမတွေထဲတွင် တော်တော်ပင်ရှားမည်ဟု ဆိုရလောက်အောင် ခြောက်ပေနီးပါး မြင့်မားနေ၏။

အရိုးခေါင်းပေါ်မှာ တွေ့ရသည့်

X X + ONE

ဆိုသော စာလုံးများနှင့်ပတ်သက်၍မူ ဒေါ်လင်းက...

'ရှေ့ကနှစ်လုံးဟာ အင်္ဂလိပ်စာလုံး X မဟုတ်ဘူး'

'ဒါဆို အမှားရဲ့သင်္ကေတ ကြက်ခြေခတ်လား'

'ဒါလည်း မဟုတ်ဘူး၊ ရောမအက္ခရာ တစ်ဆယ်(10)



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ XX ဆိုတော့ နှစ်ဆယ် +ONE ဆို တစ်နဲ့ပေါင်း
နိုင်းတာ၊ နှစ်ဆယ့်တစ်ပေါ့'

ထိုစကား ကြားလိုက်ရသောအခါ ဒေါ်ချမ်းမြသည် လိပ်ပြာလွင့်စဉ်မတတ် ဖြစ်၍သွားသည်။ သူ့သားအကြီး နိုင်ဘွားကို ၂၁ နှစ်ပြည့်လျှင် သတ်မည်ဟု ဦးသံတိုင် ကြိမ်းဝါး ခဲ့တာ အမှတ်ရလေ၏။

ထိုနတ်ကတော် ဒေါ်လင်း အိမ်က ပြန်လာပြီးကတည်း က ဒေါ်ချမ်းမြ အခြေအနေမှာ ပိုဆိုးလာ၏။

ဦးတင်မောင်ဆွေက...

'မင်း ယုံကြည်သလို အန္တရာယ်ရှိနေတယ်ဆိုရင်လည်း ဒီကိစ္စက အဝေးကြီးလိုပါသေးတယ်ကွာ၊ မင်းက ဘာလို့ ဒီလောက်ပူပန်နေရတာလဲ'

ဟု ပြောသော်လည်း မရ။

ဦးသံတိုင် ကွယ်လွန်ပြီး တစ်နှစ်မြောက်သောနေ့တွင် အိမ်ခေါင်မိုးပေါ်တက်ကာ အမိုးပြင်နေသော ဦးတင်မောင်ဆွေ သည် အမိုးပေါ်မှ ခြေချော်ကျကာ ကွယ်လွန်သွားပြန်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com


အများက မတော်တဆဟု မြင်သော်လည်း ဒေါ်ချမ်းမြ အတော့် ဦးသံတိုင်တစ္ဆေ တွန်းချခြင်းသာ ဖြစ်မည်ဟု ယူဆနေသေတော့သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

'အဲဒီအချိန်က အမေဟာ ရူးသွပ်သလိုဖြစ်သွားတယ်၊ ရန်ကုန်က စိတ်ကျန်းမာရေး အထူးကုဆေးရုံကို ပို့ထား ရတယ်၊ အဲဒီမှာ သုံးနှစ်လောက် ကြာတယ်၊ အိမ်ပြန် ရောက်လာတော့ လုံးလုံးကောင်းမလာဘူး၊ ပြတင်း ပေါက်ကနေ တစ်ကိုယ်တည်းထိုင်ပြီး အပြင်ကို ငေးနေ တာပဲ၊ ဘယ်သူနဲ့မှလည်း စကားမပြောတော့ဘူး'

လှိုင်ဘွားက မြသီဂီကို ရှည်ရှည်ဝေးဝေးပင် ရှင်းပြနေ လေသည်။

မြသီဂီက...

'ကိုခိုင်ဘွား အခြေအနေကရော'



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ လှိုင်ဘွားက ခေတ္တမျှ ငြိမ်သက်နေ ပြီး…

'အင်း… သူကလည်း ပုံမှန်နဲ့ မတူဘူး'

'ဘာဖြစ်လို့လဲ'

'သူက အခန်းထဲမှာပဲ အနေများတယ်၊ အပြင်ကိုထွက်ခဲ တယ်၊ သူ သွားတဲ့တစ်နေရာက မြို့လယ်စာအုပ်ဆိုင် နဲ့ စာကြည့်တိုက်ပဲ ရှိတယ်၊ သူ့အခန်းထဲကို ဘယ်သူမှ ဝင်ခွင့်မပေးဘူး၊ တစ်ရက်တော့ သူ မရှိတုန်း သူ့အခန်း ထဲ ဝင်ကြည့်တော့…

အထဲတွင် စာအုပ်တွေက တောင်ပုံရာပုံ။ အားလုံးမှာ ဘာသာခြင်းတရားနှင့် ပတ်သက်သော၊ တစ္ဆေသရဲနှင့်ပတ်သက် သော၊ ဝိဉာဉ်လောကနှင့် ပရလောကနှင့်ပတ်သက်သော စာအုပ် စာတမ်းတွေ ဖြစ်နေသည်။ ထိုအကြောင်း ရေးထားသော စာအုပ်တွေထဲမှ သူ့အတွက် အရေးကြီးသော စာလုံးများ၊ ရုပ်ပုံ များကို မင်္ဂဇင်း၊ ဂျာနယ်စာအုပ်တွေထဲမှဖြတ်ကာ နံရံလုံးပြည့်လု နီးပါး ကော်နဲ့ကပ်ထား၏။

လှိုင်ဘွားက လျှောက်ကြည့်နေစဉ် နောက်မှ ခိုင်ဘွား



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာကာ သူ့ကိုတွေ့တော့ ဒေါသဖြစ်သောလေသံဖြင့်…

'မင်း ဘာလုပ်တာလဲ'

'ဒါ တို့အိမ်ပဲလေ၊ ခွင့်ပြုချက် လိုလို့လား'

'ဒါက ငါ့အခန်းလေ၊ မင်း ဘာလာလုပ်တာလဲ'

'အဲဒါက မင်းကို ငါက မေးရမယ့် မေးခွန်းပဲ နိုင်ဘွား၊ မင်း ဘာတွေလုပ်နေတာလဲ'

သူတို့ညီအစ်ကိုနှစ်ယောက်မှာ အသက် (၂)နှစ်သာကွာသော အထက်အောက်တွေ ဖြစ်သဖြင့် မင်း၊ ငါဖြင့်ပင် စကားပြောကြသည်။

'မင်း မမြင်ဘူးလား'

'မြင်တယ်လေ၊ ငါ နားမလည်နိုင်လို့ မေးနေတာ'

'ငါ စာရွေ့သရဲတွေအကြောင်း၊ ဝိညာဉ်လောက ပရလောကအကြောင်း၊ ကျိန်စာတွေအကြောင်း လေ့လာနေတာ'

'ဘာရည်ရွယ်ချက်နဲ့လဲ'

'ငါ့ကိုယ်ငါ ကယ်တင်ဖို့၊ ငါက မင်းလို မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အသက် ၂၁ နှစ်ပြည့်ရင် တမလွန်ရောက်နေတဲ့ လူတစ်ယောက်ရဲ့ ကလဲ့စားချေခြင်းကို ခံရမယ့်လူ၊ အဲဒီအဖြစ်ကို ကာကွယ်နိုင်ဖို့ဆိုရင် ဒီတမလွန်လောကဝိညာဉ်လောကဆိုတာတွေကို ကောင်းကောင်းသိမှဖြစ်မယ်၊ ဒါကြောင့် ဒါတွေကို ငါ အိပ်ချိန်၊ စားချိန်တလွဲပြီး ဒီအလုပ်တွေ လုပ်နေတာပဲ လှိုင်ဘွား' လှိုင်ဘွား သူ့အစ်ကိုကို အပြစ်တင်ချင်စိတ် မပေါ်တော့။ ...ကြင်နာစိတ်သာ ပေါ်လာသည်။ ယုတ္တိမရှိတာ သဘာဝ...တာတွေ ဘေးဖယ်ထား။ လူဆိုတာ ရေနစ်နေလျှင် ...တ်ရိုးတစ်မျှင်ကိုပင် အားကိုးရာသဖွယ် ထင်မှတ်တတ်... မဟုတ်ပါလား။ ...နားထောင်နေရသော မြသီဂီပါ စာနာစိတ် ဖြစ်ပေါ်လာ...

'သူက ဘယ်တော့ ၂၁ နှစ်ပြည့်မှာလဲဟင်'

'နောက်နှစ်ရက်နေရင်၊ လာမယ့် တနင်္လာနေ့'

'ဟင်... သိပ်နီးနေပါလား'

'ဟုတ်တယ်၊ ဒါကြောင့် သူ့ ဆောက်တည်ရာမရဖြစ်နေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'တို့ သူ့ကို ဘယ်လိုကူညီနိုင်မလဲ'

မြသီဂီက မေးလိုက်တော့ လှိုင်ဘွားက ခေါင်းခါပြ သည်။

မြသီဂီက...

'သတိရပြီ၊ ဟိုနတ်ကတော်ကြီး ဒေါ်လင်းဆီ အကူ အညီသွားတောင်းရင်ရော'

'သူ မရှိတော့ဘူး'

လှိုင်ဘွားက ပြောလိုက်သည်။

'တို့အမေ အခုလိုဖြစ်သွားတာ သူပြောလိုက်လို့ဆိုပြီး တစ်မြို့လုံးက ဝိုင်းအပြစ်တင်ကြတယ်၊ ဒါကြောင့် နောက်တစ်နှစ် စခန်းသာကို ပြောင်းသွားတယ်၊ လွန်ခဲ့ တဲ့ သုံးနှစ်လောက်ကတော့ စခန်းသာမြို့မှာပဲ ကွယ်လွန် သွားပြီလို့ ကြားလိုက်ရတယ်'

ထိုစကားကြောင့် လမ်းစပြတ်၍သွားသည်။ သို့သော် လှိုင်ဘွားနှင့်အတူ မြသီဂီက အိမ်လိုက်သွား၏။ နိုင်ဘွားတို့ တွေ့ကာ အားပေးစကားတော့ ပြောနိုင်မည် မဟုတ်လား။ ပထမဦးစွာ လှိုင်ဘွားက သူ့အမေနှင့် ဆုံပေးသည်။ ပိန်ပိန်



www.burmeseclassic.com

www.burmeseclassic.com



နီးမကြီးတစ်ယောက်။ မျက်တွင်းဟောက်ပက်နှင့်။ စိတ်မချမ်းမြေ့မှုကြောင့်ပေလား မသိ။

သူ့ခေါင်းက ဆံပင်တွေက အရွယ်နှင့်မလိုက်အောင် ဖြူနေသည်။ ပြတင်းပေါက်အနီးရှိ ခုံတစ်လုံးတွင် ထိုင်ကာ အပြင်ကို ကြောင်တောင်တောင် မျက်လုံးများဖြင့် ငေးကြည့်နေ၏။

လှိုင်ဘွားက အနီးတွင် ရပ်ကာ…

'အမေ… ဒါက မြသီဂီပဲ၊ ကျွန်တော့်သူငယ်ချင်းပါ'

ဟု မိတ်ဆက်ပေးတော့ တစ်ချက်လှည့်ကြည့်ကာ ခေါင်းတစ်ချက် ညိတ်ပြ၏။ ပြီးတော့ ပြတင်းပေါက်ဘက် ပြန်လှည့်သွားကာ ငေးမြဲငေးနေတော့သည်။ လှိုင်ဘွားက…

'မင်းကို သူ အသိအမှတ်ပြုတယ်၊ သူ့မျက်လုံးထဲမှာ အရိပ်အရောင်တွေ တွေ့လိုက်ရတယ်'

ဟု ဆိုသည်။ ပြီးတော့ အပေါ်ထပ်တက်သွားကာ အခန်းတစ်ခန်းရှေ့တွင် ရပ်ရင်း…

'အဲဒါ ခိုင်ဘွား အခန်းပဲ'

ဟု ပြောရင်း အခန်းတံခါးကို ခေါက်လိုက်၏။ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင် တံခါးဖွင့်လာကာ တံခါးဝတွင် လူငယ်တစ်ယောက် ပေါ်လာ၏။ ထိုသူက လှိုင်ဘွားနှင့် ရုပ်ချင်းအတော်ပင် ဆင်ဆင် သည်။

သို့သော် အရပ်က လှိုင်ဘွားထက် ပိုပုကာ အသားအရေလည်း ညိုတိုတို ဖြစ်နေ၏။ သူ့မျက်နှာမှာ မဖြီးဘဲထားသော ဆံပင်ရှည် ဖရိုဖရဲနှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ကျိုးတိုး ကျဲတဲကြောင့် ညှင်းသိုးသိုးပုံစံ ပေါက်နေ၏။ သူ့မျက်လုံးတွေ ကလည်း နှစ်ရှည်လများ အိပ်ရေးပျက်ထားသူလို ကြောင်စီစီ နှင့် မှုန်ဝေရီနေသည်။

လှိုင်ဘွားက…

'ဒါ မြသီဂီတဲ့၊ တို့ငယ်ငယ်က ဆုံဖူးတယ်၊ ဒီမြို့ကို အလည်လာတာ'

ဟု မိတ်ဆက်ပေးတော့ ဘိုဆန်ဆန် လက်ကမ်းပေးကာ နှုတ်ဆက်၏။

'တွေ့ရတာ ဝမ်းသာပါတယ်'

သို့သော် သူ့မျက်နှာက ဝမ်းသာပုံမရ။ မျက်မှိုမျက်နှာ ပျက်နေ၍ လှိုင်ဘွားက…



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာဖြစ်နေတာလဲ'

ဟု မေးလိုက်၏။

လှိုင်ဘွားက…

'မင်းကို ငါ ပြောစရာရှိတယ်'

ဟု ပြောရင်း ဘေးက မြသီဂီကို လှည့်ကြည့်သည်။ လှိုင်ဘွားက…

'မင်း သူ့ရှေ့မှာ ပြောစရာရှိတာ အကုန်ပြောနိုင်တယ်၊ သူက တို့ကို ကူညီမလို့ လိုက်လာတာ'

ဟု ပြောလိုက်၏။ မြသီဂီက…

'တို့ အထဲဝင်လို့ ရမလား'

ဟု ခွင့်တောင်းတော့ ခိုင်ဘွားက တံခါးဝတွင် ပိတ်ရပ်နေရာက ဖယ်ပေးလိုက်သည်။ လှိုင်ဘွား ခေါင်းဆောင်ကာ အခန်းထဲဝင်သွားကြသည်။ တကယ်ပင် သူ့အခန်းမှာ လှိုင်ဘွား ပြောခဲ့သလို ရှုပ်ပွနေ၏။

နံရံတွင်လည်း ဂျာနယ်မဂ္ဂဇင်းများမှ ဖြတ်ထားပုံရသော စက္ကူများကို အပြည့်ကပ်ထား၏။ မြသီဂီက အခန်းကို စိတ်ဝင်တစား လှည့်ပတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လှောင်ပြောင်ရှုတ်ချချင်သည့်ပုံ မပေါ်သဖြင့် နိုင်ဘွားက ကျေနပ်သွားဟန်တူ၏။ စာအုပ်များမှာ ပရလောက ဝိညာဉ်တွေအကြောင်း၊ ပြုစားခြင်း၊ ကျိန်စာ၊ ပယောဂဆိုင်ရာ စာအုပ်တွေ ဖြစ်နေသည်။

'တစ္ဆေသရဲဆိုတာ မင်း ယုံသလား'

နိုင်ဘွားက မေးလိုက်သည်။

မြသီဂီက…

'ဘုရားဟောတာပဲ၊ ၃၁ ဘုံနယ်က ပြိတ္တာဘုံသားတွေ ပဲ၊ ပြီးတော့ ဒီအိမ်ကိုရောက်မှ ဆုံးသွားတဲ့ ဝတ်မှုံရဲ့ ဝိညာဉ်ကို တွေ့ခဲ့တယ်'

'ဒီကောင်ကတော့ မယုံဘူးတဲ့'

ဟု လှိုင်ဘွားကို ရည်ညွှန်းကာ ပြောသည်။ လှိုင်ဘွား က…

'ဦးသံတိုင်က သေသွားပြီ၊ သေသွားတဲ့လူက မင်းကို ဘာလာလုပ်နိုင်မှာလဲ နိုင်ဘွား'

ဟု စိတ်ပျက်လက်ပျက်ပုံစံဖြင့် ပြောလိုက်သည်။

'လုပ်နိုင်တာတွေ အများကြီးပေါ့ကွ၊ အခု သေရတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီတစ္ဆေ တွန်းချလို့လို့ အမေက ပြောတာပဲ'

လှိုင်ဘွားက သက်ပြင်းချကာ…

'ဘယ်သူကမှ မြင်တာမဟုတ်ပါဘူးကွာ၊ အမေက ထင်တာမြင်တာ ပြောနေတာ၊ မင်းလည်း အမေ့အကြောင်း အသိသားနဲ့'

'မင်းကသာ မမြင်ရတာ၊ အမေကတော့ ဦးသံတိုင် ဝိညာဉ်ကို အမြဲမြင်နေရတယ်။ ဒါကြောင့် သွေးပျက် ပြီး အမေ အခုလိုဖြစ်သွားတာပေါ့၊ ဦးသံတိုင်ရဲ့ ဝိညာဉ် က အမေ့ရဲ့စိတ်ကို ထိန်းချုပ်ထားတာ ဖြစ်ရမယ်၊ နောက်တစ်မျိုး ရှိသေးတယ်'

'ဘာလဲ'

'ဦးသံတိုင်ရဲ့ ဝိညာဉ်က တစ်ယောက်ယောက်ကို ပူးကပ် ပြီး ငါ့ကို လာသတ်မှာပဲ'

လှိုင်ဘွားက ရယ်ကာ…

'မင်း စာအုပ်တွေဖတ်ပြီး စိတ်ကူးသိပ်ယဉ်နေပြီထင် တယ်၊ မင်းပဲ တနင်္ဂနွေနေ့ကျရင် ဒီမြို့ကထွက်သွားပြီ နေမယ်ဆို၊ မွေးနေ့ကျော်မှ ပြန်လာမယ်ဆိုတဲ့ အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသားပဲ၊ အဲဒီလောက် ဝေးဝေးတော့ ဝိညာဉ်က
လိုက်ဒုက္ခမပေးနိုင်ပါဘူး’
ဟု ပြောလိုက်၏။
နိုင်ဘွားက…
‘ငါ မသွားတော့ဘူး’
‘ဘာဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ’
‘ငါ ထွက်ပြေးရင် တစ်ကိုယ်ကောင်းဆန်ရာ ရောက်
မယ်၊ ဒီမှာ ငါ မရှိရင် ငါ့ကိုယ်စား အမေ သေရလိမ့်
မယ်’
‘မဖြစ်နိုင်ဘူး’
‘မဖြစ်နိုင်ဘူး မပြောနဲ့၊ အဖေလည်း ဒီလိုနဲ့ သေခဲ့ပြီ
မဟုတ်လား’

လှိုင်ဘွားက ဘယ်လိုမှ ပြောမရ။ နိုင်ဘွားက တထစ်ချ
ဒီလို နိုင်နိုင်မာမာ ယုံကြည်နေ၏။ နိုင်ဘွား ဆက်ပြောသည်ကို
ကြားရသော စကားက ပို၍ဆန်းကြယ်နေ၏။

‘ငါ့ဆီကို ဒေါသင်းဆိုတဲ့ မိန်းမကြီးက မနက်တိုင်း ဖုန်း
ဆက်တယ်’



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သင်း… ဟုတ်လား၊ သူက ဘယ်သူလဲ'

'သူက နတ်ကတော် ဒေါ်လင်းရဲ့ ညီမတဲ့'

မြသိဂီက ဤကိစ္စကို လိုင်ဘွား ပြောပြသဖြင့် သိသင့်သလောက် သိထားသည်။ ဤနတ်ကတော်ကြီး ဒေါ်လင်းက ခေါ်ချမ်းမြကို ဗေဒင်ဟောခဲ့သည်။ နောက်တော့ ဒီမြို့က ထွက်သွားသည်။ စခန်းသာမှာပင် ကွယ်လွန်သွားခဲ့ပြီဟု ကြားခဲ့ရ၏။ အခု…

'အဲဒီ ဒေါ်သင်းကလည်း စခန်းသာကနေ ဖုန်းဆက်တာ၊ မင်း ၂၁ နှစ်ပြည့်တဲ့နေ့ရောက်ရင် ဦးသံတိုင်က ဆက်ဆက်လာပြီး ကလေ့စားချေလိမ့်မယ်တဲ့'

'သူက ဒီကိစ္စတွေကို သူ့အစ်မ ဒေါ်လင်းဆီက သိပါလိမ့်မယ်၊ ဒါကြောင့် မင်းဆီကို သက်သက်ဖုန်းဆက်တာ၊ ငွေတွေ ဘာတွေရော တောင်းသေးလား'

'မတောင်းဘူး၊ သူက ဒီရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ သူ့အစ်မရဲ့ ဝိညာဉ်နဲ့ သူ အိပ်မက်ထဲမှာ တွေ့ရတယ်၊ သူ့အစ်မက မင်းကို သတိပေးလိုက်ပါပြောလို့ ပြောရတာတဲ့၊ မင်း ၂၁ နှစ်ပြည့်တဲ့နေ့ အိမ်မှာပဲနေပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကနေ ဘယ်ကိုမှ မသွားပါနဲ့တဲ့၊ အရေးကြီးတာ
ဒီလူကြီးရဲ့ရန်က 'ငါ့ကိုယ်ငါ ဘယ်လိုကာကွယ်ရမလဲ
ငါ့အမေကိုရော ဘယ်လိုကာကွယ်ရမလဲ'

နောက်ဆုံးတော့ ဤကိစ္စကို ပြတ်ပြတ်သားသား အဖြေ
တစ်ခု ထွက်ပေါ်လာအောင် သူလည်း မစွမ်းဆောင်နိုင်ဘဲ
မြသီဂီသည် ထိုအိမ်မှ ပြန်လာခဲ့ရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဝတ်မှုံတစ်ယောက် ကောင်းရာမွန်ရာ ဘုံဌာနကို ရောက်ရှိသွားလေပြီလား။ သို့သော် မျက်နှာကတော့ ရွှင်ရွှင်ပျပျ မရှိလှ။ သူ့ကိုလည်း..

"နှင် ဒီနေရာက အမြန်ဆုံးထွက်သွားပေတော့ မြသီဂီ၊ နှင့်ကို အန္တရာယ်တွေ ကျရောက်လာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

# (၄) လှုဝင်စားလေး အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com

## (၄) လူဝင်စားလေး အန္တရာယ်

လရောင်က ခြံဝင်းထဲကို ဖြာကျနေသဖြင့် ညသည် င်းဝါကာ လှပလျက်ရှိသည်။ ကောင်းကင်က ကြည်ကြည် င်လင်ရှိသော်လည်း မြသီဂီ စိတ်တွေက မကြည်လင်။ ိုင်ဘွားကိစ္စက သူ့ခေါင်းထဲမှ ဘယ်လိုမှ ထုတ်ပယ်ပစ်လို့ ရ။

သူ တကယ်ပဲ ကူညီချင်ပါသည်။ သို့သော် ဘယ်လို ကူညီရမလဲ ဝေခွဲမရ။ တစ်ခုစဉ်းစားမိသည်။ ဘုရား တရား တော်တွေက တစ္ဆေသရဲတွေကို နိုင်တယ်လို့ ကြားဖူးသည်။ သူ့အမေ သင်ပေးထားသဖြင့် ပရိတ်ကြီး ၁၁ သုတ်ကို သူ



www.burmeseclassic.com

www.burmeseclassic.com


ရှုတ်တတ်၏။ အလွတ်တော့ မရ။ စာအုပ်ကြည့်ရှုတ်ရလျှင် ကောင်းကောင်းရှုတ်နိုင်သည်။ အဲဒီနေ့ကို သူနဲ့ လှိုင်ဘွားက နိုင်ဘွားနှင့် အတူတူနေကြမည်။ တနင်္လာနေ့ တစ်နေ့လုံး အန္တရာယ်ကင်းကင်းနှင့် ကျော်ဖြတ်နိုင်လျှင် ပြီးပြီ။

ဦးသံတိုင်က ၂၁ နှစ်ပြည့်တဲ့နေ့ ကလဲ့စားချေမယ်လို့ ကျိန်ဆဲခဲ့တာ မဟုတ်လား။ ဒီလို တွေးမိတော့ သူ့စိတ်က အတော်အတန် သက်သာရာရသွားခဲ့၏။ ပြတင်းဝက ရပ်ကာ ခြဲထဲလှမ်းကြည့်လိုက်၏။

လူမရှိသော ဒန်းက အရှိန်နှင့်လွှဲနေတာ မြင်ရ၏။ လေဝှိုက်လို့ လှုပ်နေတာမျိုး မဟုတ်။ လူတစ်ယောက် တက်စီး နေသလို အရှိန်ပြင်းပြင်းလွှဲနေခြင်း ဖြစ်သည်။ ဒီဒန်းက သူနှင့် ဝတ်မှုံ စီးနေကျ။

အခုလည်း ဝတ်မှုံစီးနေတာပဲ ဖြစ်ရမည်။ ဝတ်မှုံ မကျွတ် လွတ်သေးတာတော့ သေချာသည်။ ဝတ်မှုံနှင့် ပတ်သက်တဲ့ အငွေ့အသက်တွေကို သူ ခံစားနေ၏။

ည အိပ်ပျော်သွားသောအခါ အိပ်မက်ထဲတွင် ဖြိုးသီဟ သည် သူ့သူငယ်ချင်း ဝတ်မှုံကို မြင်ရပြန်သည်။ ဒီတစ်ခါ


www.burmeseclassic.com

www.burmeseclassic.com


ဘော့ ဝတ်မှုံသည် ပထမတစ်ကြိမ် မြင်စဉ်ကလို ကားတိုက်မှု ထိရာကြောင့် ရုပ်ပျက်ဆင်းပျက် မျက်နှာဖြင့် မဟုတ်။ အပြင် ထဲမှာထက်ပင် ချောမောလှပနေ၏။ ခေါင်းတွင်လည်း သန်းတွေမှန်း မသိ။ ပန်းတွေကို ဝေနေအောင် ပန်ထား သည်။ အဝတ်အစားတွေကလည်း တောက်တောက်ပြောင် ပြောင်။

ဝတ်မှုံတစ်ယောက် ကောင်းရာမွန်ရာ ဘုံဗိမာန်တစ်နေရာ ဆီ ရောက်ရှိသွားလေသလား။ သို့သော် ဝတ်မှုံ မျက်နှာက တော့ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ မရှိလှ။ သူ့ကိုလည်း…

'နင် ဒီနေရာကနေ အမြန်ဆုံးထွက်သွားပေတော့ သီဂီ၊
နင့်ကို အန္တရာယ်တွေ ကျရောက်လာလိမ့်မယ်'

ဟု ပြောနေလေသည်။

ဝတ်မှုံ စကားကို သူ နားမလည်။ သူက ဘာတွေ သလို အန္တရာယ်ကျရောက်ပါမည်နည်း။ သူတို့ တစ်လှည့်စီ စီးနေကျအတိုင်း သူက ဒန်းပေါ်တွင် ထိုင်တော့ ဝတ်မှုံ က ဒန်းလွှဲပေးသည်။ ထုံးစံအတိုင်း ဒန်းကို သူ ကြောက်မှန်း သိသဖြင့် တအားလွှဲ၏။ မြသီဂီက အော်ဟစ်ဟန့်တားသည်။


www.burmeseclassic.com

www.burmeseclassic.com


'ငါကြောက်တယ်၊ ဖြည်းဖြည်းလှဲပါ ဝတ်မှုံရဲ့'

သို့သော် မရ။ ဝတ်မှုံက တအားလှဲသည်။ ဒါနဲ့ အ
ပြင်းသထက် ပြင်းလာကာ ကြိုးကပြတ်၍ မြသီဂီ လွင့်စဉ်သွ
သည်။

ရင်ထဲတွင် သိမ့်ခနဲ၊ အေးခနဲ တစ်ချက်ဖြစ်သွား
သူ လန့်နိုးလာ၏။ နှလုံးခုန်သံက မြည်၍နေသည်။ သူ့ရင်
တွင် မီးတောက်တစ်ခု ရောက်နေသလို ပူလောင်နေ၏။

ရေထသောက်ရန် သူ ထွက်လာခဲ့သည်။ ရေအိုးစင်
မီးဖိုထဲမှာ ရှိနေသည်။ ရေအိုးစင်က ရေကို မသောက်ချင်
ရေခဲသေတ္တာထဲတွင် ထည့်ထားသော ပုလင်းထဲကရေ
သောက်နိုင်သည်။ မီးဖိုထဲကို သွားမည်ဆိုလျှင် ဒေါ်ခင်ခင်
အိပ်ခန်းရှေ့မှ ဖြတ်သွားရ၏။

အိပ်ခန်းတံခါးက ပိတ်မထားဘဲ အနည်းငယ် တစ်
ခန့် ပွင့်ဟနေသဖြင့် မြသီဂီ စိတ်ထဲတွင် ထူးဆန်းသ
ထင်မိ၏။ အရင်ကဆိုလျှင် ဒေါ်ခင်ခင်ကြီးသည် အိပ်
သူ့တံခါးကို ပိတ်ထားနေကျ ဖြစ်၏။

မီးဖိုခန်းထဲက သောက်ရေအိုးစင်မှ ရေကို သောက်


www.burmeseclassic.com

www.burmeseclassic.com


မြသီဂီသည် သူ့အခန်းဆီ ပြန်လျှောက်လာသည်။ ဒေါ်ခင်ခင်ကြီး အခန်းရှေ့က အသွားတုန်းကလိုပင် ဖြတ်လျှောက်ရ၏။ ထိုအခါ ပွင့်ဟနေသော တံခါးအကြားမှ အခန်းထဲသို့ အမှတ်မထင် ဝင်ကြည့်လိုက်သောအခါတွင်မူ…

ဒေါ်ခင်ခင်ကြီး၏ ခုတင်ပေါ်တွင် မည်သူမျှ မတွေ့ရဘဲရှိ၏။ မြသီဂီက ထူးဆန်းသည်ဟုထင်ကာ အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်သွားသည်။ ကြည့်လိုက်တော့ အခန်းထဲတွင်လည်း ဘယ်နေရာမှ ဒေါ်ခင်ခင်ကြီး ရှိမနေ။

'အန်တီခင်… အန်တီခင်…'

သူ ခေါ်ကြည့်သည်။ ထူးသံ မကြားရ။ ဧည့်ခန်းထဲထွက်လာကာ ရှာတော့လည်း မတွေ့။ မီးဖိုခန်းထဲတွင် ရှာတော့လည်း မတွေ့။

သို့သော် နောက်ဖေးတံခါး ပွင့်နေသည်ကို တွေ့လိုက်ရသဖြင့် ထိုတံခါးမှ အပြင်သို့ ထွက်လာခဲ့သည်။

'အန်တီခင်… အန်တီခင်…'

ခြံထဲတွင် အော်ခေါ်မိသည်။ အပြင်တွင် လရောင်တွေ ထိန်လင်းစွာ ဖြာကျနေ၏။ တွေ့ပါပြီ။ ခြံထောင့် ဒန်းအိုးတွင်


www.burmeseclassic.com

www.burmeseclassic.com


သူ့ကို ကျောပေးကာ ရပ်နေသော ဒေါ်ခင်ခင်ကြီး။

'အန်တီခင် ဒီမှာ ဘာလာလုပ်နေတာလဲ'

ဟု ပြောကာ မြသီဂီက အနားကပ်သွားသည်။ သို့သော် ဒေါ်ခင်ခင်ကြီးက သူ့စကားကို ကြားဟန်မတူ။ ကျောက်ရုပ်ကြီးတစ်ရုပ်လိုပင် မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်ကြီး ရပ်နေ၏။

မြသီဂီက နားမလည်နိုင်အောင်ဖြစ်နေသည်။ ထို့ကြောင့် ဒေါ်ခင်ခင်ကြီး၏ လက်မောင်းကို ကိုင်လှုပ်လိုက်ကာ…

'အန်တီခင်… အန်တီခင်'

ဟု ခေါ်လိုက်တော့မှ…

အိပ်မက်က လန့်နိုးလာသူလို ရုတ်တရက် အသိတရား ဝင်လာဟန်ဖြင့်…

'နေပါဦး… ငါက ဘာလို့ ဒီနေရာမှာ ရောက်နေရတာလဲ'

ဟု မေးနေ၏။

မြသီဂီက ကောင်းကောင်းသဘောပေါက်၍သွားသည်။ ဒီလိုလူမျိုးတွေကို သူ ကောင်းကောင်းကြားဖူးသည်။ အိပ်ရာ


www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် အိပ်မက်မက်ကာ ထယောင်၍ လမ်းလျှောက်တတ်သူများ ဖြစ်သည်။ နိုးလာတော့မှ ဘယ်ရောက်လို့ ဘယ်ရောက်နေမှန်း မသိ ဖြစ်တော့၏။

'ငါ သိပြီ၊ အရင်တုန်းကလို ဖြစ်တာပဲ'

'ဘာဖြစ်တာလဲ အန်တီခင်'

'အရင်ကလည်း နှစ်ခါ၊ သုံးခါ အိပ်ရာကနေ ယောင်ပြီး လမ်းထလျှောက်ဖူးတယ်၊ သတိပြန်ရတော့ ကိုယ့်ဟာကိုယ် ဘာဖြစ်မှန်း မသိဘူး၊ အဲဒီလိုမဖြစ်တာတောင်ကြာပြီ၊ သမီးသာ ငါ့ကို လာမခေါ်ရင် ဒီနေရာမှာ ဘယ်လောက်ကြာအောင် ရပ်နေဦးမယ် မသိဘူး' ဟုတ်သည်။

အပြင်ဘက်တွင် တောင်ပေါ်ညဗီဗီ အေးမြလှသည်။ ကြာရှည်ရပ်နေပါက သွေးခဲကာ ဒုက္ခရောက်သွားနိုင်သည်။ မြသီဂီက ဒေါ်ခင်ခင်ကြီးကို အိမ်ထဲသို့ ပြန်လည်တွဲခေါ်လာသည်။ ပြီးတော့ အိပ်ရာထဲ ပြန်လှဲသိပ်ကာ နွေးထွေးသွားအောင် ဂွမ်းစောင်တွေ ခြုံပေးခဲ့၏။

'အန်တီခင် အိပ်တော့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ သမီး၊ ဝတ်မှုံကို သတိရလိုက်တာ'

ဒေါ်ခင်ခင်ကြီးသည် ကွယ်လွန်သူ သမီးကို သတိရလာဟန်တူသည်။ မျက်ရည်တွေ ဝဲနေ၏။ မြသီဂီက အခန်းထဲက ပြန်ထွက်လာကာ တံခါးကို အသာအယာ ပြန်ပိတ်ပေးခဲ့သည်။

ညက တိတ်ဆိတ်နေသည်။ ထိုအခါ နံရံတွင် ချိတ်ဆွဲထားသည့် စိုင်ခေါင်းပြတ်၊ သမင်ခေါင်းပြတ်၊ ဝက်ဝံခေါင်းပြတ်တွေက မီးရောင်ထိန်ထိန်တွင် မြင်ရသည်မှာ ချောက်ချားစဖွယ်ကောင်းနေလေသည်။

ဤတိရစ္ဆာန်ခေါင်းများမှာ သူ့ခင်ပွန်း အမဲပစ်ရာမှ ရရှိလာသည့် သားကောင်များ၏ ခေါင်းများဖြစ်သည်ဟု ဒေါ်ခင်ခင်ကြီးက ပြောပြခဲ့၏။ အမှတ်တရ ချိတ်ဆွဲထားခြင်းဖြစ်သော်လည်း မြသီဂီအမြင် ပြောရလျှင် ကျက်သရေမင်္ဂလာမရှိဟု ထင်သည်။

အခုလိုအချိန် ကြည့်ရသောအခါ ပို၍ထိတ်လန့်စရာဖြစ်နေ၏။ ဒီကြားထဲ နှစ်လုံးပြူးသေနတ်ကြီးတစ်လက်က ချိတ်ဆွဲထားသေးသည်။

ဒီတိရစ္ဆာန်ခေါင်းပြတ်ကြီးတွေက ကြည့်နေရင်းပင်

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်လာသလို၊ မျက်တောင်တွေ ခတ်လာသလို ထင်ရ ပါးစပ်တွေ ဖြဲဟလာသလို၊ နားရွက်တွေကပဲ လှုပ်ခတ်လာသလို ထင်ရ၏။ ထို့ကြောင့် ထိုနေရာက မြန်မြန်ထွက်ပြေး တာ အခန်းထဲရောက်သည့်နှင့် မြသီဂီသည် စောင် ခြုံကာ အိပ်လိုက်လေတော့သည်။

နောက်တစ်နေ့မနက်တွင် သူနှင့် လှိုင်ဘွားတို့ စခန်းသာ လေးသို့ ကားဖြင့် ထွက်လာခဲ့ကြလေသည်။ ရှေ့ဖြစ်ဟော နတ်ကတော် ဒေါ်သင်းဆိုသူကို တွေ့ဆုံစကားပြောရန် သည်။

ဈေးနားက တိုက်ခန်းတစ်ခန်းတွင် သူ့နတ်ခန်း ဖွင့်ထား တွေ့ရ၏။ အသက်က ၅၀ ကျော်လောက် ရှိပြီ။ အသား မည်း၊ ပိန်ကပ်ကပ်။ သို့သော် မျက်ခုံးမွေးသေးသေး လေးဆွဲကာ နှုတ်ခမ်းနီရဲရဲဆိုးထားသဖြင့် အကြည့်ရဆိုးသလို လေသည်။ သူတို့က ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေး ...

'ခိုင်ဘွားနဲ့ ပတ်သက်ပြီး သတိပေးစကား ပြောတာ က...'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါ့အစ်မ ဒေါ်လင်းက ပြောလို့ ငါက
တစ်ဆင့် ပြန်ပြောရတာ'

'အဲဒီ ဒေါ်လင်းဆိုတာက သေပြီမဟုတ်လား၊ ဘယ်
လုပ် လာစကားပြောနိုင်တာလဲ'

လှိုင်ဘွားက နားမလည်နိုင်သလို မေးတော့...

'အိပ်မက်ထဲမှာ လာပြောတာပေါ့၊ သူ့မွေးနေ့ ၂၁ နှ
ပြည့်တဲ့နေ့မှာပဲ ဦးသံတိုင်က သူ ကြိမ်းဝါးထားတဲ့
အတိုင်း လာသတ်လိမ့်မယ်တဲ့၊ အဲဒီနေ့ကျ သူ အိမ်မှာ
မဲ နေရမယ်တဲ့'

'သူ... သူ သေမှာလားဟင်'

သူ့သိချင်စိတ်ကို မျိုသိပ်မထားနိုင်ဘဲ မြသီဂီက မေး
လိုက်၏။

'ဒါတော့ ငါလည်း သေသေချာချာ မသိဘူး၊ ငါ့အစ်မ
ကလည်း ပြောမသွားဘူး၊ သူလည်း သိနိုင်မယ်တော့
မထင်ဘူး'

သူတို့ စိတ်ပျက်သွားကြသည်။ နှုတ်ဆက်ပြီး ပြန်လာ
ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် လှိုင်ဘွားက…

'ဒီမိန်းမကြီးကိုလည်း ငါတော့ မယုံဘူး၊ သူ လိမ်နေတာပဲ ထင်တယ်'

'ဘာကြောင့် လိမ်ရမှာလဲ၊ တို့ အခု မေးလိုက်တာကိုတောင် သူက ပိုက်ဆံမှမယူလိုက်ဘဲ'

လှိုင်ဘွားကတော့ တစ်ယူသန်ပင် ဖြစ်သည်။ သူက ဒီလိုကိစ္စမျိုးတွေကို နဂိုကတည်းကပင် အယုံအကြည်ရှိသူမဟုတ်။

သူတို့ အိမ်ရောက်တော့ ပန်းခြံထဲတွင် တစ်ယောက်တည်းထိုင်မှိုင်နေသော နိုင်ဘွားကို တွေ့ရသည်။ နိုင်ဘွားက သူတို့ကို မြင်သည်နှင့်…

'မင်းတို့ တစ်မနက်လုံး ဘယ်သွားနေတာလဲ၊ ငါ တွေ့ချင်နေတာ'

ဟု အလောတကြီး ဆိုလေသည်။

လှိုင်ဘွားက…

'ငါတို့ မြို့ပြင် ခဏထွက်လည်နေတာ'

ဟုသာ ပြောလိုက်သည်။ စခန်းသာရှိ ဗေဒင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟု ပြောမနေတော့။ ပြောလျှင် သူ့ကို အတော်ပင် ရှင်းပြနေရပေလိမ့်မည်။

နိုင်ဘွားကို လှိုင်ဘွားက မေးလိုက်သည်။

'ဘာကိစ္စရှိလို့လဲ'

'ဦးသံတိုင်က သရဲအဖြစ်နဲ့ တမလွန်က ငါ့ကို လာသတ်မယ်ဆိုတာ မင်းတို့က မယုံဘူးမဟုတ်လား'

'ဟုတ်တယ်လေ'

'အခုတော့ ငါ စဉ်းစားမိတာ တစ်ခုရှိတယ်ကွ၊ ဒီလူဟာ သေပြီး လူဝင်စားဖြစ်ပြီးတော့လည်း ငါ့ကို လာသတ်နိုင်တယ် မဟုတ်လား'

မြသီဂီက စဉ်းစားလိုက်ကာ...

'ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သေပြီးလို့ လူပြန်ဖြစ်တယ်ပဲ ထားပါတော့၊ အဲဒီလူဟာ သူ့အရင်ဘဝက ဇာတ်ကြောင်းတွေကို ဘယ်လိုလုပ် သတိရနိုင်မှာလဲ'

'လူဝင်စားတွေဟာ အတိတ်ဘဝက အကြောင်းတွေကို သတိရနေတတ်တယ် မဟုတ်လား၊ ငါ အခု လူဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်း ရေးထားတဲ့ စာကြည့်တိုက်က စာအုပ်တွေကို ယူဖတ်နေတယ်'

မြသီဂီက…

'နေပါဦး၊ ဒီလူဝင်စားက အခုဆို ဘယ်အရွယ်ရှိဦးမှာလဲ၊ ကလေးတစ်ယောက်ပဲ ဖြစ်မှာပေါ့'

ဟု မေးလိုက်၏။

ခိုင်ဘွားက…

'အခုနေရှိရင် ၁၃ နှစ်သား ရှိနေပြီ၊ ဒါဟာ လူသတ်ချင်ရင် သတ်နိုင်တဲ့အရွယ်ပေါ့'

ခိုင်ဘွားစကားကြောင့် လှိုင်ဘွားက စိတ်ပျက်လက်ပျက်[...]အရာဖြင့်…

'မင်း ထင်ရာမြင်ရာတွေ လျှောက်တွေး လျှောက်ပြောလုပ်မနေနဲ့ ခိုင်ဘွား၊ ပြဿနာက ရှုပ်ထွေးသထက်ရှုပ်ထွေးလာလိမ့်မယ်'

'ထင်ရာမြင်ရာ တွေးနေတာ မဟုတ်ဘူးကွ၊ တကယ့်ကို လက်ဆုပ်လက်ကိုင်ပြစရာ ပြဿနာတစ်ခုရှိနေလို့ မင်းတို့ကို ငါ ပြောပြနေရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာများလဲ'

နှစ်ယောက်စလုံးက စိတ်ဝင်တစား မေးလိုက်မိသည်

နိုင်ဘွားက...

'ဒီရက်အတွင်း ငါ ကြုံရတဲ့ ကိစ္စတစ်ခုကို ငါ

ပြောပြမယ်'

* * *

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောတစ်ပတ်ကဖြစ်သည်။ ထုံးစံအတိုင်း ခိုင်ဘွား သည် အခန်းထဲတွင် အောင်းကာ စာဖတ်လိုက်၊ စဉ်းစားလိုက် ချုပ်နေသည်။ တမလွန်မှ ရောက်ရှိလာမည့် အန္တရာယ်ကို သူ ဘယ်လိုရှောင်ရှားမည်နည်း။

သူ ၂၁ နှစ်ပြည့်ဖို့ရက်က သိပ်မလိုတော့။ တစ်ပတ် ခန့်သာ လိုတော့၏။ သူ့ဘဝက ဆိုးရွားလှသည်။ သူသည် ဘဝတွင် အချိန်ရှိသမျှ ဤကိစ္စဖြင့်ပင် အချိန်တွေကုန်လွန်ခဲ့ နေသည်။ အမေက အရူးတစ်ပိုင်း။ ညီလုပ်သူ လှိုင်ဘွားက သည်း အားမကိုးရ။

'ဒီမယ်... ဒီမယ် ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အသံကြားရ၍ သူက ပြတင်းတံခါး
က ရပ်၍ ကြည့်လိုက်၏။ အိမ်တွင် သူညီကလည်း ရှိမ
လိမ္မော်ခြံကို ရောက်နေဟန်ရှိ၏။

အမေက လူမမာ။ ဒီတော့ သူပဲ အရေးတယူဆောင်ရွ
ရမည်ဟု တွေးကာ ထွက်ရပ်လိုက်ခြင်း ဖြစ်၏။ သူတို့
ဘေး ပြတင်းပေါက်အနီးတွင် ၁၃ နှစ်အရွယ် ကောင်မ
တစ်ယောက် စက်ဘီးတစ်စင်းနှင့် ရပ်နေ၏။ ကောင်က
က အသားဖြူဖြူ၊ ပိန်ပိန်ရှည်ရှည်၊ ပြီးတော့ ခေါင်း
ဆံတောက်နှင့်။ ဒီကောင်လေးကို မြင်လိုက်ရတာနှင့် သူ့ရင်
တွင် တစ်မျိုးကြီးဖြစ်၍သွားသည်။ ဟာတာတာလိုလို၊ ဘာ
လို အမျိုးအမည် ဝေခွဲရခက်သော ဝေဒနာတစ်ရပ်။

'ဘာကိစ္စလဲကွ'

BURMESE CLASSIC

သူက မေးလိုက်၏။ ယခင်က ဤသူငယ်ကို ဤအ
တစ်ဝိုက်တွင် မမြင်ဖူးသဖြင့် ထူးဆန်းသလို ဖြစ်နေတာလည်း
ပါပေမည်။ သူငယ်က ရဲရဲရင့်ရင့်ပင်··

'ကျွန်တော့်နာမည်က ရာဇာဦးတဲ့၊ ဟိုဘက်ကအိမ်
အိမ်ကို ပြောင်းလာတာ မကြာသေးပါဘူး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကစားဖော်မရှိဘဲ ပျင်းနေလို့ ဒီအိမ်မှာ ရွယ်တူ သူငယ်ချင်းများ ရှိမလားလို့ လာမေးကြည့်တာ' ဟု ဆိုသည်။

ခိုင်ဘွားက…

'ဒီအိမ်မှာ ဘယ်ကလေးမှ မရှိဘူးကွ'

BURMESE CLASSIC

ဟု အသံမာမာနှင့် ပြောလိုက်တော့မှ စက်ဘီးစီးကာ ထွက်သွားလေသည်။ သို့သော် နောက်တစ်ရက်လောက်တွင် ထိုကောင်လေးသည် သူတို့ခြံထဲ ရောက်လာပြန်သည်။ သူသည် မပြောမဆို ခြံထောင့်တွင်ရှိသော ဒန်းကို တစ်ကိုယ်တည်း စီး၍နေ၏။

ဒန်းလွဲနေသံကြားသဖြင့် ခိုင်ဘွား သူ့အခန်းပြတင်းဝမှ ကြည့်လိုက်သောအခါ ရာဇာဦးဆိုသော ကောင်လေး ဖြစ်နေသည်။ သူက ထိုနေရာသို့ လျှောက်သွားကာ…

'ချာတိတ် ဘာလုပ်နေတာလဲ'

'ဒန်းလာစီးတာ'

'ဒါ ကလေးကစားကွင်း မဟုတ်ဘူးကွ'

'ဒန်းက စီးမယ့်လူမှ မရှိတာဘဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မလိုချင်ဘူး၊ မင်း ထွက်သွားတော့၊ နောက်လည်း ဒီခြံထဲကို အခွင့်မတောင်းဘဲ ဝင်မလာနဲ့'

ကောင်လေးက မကျေမချမ်း မျက်စောင်းထိုးကာ ထွက်သွားလေသည်။ သူစီးနေကျ ဘီအမ်အိတ်စက်ဘီးကလေးကို စီးကာ ထွက်သွားခြင်းဖြစ်သည်။

* * *

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

'မင်းကလည်းကွာ… ကလေးတစ်ယောက်ကို ဘာလို့ ဒီလို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရတာလဲ'

ခိုင်ဘွား စကားကို နားထောင်ပြီး လှိုင်ဘွားက အပြစ်တင်စကား ပြောလိုက်၏။ မြသီဂီကလည်း ဒီလို ခက်ထန်တာကို သဘောမကျ။ သို့သော် ခိုင်ဘွားက…

'ဒီကောင်လေးကို ငါ ကြည့်ရတာ စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်ကွ၊ ဒီကောင်လေးဟာ ဦးသံတိုင် သေလို့ ဝင်စားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့် တို့အိမ်နားမှာ ရစ်သီရစ်သီ လာလုပ်နေတာပေါ့'

လှိုင်ဘွားကတော့ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်သည်။ သူတို့ကို နှုတ်ဆက်ကာ မြသီဂီ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


အပြန်လမ်းတွင် ဦးသံတိုင်တို့ နေခဲ့သော အိမ်ကြီးကို ဝင်ကြည့်ချင်သဖြင့် လှိုင်ဘွားက လိုက်ပို့မည်ဆိုတာကို ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

ထိုအိမ်ကြီးမှာ အတော်ပင် အိုဟောင်းနေလေပြီ။ ကောင်းစွာပြင်ဆင်ထားဟန် မတူ။ ဒေါ်ခင်ခင်ကြီး အပြောအရ ဤအိမ်ကြီးကို တခြားမြို့တွင်နေသည့် ဦးသံတိုင်၏ညီမက အပိုင်ရခဲ့သည်။ သူကလည်း လာမနေနိုင်။ ဒီတော့ ရောင်းမည့်သူကို အားလုံးလွှဲအပ်လိုက်တော့သည်ဟု ဆို၏။

BURMESE CLASSIC အိမ်ရှေ့အနားကို ကပ်သွားကာ လှေ့လာကြည့်နေစဉ်အနီးက ရုတ်တရက် တံခါးပွင့်သွားသဖြင့် မြသီဂီသည် လန့်ဖျပ်ကာ နောက်သို့ ခုန်ဆုတ်လိုက်မိသည်။ အခန်းဝတွင် ထောင်ထောင်မောင်းမောင်း လူတစ်ဦးက ရပ်နေကာ သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်နေလေသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

မြန်မာလူမျိုးတွေက အယူသီးကြတယ်လေ။
ဒီအိမ်မှာ နေကြတဲ့သူတွေဟာ ရှေ့ဆင့်နောက်
ဆင့် သေဆုံးကုန်ကြတော့ မင်္ဂလာမရှိတဲ့အိမ်
လို့ သဘောထားကြလား မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com

# (၇) အတိတ်ဘဝက မြို့

www.burmeseclassic.com

www.burmeseclassic.com

## (၅) အတိတ်ဘဝက မြို့

ဤအိမ်ကြီးတွင် လူရှိနေလိမ့်မည်ဟု မြသီဂီ ထင်ထား။ ထို့ကြောင့် ရုတ်တရက် တံခါးပွင့်၍ လူတွေ့လိုက်ရသောအခါ လန့်ဖျပ်သွားမိခြင်း ဖြစ်သည်။

ထိုလူကြီးကိုပင် ပထမ တစ္ဆေသရဲဟု ထင်မြင်လိုက်မိသေး၏။ ထိုလူကြီးက မြသီဂီဆီ လျှောက်လာကာ…

'ဘာလဲ… မင်းက ဒီအိမ်ကို ဝယ်မလို့ လာကြည့်တာလား၊ မင်း လိုချင်တယ်ဆိုရင် ငါ သင့်တင့်တဲ့ဈေးနဲ့ ရောင်းမယ်'

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အသက် ၄၀ ကျော်လောက် ရှိမည်ဖြစ်ကာ ခန့်ညားသောရုပ်ရည် ရှိ၏။

'ဦးလေးက…'

ဟု မြသီဂီက မေးတော့…

'ငါ့နာမည်က ဦးကျော်လင်းတဲ့၊ ဒီမြို့မှာ အိမ်ခြံမြေ အရောင်းအဝယ်လုပ်တဲ့နေရာမှာ အတော်ဆုံး လူတစ်ယောက်ပဲ၊ ဒီအိမ်တစ်လုံးကိုပဲ ထွက်အောင်မရောင်းနိုင်တာ ငါ သိက္ခာကျတယ်'

'ဒီအိမ်ကို ဝယ်မယ့်လူ ဘာကြောင့် မရှိတာလဲဟင် သရဲခြောက်လို့လား'

ဟု မြသီဂီက မေးလိုက်၏။

ဦးကျော်လင်းက…

'မဟုတ်တာ၊ ငါ ဒီကို တစ်ပတ်ကို နှစ်ခါလောက်တော့ ရောက်တာပဲ၊ ဒါပေမဲ့ ဘာသရဲမှ မတွေ့ဘူး တစ်ခုတော့ ရှိတာပေါ့၊ ငါက နေ့ဘက်လာတာဆိုတော့ သရဲဆိုတာ ညဘက်မှာမှ ခြောက်တတ်တာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လူတွေက ဘာကြောင့် မဝယ်ကြတာလဲ'

'ဒါကတော့ မြန်မာလူမျိုးတွေက အယူသီးကြတယ်၊ ဒီအိမ်မှာနေကြတဲ့သူတွေဟာ ရှေ့ဆင့်နောက်ဆင့် သေကုန်ကြတယ်၊ ဒီတော့ မင်္ဂလာရှိတဲ့အိမ်လို့ သဘောထားကြသလား မသိဘူး'

ဟုတ်တော့ ဟုတ်သည်။ ဒေါ်စန်းလှ၊ ဦးသံတိုင်နှင့် သူတို့သား အောင်မြတ်ဇော်တို့မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်ကြသည်။ ဤအိမ်ကြီးကို နိဂက်တယ်ဟု ယုံကြည်နေကြပုံရ၏။

'ကျွန်မက အပျင်းပြေ ဝင်ကြည့်တာပါ၊ ဝယ်ဖို့စိတ်ကူးမရှိပူါဘူး၊ ဦးလေးလုပ်ငန်းက အဆင်ပြေရဲ့လား'

ဟု မြသီဂီက လောကွတ်လုပ်ကာ မေးလိုက်၏။

'အင်း... မပြေဘူး ပြောရမှာပေါ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ အိမ်တစ်လုံး ရောင်းလိုက်ရသေးတယ်၊ မန္တလေးက မိသားစုသုံးယောက် ပြောင်းလာတာ၊ အဲဒီသူတွေကတော့ ဆန်းတော့ အဆန်းသား'

'ရှင်... ဘယ်လိုဆန်းတာလဲ'

'သူ့ကို့သားကလေးက ဒီမြို့ကို ပြောင်းချင်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အတင်းပူဆာနေတာနဲ့ ပြောင်းခဲ့ရတာတဲ့၊ ဒီမြို့မှာ အသိ အကျွမ်းလည်း မရှိဘူး၊ တခြားအဆက်အသွယ်လည်း မရှိဘူး'

မြသီဂီက တစ်စုံတစ်ခုကို သတိရသွားကာ…

'သူတို့သားလေးက ဘယ်အရွယ်လဲဟင်'

'၁၃ နှစ်သားလောက် ရှိတယ်၊ နာမည်က ရာဇာဦးတဲ့'

မြသီဂီ တွေးထားတာ မှန်သွားလေပြီ။ နှုတ်ဆက်ကာ အိမ်ပြန်လာခဲ့သည်။

သူ့ကိုမြင်တော့ ဒေါ်ခင်ခင်ကြီးက…

'သီဂီ ပြန်လာတာ အတော်ပဲ၊ အန်တီခင် မြို့ထဲခဏ သွားချင်လို့၊ မီးဖိုချောင်သုံး ပစ္စည်းလေးတွေ ဝယ်ချင် လို့'

ဟု ပြောကာ သူ့ကားကလေးကို ကိုယ်တိုင်မောင်းကာ ထွက်သွားလေသည်။ ဒေါ်ခင်ခင်ကြီးမှာ ခေတ်မီသူဖြစ်သော ကြောင့်လား၊ တခြားအားကိုးရမည့်သူ မရှိသောကြောင့်လား မသိ။

ကားကို ကိုယ်တိုင်မောင်းကာ သွားလာနေကျဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြသီဂီက အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့သည်။ ခိုင်ဘွား ပြောဆိုတ်သော လူဝင်စားအကြောင်း ပြန်တွေးမိ၏။ သူ ကြားဖူးသည့် လူဝင်စားပုံပြင်တွေ အတော်များများရှိသည်။ တချို့လူများသည် ယခုဘဝရောက်သော်လည်း ယခင် အတိတ်ဘဝဟောင်းကို ကောင်းစွာ ပြန်ပြောင်းသတိရနေသည်ဟု ဆိုသည်။

ထိုနေရာဟောင်းသို့ ပြန်ရောက်သွားလျှင် ယခင်ဘဝဟောင်းက သူ့ပစ္စည်း အဝတ်အစား အသုံးအဆောင်များကိုသော်လည်းကောင်း၊ ဇနီးမယား သားသမီးများကိုသော်လည်းကောင်း၊ ကောင်းစွာမှတ်မိသည်ဟု ဆိုကြလေသည်။ ငယ်စဉ်အခါ ထိုသို့မှတ်မိကြသော်လည်း ကြီးပြင်းလာသောအခါမှတ်ဉာဏ်လျော့ပါးကာ တစ်စထက်တစ်စ အတိတ်ကာလအကြောင်းကို မေ့လျော့သွားတတ်လေသည်ဟု ဆိုလေသည်။ ဤအခိုက်မှာပင် အခန်းတံခါးခေါက်သံ ကြားသဖြင့် သွားကာဖွင့်ပေးလိုက်သည်။

ဒေါ်ခင်ခင်ကြီး ပြန်လာတာတော့ မဖြစ်နိုင်။ ဘယ်ကဧည့်သည်ရောက်လာလေသနည်း။

လှိုင်ဘွားများလား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တံခါးကို ဆွဲဖွင့်လိုက်သောအခါ တံခါးတွင် ရပ်နေသူက အသက် ၁၃ နှစ်ခန့်ရှိ ကောင်လေးတစ်ကောင် ဖြစ်နေလေသည်။ ကောင်လေးက ဖြူဖြူပိန်ပိန်ပင် ဖြစ်၏။ သူ့ တစ်ခါမှ မမြင်ဖူး။

'ကျွန်တော်က ရာဇာဦးပါ'

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်တော့မှ ကိုခိုင်ဘွား ပြောနေသည့် လူဝင်စားကောင်လေးမှန်း ရိပ်စားမိသွား၏။

'ဒီအိမ်က ကြီးကြီးရော၊ ကြီးကြီးခင်လေ'

ဟု မေးသဖြင့် မြသီဂီက...

'အန်တီခင်... အပြင်ထွက်သွားတယ်ကွ၊ ဘာကိစ္စရှိ လို့လဲ'

'ကိစ္စလား... အင်း... မရှိပါဘူး၊ သူ ပြန်လာရင်သာ ကျွန်တော် လာသွားတယ်လို့ ပြောလိုက်ပါ'

ဟု ပြောရင်း အိမ်ပေါ်က ပြန်ဆင်းသွားသည်။ လမ်း ပေါ်တွင် စက်ဘီးလေးတစ်စင်း ရပ်ထားတာ တွေ့ရ၏။ ထို စက်ဘီးကို ကောက်စီးကာ အိမ်ရှေ့မှ ထွက်ခွာသွားလေသည်။ ကောင်လေးကို ကြည့်ရသည်မှာ မြသီဂီအတွက်တော့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား မရှိလှ။ ခိုင်ဘွားကတော့ ဒီကောင်ကလေးကို သိတိုင် သေလို့ ဝင်စားတာဟု ယူဆနေသည်။ ကောင်လေး ဒါကြောင့် လိုလိုလားလား ရှိပုံမရ။

နေ့ဆက်တစ်နာရီလောက်နေတော့ ဒေါ်ခင်ခင်ကြီးက ဈေးဝယ်ရာမှ ပြန်ရောက်လာ၏။

ရာဇာဦးဆိုတဲ့ ကောင်လေး လာမေးမြန်းသွားကြောင်း ပြောပြတော့…

'ဟုတ်သားပဲ၊ ငါက ဒီနေ့ ဆီထမင်းထိုးစားမယ်၊ အား ရင် လာခဲ့လို့ ပြောထားတာ၊ ငါ မေ့သွားလို့၊ ကောင် လေးက ဒီမြို့ပြောင်းလာတာ မကြာသေးဘူး၊ ခင်စရာ တော်တော်ကောင်းတယ်'

'အန်တီခင်နဲ့ ဘယ်လိုလုပ်သိတာလဲ'

'တလောက ငါ ခြံထဲမှာ ပန်းပင်တစ်ပင် စိုက်နေတုန်း သူ ရောက်လာပြီး ကူစိုက်ပေးသွားရင်းနဲ့ သိကြတာ၊ သူက စက်ဘီးတစ်စင်းနဲ့ လျှောက်သွားနေတာပဲ၊ ဪ… သီဂီ၊ အဲဒီကောင်လေးအိမ်ကို ဆီထမင်း သွားပို့ပေးနိုင်လား'

www.burmeseclassic.com

www.burmeseclassic.com



'ပို့ပေးနိုင်တာပေါ့ အန်တီ'

ဟု မြသီဂီက လွယ်လွယ်ကူကူ ပြောလိုက်သည်။ ကောင်လေးနှင့် သူ တွေ့ကာ စကားလေးဘာလေးလည်း ပြောကြည့်ချင်သည်။

ထို့ကြောင့် ဒေါ်ခင်ခင်ကြီး ထည့်ပေးလိုက်သော ခ ထမင်းနှင့် ပဲပြုတ်တွေကို ချိုင့်ထဲထည့်ယူကာ ဒေါ်ခင်ခင်ကြီး ကားနှင့်ပင် ထွက်လာခဲ့သည်။

ဒေါ်ခင်ခင်ကြီးက လိပ်စာပြောလိုက်သဖြင့်, အိမ်ကို သိပ်မရှာဖွေရ။ ဆေးဝါဝါတွေ သုတ်ထားသော တစ်ထပ်အိမ် လှလှလေးတစ်လုံး ဖြစ်သည်။

အသက် ၄၀ အရွယ်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးက တံခါးလာဖွင့်ပေးကာ...

'ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်'

'မောင်ရာဇာဦးနဲ့ပါ'

သို့သော် ရာဇာဦးက အိမ်တွင် ရှိမနေ။

ဤမိန်းမကြီးက ရာဇာဦး၏ အမေဖြစ်သည်ဟု ခံ သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက စက်ဘီးတစ်စင်းနဲ့ ဒီလိုပဲ လျှောက်သွားနေတာပါပဲ'

မြသီဂီက အကျိုးအကြောင်း ပြောပြတော့ အိမ်ထဲခေါ်သွားၿ၏။ ဧည့်ခန်းထဲတွင် ထိုင်ခိုင်းကာ ကော်ဖီတစ်ခွက်ဖြင့် ဧည့်ခံသည်။ ဧည့်ခန်းမှာ ခေတ်မီအသုံးအဆောင်ပစ္စည်းများဖြင့် တန်ဆာဆင်ထားသဖြင့် ဤမိသားစုမှာ စီးပွားရေးအရ အဆင့်အတန်း မနိမ့်လှသည့် မိသားစုဟု မှတ်ယူနိုင်သည်။

မြသီဂီက ရာဇာဦးအကြောင်း တီးခေါက်ကြည့်သော့...

'ဒီကလေးက မွေးကတည်းက ထူးခြားတယ်၊ ဗေဒင်တွေ မေးတော့လည်း အားလုံးလိုလိုက လူဝင်စားလို့ ပြောကြတယ်၊ စကားမပြောတတ်ခင်ကတည်းက ဒီမြို့ရှိရာ တောင်ဘက်အရပ်ကို မျက်နှာမူပြီး အမြဲ ငေးငေးငူငူ ထိုင်နေတတ်တယ်၊ စကားပြောတတ်စ အရွယ်ရောက်တော့ သူဟာ ဒီမြို့က မဟုတ်ဘူး၊ သူ နေခဲ့တဲ့မြို့က ထင်းရှူးမြိုင်လို့ တဖွဖွပြောတော့တာပဲ'

မြသီဂီကလည်း ထူးဆန်းလှသည်ဟု ယူဆမိသည်။



www.burmeseclassic.com

www.burmeseclassic.com


'သူ ကျောင်းနေစအရွယ်ရောက်တော့ မေ့မေ့ပျောက် ပျောက် ဖြစ်သွားတယ်၊ တစ်ခါတလေကျမှပဲ အဲဒီ အကြောင်း ပြောတော့တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်နှစ် လောက်ကတော့ ဒီကိစ္စက ပြန်ဆိုးဝါးလာတယ်၊ သူ ဒီမှာမနေချင်ဘူး၊ နေရတာ မပျော်ဘူး၊ အရင်က နေခဲ့ တဲ့ ထင်းရှူးမြိုင်ကိုပဲ ပြန်ပြောင်းကြမယ်လို့ တဖွဖွ ပြောတော့တာပဲ'

မြသီဂီက စိတ်ဝင်တစား နားထောင်နေမိ၏။

'တစ်ခါတလေကျရင် ဘယ်သူနဲ့မှ စကားမပြောဘဲ ငေးငေးငူငူ ထိုင်နေတာ သုံး၊ လေးရက် ကြာတတ် တယ်၊ မျက်နှာကလည်း ဝမ်းနည်းကြေကွဲတဲ့ အရိပ် အယောင်နဲ့၊ မျက်လုံးမှာလည်း မျက်ရည်တွေ ရစ်ဝဲလို့'

'အခြေအနေက ဆိုးဝါးတာပေါ့နော် အစ်မကြီး'

'အင်း… သူ နောက်ဆုံး ဖျားတောင်ယူတယ်၊ နောက် ဆုံးတော့ အစ်မကြီးတို့လည်း ဒီတစ်ဦးတည်းသောသား လေးရဲ့ အလိုကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး ဒီမြို့ကို ပြောင်းလာခဲ့ကြတာပဲ'


www.burmeseclassic.com

www.burmeseclassic.com

'ဒီမြို့ရောက်တော့ရော ထူးခြားတာရှိလား'

မြသီဂီက မေးလိုက်သည်။

'ဟာ... ရှိတာပေါ့၊ လူလည်း လန်းလန်းဆန်းဆန်း ရှိလာတယ်၊ ငေးငေးငိုင်ငိုင်လည်း မနေတော့ဘူး၊ စက်ဘီးတစ်စင်းနဲ့ လျှောက်သွားနေတော့တာပဲ၊ ဒီမြို့ကို အခုမှရောက်ပေမယ့် မွေးကတည်းက ဒီမြို့မှာ ကြီးပြင်းလာခဲ့တဲ့သူလို အားလုံးကို သူ သိနေတယ်၊ လမ်းတွေ၊ နေရာတွေ စသဖြင့်ပေါ့နော်'

'သူ့ကိုယ်သူ ဘယ်သူဆိုတာကိုရော ထုတ်ဖော်ပြောသလား'

'အဲဒီလိုတော့ တိတိကျကျ တစ်ခါမှ ထုတ်ဖော်မပြောဘူး၊ တစ်ခုတော့ ပြောတယ်၊ သူ့မိသားစုဝင်တွေ ဒီမှာ တစ်ယောက်မှ မရှိတော့ဘူးတဲ့'

မြသီဂီက ဦးသံတိုင်ကိုပဲ စဉ်းစားမိ၏။

သူ့ဇနီးရော၊ သားဖြစ်သူ အောင်မြတ်ဖော်ပါ မရှိတော့ဘူး ဟုတ်လား။

'ဒါထက် အစ်မကြီးခင်ပွန်းရောဟင်'



www.burmeseclassic.com

www.burmeseclassic.com



'သူက အရင်နေခဲ့တဲ့ မြို့ကို ခဏပြန်သွားတယ်၊ အဲဒီမှာ အစ်မကြီးတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ကျန်ခဲ့တယ်လေ၊ တဖြည်းဖြည်းနဲ့တော့ ဒီလိုရွှေ့ဖို့ ကြိုးစားရတော့မှာပေါ့၊ သားလေးက ဒီမှာ ပျော်နေတာကိုး'

ရာဇာဦး၏ မိဘနှစ်ပါးကား သူ့ကို အတော်ပင် ချစ်ခင်ကာ အလိုလိုက်ကြပုံရ၏။ မြသိင်္ဂီက ကျေးရွာတင်စကားပြောကာ ပြန်လာခဲ့၏။ သူ လမ်းတွင် ကားမောင်းလာရင်း အိမ်ကလေးတစ်လုံး တွေ့လိုက်သောအခါ ကားကို ရပ်လိုက်၏။ သစ်သားအိမ်လေးဖြစ်ကာ ဆေးဖြူသုတ်ထား၏။ ဆေးပြာရောင်က အတော်ပင် အရောင်ပြယ်လွင့်စပြုနေလေပြီ။ ကားပေါ်က ဆင်းကာ သူ ဤအိမ်ကလေးဆီ လျှောက်လာခဲ့၏။ ဤအိမ်ကလေးတွင် နတ်ကတော် ဒေါ်လင်းသည် အရင်က ငှားရမ်းနေထိုင်ခဲ့သည်။

ခြံထဲတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသော ခေါင်းဖြူဖြူနှင့် အသက် ၈၀ ခန့် အဘိုးကြီးတစ်ဦးကို တွေ့ရ၏။ အဘိုးကြီးက…

'ဘာကိစ္စရှိလို့လဲ မိန်းကလေး'

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com


'ဘကြီးက ဒီအိမ်ရှင်လား'

'ဟုတ်တယ်၊ ကျုပ်နာမည် ဦးဘစု၊ ဘာလဲ… အိမ်ငှား ချင်လို့လား'

'မဟုတ်ပါဘူး၊ အရင်က ဒီအိမ်မှာ ဒေါ်လင်း ငှားနေ ခဲ့တယ် မဟုတ်လား'

'ကြာပြီ၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကပဲ၊ ဘာသိချင် လို့လဲ'

'အဲဒီ ဒေါ်လင်းဟာ လိမ်လည်တတ်တဲ့သူလားလို့'

'သူက နတ်ကတော်လေ၊ အကြားအမြင်ရသလိုလည်း ဟောစတတ် ပြောတတ်သေးတယ်၊ သူ့ကို ယုံတဲ့သူ လည်း ရှိ၊ မယုံတဲ့သူလည်း ရှိတာပေါ့'

'ဘကြီးကရော'

'ငါကတော့ ဘယ်ထဲမှာမှ မပါဘူး၊ အချိန်တန် လခ ရရင် ပြီးတာပဲ၊ ကျန်တာ ငါ့ကိစ္စမဟုတ်ဘူး'

ဤအဘိုးကြီးထံမှ ဘာမှသိမှာမဟုတ်ဟု မြသီဂိ တွေး

သူ ပြန်ထွက်တော့မည်လုပ်တော့မှ အဘိုးကြီးက…


www.burmeseclassic.com

www.burmeseclassic.com


'တစ်ခုတော့ ရှိတယ်ကွယ့်'

ဟု ဆို၏။

'ဘာများလဲ'

ဟု အားတက်သရော မေးတော့…

'တစ်ခါကတော့ ငါ့အိမ်က ကြောင်ကလေးကို သူက ကြည့်ပြီး ဒီကြောင်လေး ကြာကြာမနေရတော့ဘူးလို့ ပြောတယ်၊ တစ်ပတ်လောက်နေတော့ အဲဒီကြောင် လေး ခွေးလိုက်လို့ သေသွားတယ်၊ အင်း… သူပြော တာ မှန်တယ်လို့တော့ ပြောချင် ပြောနိုင်တာပေါ့ကွယ်၊ ဒါနဲ့ ဒေါ်ခင်ခင်ကြီးရော နေကောင်းလားဟေ့'

ဟု တစ်ဆက်တည်းမေးလိုက်ရာ မြသီဂီ အံ့အားသင့် သွား၏။

'ဘကြီးရော အကြားအမြင်ရနေမလား၊ ကျွန်မ အန်တီ ခင် အိမ်က လာတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ'

ဟု တအံ့တသြ မေးလိုက်သောအခါ အဘိုးကြီးက ပြုံးကာ…

'လွယ်ပါတယ်၊ မင်း မောင်းလာတဲ့ကားကို ကြည့်ပြီး


www.burmeseclassic.com

www.burmeseclassic.com


သိတာပေါ့'

ဟု ပြောလိုက်လေသည်။ ဟုတ်သည်။ အိမ်ရှေ့တွင် [illegible]ထားသည့် သူ မောင်းလာသည့်ကားမှာ ဒေါ်ခင်ခင်ကြီး၏ [illegible]ပင် ဖြစ်သည်။ သူ့ညွှန်ချက်ကို သူတွေးကာ မြသီဂီက [illegible]လိုက်မိ၏။ အပြန်တွင် မြသီဂီက လှိုင်ဘွားတို့ အိမ်ကို [illegible]ခဲ့သည်။

လှိုင်ဘွားက...

'ငါ့တောင် အန်တီခင်ဆီ ရောက်သေးတယ်၊ နင် အပြင် ထွက်သွားတယ်ဆိုလို့၊ ဘယ်လိုက်ရမှန်းလဲ မသိဘူး၊ နင် သွားစရာရှိရင်လည်း ငါ့ကိုခေါ်တာ မဟုတ်ဘူး'

ဟု ဆီးကာ အပြစ်တင်သည်။

မြသီဂီက...

'နင် ခြံထဲသွားရဦးမှာ မဟုတ်လား၊ မနက်ပိုင်း မအား မှာစိုးလို့'

သူတို့ စီးပွားရေးလုပ်ငန်းဖြစ်သော လိမ္မော်ခြံကို [illegible]ယ်တမ်း ဂရုစိုက်ဦးဆောင်လုပ်နေရသူက လှိုင်ဘွားသာ [illegible]ည်း ဒေါ်ချမ်းမြကလည်း စိတ်ကျွန်းမာရေး မကောင်း။



www.burmeseclassic.com

www.burmeseclassic.com


ခိုင်ဘွားကလည်း သူ့ကိစ္စနှင့်သူ အချိန်ရှိသမျှ အလုပ်ရှုပ်နေသူ၊ မြသီဂီက သူနှင့် ရာဇာဦးအမေနှင့် တွေ့ခဲ့သည့်အကြောင်းကို ပြန်ပြောလိုက်သည်။ ဤရှုပ်ဝင်စားကိစ္စကို လှိုင်ဘွားက ကောင်းကောင်းမယုံချင်။

မြသီဂီက…

'ဒီကောင်လေးက အဲဒီမြို့က ပြောင်းဖို့ရွှေ့ဖို့ ပြောတယ်ဆိုတာ တော်တော်ထူးဆန်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအရွယ်ကလေးတွေဟာ ပြောင်းတာရွှေ့တာကို သဘောမကျကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ခင်မင်တဲ့ သူငယ်ချင်းတွေနဲ့ ခွဲရတဲ့အတွက်ပဲ'

လှိုင်ဘွားကတော့…

'ဒီလို သူငယ်ချင်းတွေနဲ့ ခွဲချင်တယ်ဆိုတာ အကြောင်းရှိရမယ်၊ သူ့သူငယ်ချင်းတွေက သူ့ကို အမြဲအနိုင်ကျင့်တာ ခံနေရလို့ပဲ ဖြစ်မယ်၊ ဒါကြောင့် သူတို့နဲ့ ဝေးရောက်အောင် ဒီအထိ ပြောင်းရွှေ့လာခဲ့တာပေါ့'

ဟု ဆိုသည်။

သူ့ဆင်ခြေနှင့်သူတော့ ဟုတ်သလိုလို ရှိနေလေသည်။


www.burmeseclassic.com

www.burmeseclassic.com



'ဒါထက် ကိုနိုင်ဘွားရော မမြင်ပါလား'

မြသီဂီက မေးလိုက်သည်။

လှိုင်ဘွားက…

'ငါ ပြန်လာကတည်းက မတွေ့ဘူး၊ ဘယ်သွားနေလဲ

မသိဘူး'

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

သူ ထိတ်လန့်တုန်လှုပ်သွားသည်။ လာမိတာ
တော့ မှားပြီ။ ဒီအိမ်ကြီးထဲတွင် တစ်မိနစ်မျှ
ထပ်နေဖို့ မသင့်တော်တော့။
ထို့ကြောင့် အမြန်ဆုံးထွက်သွားရန် ဆုံးဖြတ်
လိုက်လေသည်။ ထိုအချိန်မှာပင်...

www.burmeseclassic.com

www.burmeseclassic.com

# (၆) သရဲခြောက်သော အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## (၆) သရဲခြောက်သော အိမ်ကြီး

ထင်းရှူးခြံသည် မြို့ရေးယာနှင့် တွက်ကြည့်လျှင် သူနေကျဲသည်ဟု ဆိုနိုင်သည်။ ဝင်းခြံကြီးကြီးများနှင့် နေကြသည်။ တစ်ခြံနှင့်တစ်ခြံလည်း ဝေးလွန်းလှသည်။ ယခုလို နေသာသယ်နေ့ခင်းဆို မြို့က ပိုမိုတိတ်ဆိတ်၏။

ခိုင်ဘွားသည် ပိတ်ထားသောတံခါးကို တွန်းဖွင့်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိမ်ထဲတွင် ပြတင်းပေါက်တွေပါ ပိတ်ထားသဖြင့် အလင်းရောင်အားနည်းကာ မှိတ်တုတ်တုတ် ဖြစ်နေ၏။ လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် ကောင်းမွန် သည်းကျဉ်းထားခြင်း မရှိဘဲ ကြမ်းပြင်မှာ သဲတရှပ်ရှပ်ဖြစ်

www.burmeseclassic.com



နေသည်။ ပြီးတော့ မှိုတက်သလို အောက်သိုးသိုးအနံ့လည်း ထွက်နေ၏။

ငယ်စဉ်က ခိုင်ဘွားသည် ဤအိမ်ကို သူ့အစ်ကိုဝမ်းကွဲ အောင်မြတ်ဇော်နှင့်အတူ နှစ်ခေါက်၊ သုံးခေါက် အလည်လိုက်လာသဖြင့် ရောက်ဖူး၏။ သူ့အစ်ကို အောင်မြတ်ဇော်က မြို့နယ်အဆင့်တောင် မဟုတ်။ တိုင်းနဲ့ ပြည်နယ်အဆင့် ကြက်တောင်ချန်ပီယံ။ သူ့ရည်မှန်းချက်က တစ်နေ့တွင် နိုင်ငံလက်ရွေးစင်ဖြစ်ကာ နိုင်ငံဂုဏ်ဆောင်နိုင်ဖို့။ သို့သော် ကံကြမ္မာအလှည့်အပြောင်းက သူ့ကို ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အခွင့်အရေးမပေးခဲ့။

သူ့အစ်ကိုက သူတို့ညီအစ်ကိုနှစ်ယောက်အပေါ် ခင်မင်တွယ်တာသလောက် ဦးကြီးသံတိုင်က မုန်းတီးရွံရှာပုံရသည်။ တကယ်တော့ သူ့အမေနှင့် ယခင်က အမွေနှင့်ပတ်သက်သော အမှုအခင်းဖြစ်၍ ရှုံးဖူးသည် ဆို၏။ ယင်းအငြိုးအတေးဖြင့် သူတို့မိသားစုကို အသားလွတ်မုန်းတီးနေသည်။ သူတို့ညီအစ်ကိုကိုတွေ့လျှင် မျက်နှာထားတင်းတင်း လေသံမာမာနှင့် ဆက်ဆံပြောဆိုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကြောက်ရွံ့ကာ နောက်ပိုင်းတွင် ဤအိမ်သို့ အသွားအလာမလုပ်ဘဲ နေခဲ့လေသည်။

ခိုင်ဘွားက သူ့လက်ထဲက ဗီဒီယိုကင်မရာခလုတ်ကို ဖွင့်လိုက်၏။ သူက ဤအိမ်တွင် တစ္ဆေသရဲ ရှိ၊ မရှိ သိချင်သည်။ ရှိလျှင် ဗီဒီယိုကင်မရာဖြင့် မှတ်တမ်းတင်မည်။ ပြီးတော့ သရဲမယုံဘူးဆိုသော လှိုင်ဘွားကို လက်ပွေ့ပြလိုက်ညီးဟု ရည်ရွယ်ထား၏။ သူက ဤအိမ်ကို အားတင်းကာ လာစဉ်က ရဲစိတ်မွေးလာသော်လည်း ယခု အိမ်ထဲရောက်လာသောအခါ အနည်းငယ် ကြောက်စိတ်ဝင်လာလေသည်။ ဤအနီးအပါး ပတ်ဝန်းကျင်တွင် လူသားဟူ၍ သူတစ်ယောက်တည်း ရှိနေသည်ဟု တွေးမိသောအခါ အားငယ်စိုးရွံ့စိတ်က သွေးနှလုံးသားထဲသို့ တိုးဝှေ့ဝင်ရောက်လာပြန်၏။

ခြေသံတဖျတ်ဖျတ် ကြားလိုက်ရသည်။ သူ ကြောက်လန့်တကြား လှည့်ကြည့်လိုက်တော့ ဘာမှမတွေ့ရ။ မည်းမည်းအရာတစ်ခုသာ အရိပ်တစ်ခုလို ဖြုန်းခနဲ အခန်းထဲ လျှောတိုက်ဝင်သွားသလို တွေ့လိုက်ရသဖြင့် ကြက်သီးမွေးညင်းထသွားသည်။ သူတစ်ယောက်တည်းလာခဲ့တာ မှားနေပြီလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို လှိုင်ဘွားကို အဖော်ခေါ်လာခဲ့လျှင် အကောင်းသား။

အခုတော့…

နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံတစ်ခု ရှိနေသည်။ သူက အနားကပ်ကြည့်လိုက်၏။ ဦးသံတိုင်နှင့် အောင်မြတ်ဖော်တို့ သားအဖနှစ်ယောက် တစ်ယောက်ပခုံး တစ်ယောက် ဖက်ကာ ပြုံးရွှင်နေကြသည်။

ခုနမည်းမည်းအရိပ် ဝင်သွားသော အခန်းထဲမှ လှုပ်ရှားသံတွေ ကြားရ၏။ သူက အရဲစွန့်ကာ အခန်းထဲဝင်သွားသည်။ ဤအခန်းမှာ ဦးသံတိုင်၏အခန်း ဖြစ်ပုံရ၏။ အခန်းထဲတွင် တစ်ယောက်အိပ်ခုတင်တစ်လုံး ချထားသည်။ တခွေသရဲတစ်ကောင် ဟိုနေရာက ပေါ်လာလေမလား၊ ဒီနေရာက ပေါ်လာလေမလား ခွဲခြားမရသောစိတ်ဖြင့် သူက ကင်မရာကို အသင့်ချိန်ရွယ်ကာထားစဉ် သူ့အနောက်က ဝုန်းဒိုင်းဆူညံကျယ်လောင်သောအသံ ကြားရသဖြင့် လန့်ဖျပ်သွား၏။ လှည့်ကြည့်လိုက်တော့ ပြတင်းတံခါးနှစ်ချပ်က လေမတိုက်ဘဲ ဖွင့်လိုက် ပိတ်လိုက်ဖြစ်ကာ တံခါးဘောင်နှင့် ရိုက်ခတ်နေတာ တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


ဒီတစ်ခါတော့ ခိုင်ဘွားသည် ဘာကိုမျှ ဆက်၍ စောင့်စားကြည့်မနေနိုင်တော့ဘဲ ထိုအိမ်ထဲမှ ခြေကုန်သုတ်ကာ ထွက်ပြေးလာခဲ့မိလေတော့သတည်း။

* * *


www.burmeseclassic.com

www.burmeseclassic.com

လှိုင်ဘွားနှင့် မြသီဂီတို့ ခိုင်ဘွားနှင့် တွေ့ကြသောအခါ ခိုင်ဘွားသည် ကြောက်ရွံ့စိတ် မပြယ်သေးသည်ကို တွေ့ရလေသည်။ လှိုင်ဘွားက အထိတ်တလန့်ဖြစ်နေသော သူ့ပုံကိုကြည့်ကာ…

'မင်း ဘာဖြစ်လာတာလဲ'

ဟု မေးလိုက်၏။

ခိုင်ဘွားက…

'ငါ ဘာဖြစ်လာတာလဲဆိုတော့ သရဲကို တွေ့လာတယ် လှိုင်ဘွား၊ သရဲကို တွေ့လာတာ'



www.burmeseclassic.com

နဂိုကတည်းက လှိုင်ဘွားက ဤကိစ္စတွေကို အယုံအကြည်ရှိသည် မဟုတ်။

သို့သော် ခိုင်ဘွားပုံကို ကြည့်ရတာလည်း ကြောက်ချင်ယောင်ဆောင်နေတာနှင့် မတူ။

ဒါမှမဟုတ်ပါက သူသည် အင်မတန် သရုပ်ဆောင်ဆောင်းသူသာ ဖြစ်ရပေမည်။

မြသီဂီက ဝင်မေးလိုက်သည်။

'ရှင် ဘယ်မှာ သရဲကိုတွေ့တာလဲ'

'ဦးသံတိုင်အိမ်မှာ'

'မင်းက ဘာလို့ ဦးသံတိုင်အိမ်ကို သွားရတာလဲ'

လှိုင်ဘွားက ဒေါသဖြင့် မေးလိုက်သည်။

'ဦးသံတိုင်သရဲ ရှိ၊ မရှိ သိချင်လို့ ငါ သွားကြည့်တာ၊ ငါ... ငါ သူ့ကို တကယ်ပဲတွေ့ခဲ့တယ် လှိုင်ဘွား၊ ငါ လိပ်ပြာလွင့်သွားမတတ်ပဲ'

ဤအိမ်တွင် ဦးသံတိုင်သည် မကျွတ်မလွတ်ဘဲ ရှိနေသည်ဆိုခြင်းမှာ ဖြစ်နိုင်ကောင်းသည်ဟု မြသီဂီ တွေးမိ၏။

လှိုင်ဘွားက...



www.burmeseclassic.com

www.burmeseclassic.com


'ဒါဆိုရင် ဦးသံတိုင် သေလို့ လူဝင်စားဖြစ်နေတယ် ဆိုတာ မဟုတ်ဘူးပေါ့'

'အေး... သူက ဝိညာဉ်ဘဝမှာပဲ ရှိနေသေးတယ်ဆိုရင် တခြားတစ်ယောက်အဖြစ် ဝင်စားဖို့ဆိုတာ မဖြစ်နိုင်ဘူး ပေါ့'

'ဒါဆို မင်း ကြောက်ဖို့ မရှိတော့ဘူး'

လှိုင်ဘွားက နိုင်နိုင်မာမာလေးသံဖြင့် ပြောလိုက်သဖြင့် နိုင်ဘွားက...

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ လူဝင်စားဖြစ်နေရင်သာ စိုးရိမ်စရာ ရှိတာ၊ လူလူချင်း သတ်ဖြတ်ဖို့ လွယ်တယ်၊ သေပြီးတဲ့ လူ ဝိညာဉ်ဘဝရောက်နေတဲ့သူက ဘယ်လိုလုပ် သတ် နိုင်မှာလဲ'

ဤစကားကို နိုင်ဘွားက လက်မခံ။

'ဟာ... သတ်ဖြတ်နိုင်တဲ့အကြောင်းတွေ အများကြီး ရှိတာပေါ့၊ သူတို့က အမြင့်က တွန်းချနိုင်တယ်၊ ဒါ မဟုတ်လည်း သူတို့ပုံကို မြင်တာနဲ့ အကြောက်လွန်ပြီး နှလုံးသွေးရပ် လဲသေနိုင်တယ်၊ တခြားနည်းလမ်းတွေ


www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိဦးမှာပေါ့၊ သရဲက ကုပ်ချိုးသတ်လို့ သေတယ် ဆိုတဲ့စကားတွေလည်း မင်းတို့ ကြားဖူးတယ် မဟုတ်လား'

'အရပ်ထဲကလူတွေ အခြေအမြစ်မရှိ ပြောနေကြတဲ့ စကားတွေကို မင်းဟာ အတည်မှတ်နေလား'

'မင်းက စာနာမှုမရှိဘဲ ပြောမနေနဲ့ လှိုင်ဘွား၊ မင်းအနေနဲ့ ငါ့နေရာက ဝင်စဉ်းစားကြည့်စမ်း၊ မနက်ဖြန်ဟာ ငါ အသက် ၂၁ နှစ်ပြည့်တဲ့နေ့၊ လူတစ်ယောက် သူ တစ်ရက်ပဲ အသက်ရှင်နေရတော့မယ်ဆိုတာ သိရရင် မတုန်လှုပ်ဘဲ နေမလား'

ဒီလို ပြောသံကြားရပြန်တော့ ခိုင်ဘွားအတွက် မြသီဂိ စိတ်မကောင်းဖြစ်ရပြန်သည်။ လှိုင်ဘွားကလည်း ငြိမ်သက်သွား၏။

သူလည်း အစ်ကို့ကို ကိုယ်ချင်းစာမိဟန်တူသည်။ ထို့ကြောင့် မြသီဂိက…

'ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်လေ၊ တို့က သူ့ကို အကာအကွယ်ပေးရမယ် မဟုတ်လား၊ အားတင်ထား



www.burmeseclassic.com

www.burmeseclassic.com


ပါ ကိုလှိုင်ဘွား၊ ဒီနေ့နဲ့ မနက်ဖြန်ကို ဂျင် ကောင်း ကောင်းကျော်လွှားနိုင်လိမ့်မယ်လို့ ယုံတယ်'

'မင်းတို့နှစ်ယောက် ငါ့ကို တစ်ခုခု အကူအညီပေးကြ ပါဦး'

ရုတ်တရက် ခိုင်ဘွားက ပြောလိုက်သည်။

'ဘာလဲ'

'ဘာကူညီရမှာလဲ'

'ခုနဦးသံတိုင် အိမ်သွားရင်း သရဲတွေ့လို့ ငါ ကြောက် လန့်ပြီး ထွက်ပြေးလာတော့ ဗီဒီယိုကင်မရာ အဲဒီအိမ် မှာ ပြုတ်ကျကျန်ခဲ့တယ်၊ ခြံအပြင်ရောက်မှ ငါသိ တယ်၊ ဒါပေမဲ့ ငါလည်း နောက်တစ်ခေါက် ပြန်ဝင် မယူရဲတော့ဘူးလေ'

'အဲဒီတော့...'

'အဲဒီတော့ ငါ့ကိုယ်စား မင်းတို့ သွားပြန်ယူပေးစမ်း ပါ'

နောက်ဆုံးတော့ လှိုင်ဘွားနှင့် မြသီဂီတို့ ဦးသံတိုင်အိမ် ဆီ ထွက်လာခဲ့ကြရပြန်သည်။

ညက အမှောင်ကြီးစိုး၍နေလေပြီ။ အမှောင်ထုထဲတွင်


www.burmeseclassic.com

www.burmeseclassic.com


သူကင်းမဲ့သည့် အိမ်ကြီးကို ကြည့်ရသည်မှာ မကောင်းဆိုး
ါးတစ်ကောင် ငုတ်တုတ်ထိုင်နေတာ မြင်ရသကဲ့သို့ ရှိ၏။
ကြည့်နေရင်း မြသီဂီပင် ကျော့ချမ်းလာရာ ဘေးတွင် လှိုင်ဘွား
သာမပါပါက အိမ်ဝကပင် လှည့်ပြီး ပြန်ဖြစ်လိမ့်မည်ထင်ပါ
သည်။

အခုတော့ အထဲမဝင်ချင်ဘူး ပြောလျှင် သိက္ခာကျပေ
တော့မည်။

သို့သော် သူ့အခြေအနေကိုကြည့်ကာ ရိပ်မိပုံရသော
လှိုင်ဘွားက…

'မင်း ဒီအပြင်မှာ နေချင် နေခဲ့လေ၊ ငါပဲ အထဲဝင်ယူ
လိုက်မယ်'

ဟု ပြော၏။ ပထမတော့ ထိုအကြံအတိုင်း လိုက်နာဖို့
စိတ်ကူးလိုက်သေးသည်။ သို့သော် အပြင်တွင် အဖော်မရှိဘဲ
တစ်ယောက်တည်းနေခဲ့ရသည့်အဖြစ်က လှိုင်ဘွားနှင့်အတူ
အထဲလိုက်ဝင်သည်ထက် ပို၍ဆိုးဝါးသည်ကို တွေးမိရင်း…

'ဘယ်ဖြစ်မလဲ၊ နှစ်ယောက်အတူတူလာခဲ့ပြီးမှ ဘာလဲ၊
ငါ့ကို ကြောက်နေတယ်ထင်လို့လား၊ လာ… ဝင်ကြ
မယ်'


www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဝင်ခဲ့ကြသည်။ လှိုင်ဘွား လက်ထဲတွင် လက်နှိပ်ဓာတ်မီးတစ်လက် ပါလာ၏။ မှောင်မိုက်နေသော အိမ်အတွင်းတွင် လက်နှိပ်ဓာတ်မီးကို အားပြုကာ ဝင်ခဲ့ကြသည်။ အိမ်အတွင်းတွင် လက်နှိပ်ဓာတ်မီးအရောင် ကျရောက်ရာနေရာကလွဲ၍ မှောင်မိုက်နေ၏။ ဆိုးဆိုးဝါးဝါး အပုပ်နံ့တစ်ခုကို ရလိုက်၏။

'ဟာ… နံလိုက်တာ'

လှိုင်ဘွား၏ ထုတ်ဖော်ညည်းသံ ကြားရသဖြင့် သူလည်း အပုပ်နံ့ရတာ သေချာနေသည်။ ပတ်ဝန်းကျင်အမှောင်ထု အပုပ်နံ့ဆိုတာတွေက မကြောက်တတ်ဘူးဆိုသော မြသီကိုပင် ကြက်သီးထသွားစေ၏။

သူ ကြားဖူးခဲ့တာက နာနာဘာဝ မကောင်းဆိုးဝါးများသည် ကိုယ်ထင်မပြရင် အပုပ်နံ့ ပေးတတ်သည်ဆိုသော စကားဖြစ်၏။

သို့သော်…

လှိုင်ဘွားကတော့ တုန်လှုပ်ဟန် မပြ။ လက်နှိပ်ဓာတ်မီး ဝေ့ဝဲထိုးကာ တစ်စုံတစ်ခုကို ရှာဖွေသလိုပြုပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ငါ ထင်သားပဲ၊ အကောင်တစ်ကောင် သေနေတာ ဖြစ်မှာလို့၊ ဟိုမှာကြည့်'

သူ ညွှန်ပြရာ ကြည့်လိုက်သောအခါ မီးရောင်ထဲတွင် သေနေသော ကြွက်တစ်ကောင်ကို တွေ့ရလေသည်။ ကြွက်မှာ ပုပ်ပွစပြုနေပြီဖြစ်ရာ သူ့ထံမှ အနံ့ထွက်နေခြင်း ဖြစ်သည်။ သူတို့ ရှေ့ဆက်လျှောက်လာခဲ့ကြသည်။ ချိုးချိုးချွတ်ချွတ် အသံ တွေ ဟိုက ဒီက ကြားရ၏။

ဤအိမ်တွင် လူမနေတာ ကြာပြီ ဖြစ်သဖြင့် ကြွက်များ ပေါက်ဖွားချင်တိုင်း ပေါက်ဖွားကာ သောင်းကျန်းနေကြဟန် တူသည်။

သူတို့ အခန်းထောင့် တစ်နေရာတွင် ကျနေသော မီးသွား၏ ဗီဒီယိုကင်မရာကို တွေ့သဖြင့် ကောက်ယူလိုက် ကြသည်။

'ကဲ… ကင်မရာ ရပြီ၊ ပြန်ကြရအောင်'

မြသီဂီက ဆော်သြလိုက်သည်။ သူက ဒီအိမ်မှာ အစ်စက်ကလေးမှ ဆက်မနေချင်။ ထိုစဉ် မှန်ပြတင်းဝမှ လှမ်း ကြည့် မြင်လိုက်ရသဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အမေ့…'

အထိတ်တလန့် အသံထွက်ကာ မြသီဂီက လှိုင်ဘွား အနီး အလိုလိုတိုးကပ်သွား၏။

'ဘာဖြစ်တာလဲ'

'လူ… လူ… လူရိပ် မြင်လိုက်လို့'

'ဘယ်မှာလဲ'

'ပြတင်းပေါက်မှာ'

လှိုင်ဘွား ကြည့်လိုက်တော့ ဘာမှမမြင်။ မြသီဂီသည် မိန်းကလေးပီပီ အကြောက်လွန်ကာ မြင်ချင်ရာ မြင်နေ သည်။

သို့သော် ဤအကြောင်းကို ထုတ်ဖော်ပြောလျှင် စိ ဆိုးနေပေဦးမည်။

ထို့ကြောင့်…

'ကဲ… ဒီအိမ်ထဲက အမြန်ဆုံးထွက်ကြမယ်'

ဟု ပြောကာ နှစ်ယောက်သား အိမ်ရှေ့တံခါး ဦးတည်ကာ လျှောက်သွားကြစဉ်…

ရုတ်တရက် တံခါးပွင့်သွားကာ တံခါးဝတွင် ရပ်

www.burmeseclassic.com

www.burmeseclassic.com



သော မည်းမည်းအရာကြီးကို တွေ့လိုက်ရသောအခါ...

မြသီဂီသည် ထိတ်လန့်ကာ လိပ်ပြာလွင့်စဉ်မတတ်ပင် ဖြစ်၍ သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ကံက ဆန်းတယ်။ ဒါကြောင့် အဖြစ်တွေက ဆန်းနေတာ။ အောင်မြတ်ဇော်ဟာ သူ့ရဲ့ ၂၁ နှစ်ပြည့် မွေးနေ့မှာ သေခဲ့ရတယ်။ ခိုင်ဘွားရော သူ့ရဲ့ ၂၁ နှစ်ပြည့်မွေးနေ့မှာ သေရဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com

# (၇) တမလွန်က ဝတ်မှုံ

www.burmeseclassic.com

www.burmeseclassic.com

## (၇) တမလွန်က ဝတ်မှုံ

မှန်သည်။ တံခါးဝတွင် ပိတ်ကာ ရပ်နေသော အရာက လူသဏ္ဌာန်ဖြစ်သော်လည်း အိမ်အပြင်ဘက်က လရောင်ကို ကျောပေးကာ ရပ်နေသည့်အတွက် ကြီးထွားသော လုံးရပ်သဏ္ဌာန် မည်းမည်းကိုသာ မြင်ရသည်။ မြသီဂီက ထိတ်လန့်ညည်းဆိုလည်း ထိတ်လန့်ဖွယ်ကောင်းလှသည်။ ဒီလိုအချိန်၊ ဒီလိုနေရာမျိုးကို သရဲကလွဲ၍ ဘယ်လိုလူက ရောက်လာနိုင်ညည်းနည်း။ လှိုင်ဘွားက သူ့လက်ထဲက လက်နှိပ်ဓာတ်မီးကို ထိုမည်းမည်းအရာဆီသို့ ထိုးကြည့်လိုက်၏။

'မင်း လက်နှိပ်ဓာတ်မီးကို မြန်မြန်ဖယ်လိုက်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် ရပ်နေသူမှာ အိမ်ပွဲစား ဦးကျော်လင်း ဖြစ်ကာ သူ့ကို လက်နှိပ်ဓာတ်မီး အထိုးခံရသဖြင့် ဒေါသဖြင့် အော်ဟာစ်လိုက်ခြင်း ဖြစ်၏။ ဒီဦးကျော်လင်းကို မြသီဂီလည်း တစ်ကြိမ်ဆုံခဲ့ဖူးသည်။

လှိုင်ဘွားက…

'ဦးကျော်လင်း… ဒါ ဘာလာလုပ်တာလဲ'

ဟု စကားရောဖောရော မေးလိုက်၏။

ဦးကျော်လင်းက…

'ဒီစကားကို ငါက ပြောရမှာပါကွ၊ မင်းတို့က ဘာလို့ ဒီအချိန် ဒီအိမ်ထဲ ရောက်နေရတာလဲ၊ ဒီအိမ်က ငါ့ကို ရောင်းဖို့အပ်ထားတာ မင်းတို့ သိတယ်နော်၊ ငါ့ခွင့်ပြု ချက်မရဘဲ ဝင်ရင် မင်းတို့ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲနိုင်တယ်၊ ဒီအိမ်ရှေ့က ငါ ဖြတ်ပြန်ရင်း အိမ် ထဲမှာ မီးလင်းနေတာ တွေ့လို့ အခု ဝင်ကြည့်တာ'

လှိုင်ဘွားက ရုတ်တရက် ဘာပြန်ပြောရမလဲ မသိ… မြသီဂီက ဝင်၍ သွက်လက်စွာ…

'ဒီလိုပါ… ဒီအိမ်မှာ သရဲရှိတယ်ဆိုလို့ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုနဲ့ မှတ်တမ်းတင်ရိုက်ရအောင် ရောက်လာတာပါ’ ဟု လိမ်ညာလိုက်၏။

ဦးကျော်လင်းက လှိုင်ဘွားလက်ထဲတွင် ကိုင်ထားသည့် ဘင်မရာကို မြင်ကာ ယုံကြည်သွားဟန်တူ၏။ ပြုံးကာ…

‘တော်တော်ရှူးတဲ့ ကလေးတွေပဲ၊ သရဲကို ဗီဒီယိုရိုက် မလို့ ဟုတ်လား၊ ဒီအိမ်မှာ ဘာသရဲမှ မရှိဘူးလို့ ငါ ပြောခဲ့ဖူးသားပဲ၊ တကယ်ရှိနေရင်ရော ဗီဒီယိုရိုက်လို့ ရမလားကွ၊ တစ္ဆေသရဲဝိညာဉ်ဆိုတာ အငွေ့သဘောပဲ၊ ဘယ်လိုလုပ် အရုပ်ထင်ပါ့မလဲ’

သူတို့သုံးယောက် ထိုအိမ်ထဲမှ လမ်းလျှောက်ကာ ထွက် ခဲ့ကြသည်။

ဦးကျော်လင်းက…

‘အခုရော မင်းတို့ သရဲကို တွေ့ခဲ့ကြလား’

နှစ်ယောက်စလုံးက ခေါင်းခါယမ်းပြလိုက်သည်။

‘ငါ ပြောသားပဲ၊ ဘာမှမရှိပါဘူးလို့၊ မင်းတို့ ကောလာ ဟလတွေ လျှောက်ဖြန့်မနေနဲ့နော်၊ တစ္ဆေသရဲရှိတယ် ဆိုရင် ငါ့အိမ် ရောင်းမထွက်ဘဲ ဖြစ်နေဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်လင်းက ခြံရှေ့တွင် ရပ်ထားသော သူ့ကားပေါ် တက်၍ မောင်းထွက်သွားသည်။ သူတို့နှစ်ယောက်လည်း ကား ဖြင့် ပြန်ခဲ့ကြသည်။

ကားပေါ်တွင် မြသီဂီက…

'ငါတော့ မစဉ်းစားတတ်ဘူး၊ တို့က ဘာမှမတွေ့ဘူး။ ကိုနိုင်ဘွားကတော့ တွေ့တယ်တဲ့၊ သူ့ကို ညာပြောတယ် လို့ စွပ်စွဲဖို့လည်း ခက်နေပြီ'

ဒီမြို့ရောက်မှ မြသီဂီသည် စိတ်ဝင်စားစရာတွေ တစ်ခု ပြီးတစ်ခု တွေ့၍နေသည်။ ယခင်ကတော့ အမေ တိုက်တွန်း၍ သာ ထွက်လာရသော်လည်း ဤတောမြို့ကကလေးတွင် သုံး လေးရက် နေရသည်မှာ အတော်ပင် ပျင်းစရာကောင်းပေလိမ့် မည်ဟု တွေးဆလာခဲ့၏။ ယခုတော့…

ဒီကို မရောက်ခင်က မြသီဂီသည် ဒီညီအစ်ကိုနှစ် ယောက်အကြောင်းကို မေ့လျော့နေခဲ့၏။ အခုတော့ အချိန်တို တိုကလေးမှာ သံယောဇဉ်ဖြစ်၍နေရသည်။ အထူးသဖြင့် သူ့ ကို အဖော်လုပ်ပေးနေသော လှိုင်ဘွား။

လှိုင်ဘွားက သနားစရာ လူငယ်လေးတစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိဘလက်ငုတ် စီးပွားရေးဖြစ်သည့် လီမွှော်ခြံကိုလည်း ဦးစီးလုပ်ကိုင်နေရသည်။ မိခင် လူမမာကိုလည်း စောင့်ရှောက်နေရ၏။ အစ်ကိုထံမှလည်း ဘာအကူအညီမျှ မရ။ အစ်ကိုကိုယ်တိုင်က ဒုက္ခတွေ့နေသူ။

'မင်း ဘာတွေစဉ်းစားနေတာလဲ၊ အိမ်တောင်ရောက်ပြီ'

လှိုင်ဘွားက ကားရပ်ရင်း မေးလိုက်သည်။

'ဘာမှမဟုတ်ပါဘူး၊ မနက်မှ တွေ့မယ်'

လှိုင်ဘွားတို့အိမ်ရှေ့တွင် သူ ရပ်ထားသော ဒေါ်ခင်ခင်ကြီး၏ ကားကိုမောင်းကာ အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ဒေါ်ခင်ခင်ကြီးက စောင့်နေ၏။

'ငါက စိတ်ပူနေတာ'

'တောင်းပန်ပါတယ် အန်တီခင်'

တကယ်တော့ သူ မမျှော်ခင် ပြန်ရောက်သင့်သည်။

'ခုန ရန်ကုန်က မင်းအမေဆီက ဖုန်းလာသေးတယ်၊ မင်း လက်ကိုင်ဖုန်းကို ဆက်မရလို့လို့ ပြောတယ်'

ဟုတ်သည်။ ဦးသံတိုင်တို့အိမ်ထဲဝင်စဉ်က သူ့လက်ကိုင်ဖုန်းကို ပိတ်ထားခဲ့သည်။ ခုချိန်ထိ ပြန်မဖွင့်ရသေး။



www.burmeseclassic.com

www.burmeseclassic.com


'ငါ ထမင်းပွဲသွားပြင်လိုက်ဦးမယ်၊ မင်းအမေဆီ ဖုန်း ပြန်ခေါ်လိုက်ဦး'

ဒေါ်ခင်ခင်ကြီးက ပြောကာ မီးဖိုခန်းထဲ ဝင်သွားသည်။ မြသီရိက ရန်ကုန်က သူ့အမေဆီ ဖုန်းဆက်လိုက်၏။

အမေက...

'သမီး... နေကောင်းရဲ့လား၊ နေရထိုင်ရတာ အဆင် ပြေလား'

'နေကောင်းပါတယ် မေမေ၊ အန်တီခင်ကလည်း ဂရု စိုက်ပါတယ်၊ အားလုံး အဆင်ပြေပါတယ်'

ဒီဘက်က တွေ့ကြုံနေရသော ကိစ္စတွေကို ဖွင့်မပြော မနေတော့။ သူ့အမေ စိတ်ပူနေမှာစိုးသောကြောင့် ဖြစ်သည်။ အမေက...

'သမီး ပျင်းနေမလားလို့'

'မပျင်းပါဘူး အမေ'

'ဘယ်တော့ ပြန်လာမလဲ'

'တစ်ရက်၊ နှစ်ရက်လောက် နေလိုက်ဦးမယ်'

တကယ်ဆို မနက်ဖြန် သူ ပြန်ဖို့စီစဉ်ထားပြီးသား


www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဒီရောက်မှ ထူးထူးခြားခြားတွေ့ဆုံနေရသည့် နိုင်ဘွား ပြဿနာကို သူ စိတ်ဝင်စားနေသည်။ မနက်ဖြန် နိုင်ဘွား ၂၁ နှစ်ပြည့်ပြီ။ ဘာတွေဖြစ်မလဲ။ နိုင်ဘွား ၂၁ နှစ်ပြည့်နေ့ ကျော်တဲ့အထိ ဒီမှာနေထိုင်ကာ စောင့်ကြည့်ဖို့ သူ ဆုံးဖြတ် ထားလိုက်သည်။

'သမီး ဘာတွေစဉ်းစားနေတာလဲ'

'ရှင်··· ဘာမှမစဉ်းစားပါဘူး၊ တစ်ရက်၊ နှစ်ရက် နေမှပဲ ပြန်လာခဲ့မယ်နော် မေမေ'

'ကောင်းပါပြီ··· သဘောပါပဲ၊ ဝှတ်နိုက်'

'ဘိုင်··· အိပ်မက်လှလှမက်ပါစေ'

တယ်လီဖုန်းဆက်ပြီးသည်နှင့် ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။ တကယ်တော့ သူလည်း ဗိုက်အတော်ပင် ဆာလောင်နေလေပြီ။ ဒါကြောင့် ထမင်းကို အတော်ပင်ဂရုစိုက်ကာ စားလိုက်၏။

'ဒီနေ့ ဘယ်တွေရောက်ခဲ့လဲ'

ဒေါ်ခင်ခင်ကြီးက မေးသဖြင့် မြသီဂီက အမှန်အတိုင်း ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'မင်းက ဘာလို့ ဒါတွေကို စိတ်ဝင်စားနေတာလဲ'

'ကျွန်မ ကိုနိုင်ဘွားကို ကူညီချင်လို့ပေါ့ ထင်တာပဲ'

ဒေါ်ခင်ခင်ကြီးက သက်ပြင်းချသည်။

'ဟုတ်တယ်၊ မနက်ဖြန်ကျရင် နိုင်ဘွား ၂၁ နှစ်ပြည့်ပြီ၊ ဦးသံတိုင် ကျိန်စာတိုက်ထားတာကလည်း ၂၁ နှစ်ပြည့်ရင် သူ့သားကိုယ်စား ကလဲ့စားချေမယ်ဆိုတာပဲ၊ မနက်ဖြန်တစ်ရက်ကို ကျော်လိုက်နိုင်ရင်တော့ ဒီကျိန်စာ ပျက်ပြယ်သွားလိမ့်မယ်လို့ ထင်တယ်'

'အင်း… လောကက တော်တော်ဆန်းတယ်နော်'

မြသီဂီက မှတ်ချက်ချလိုက်သည်။

ဒေါ်ခင်ခင်ကြီးက…

'ကံက ဆန်းတယ်၊ ဒါကြောင့် အဖြစ်တွေက ဆန်းနေတာ၊ အောင်မြတ်ဇော်ဟာ သူ့ရဲ့ ၂၁ နှစ်ပြည့်မွေးနေ့မှာ သေခဲ့ရတယ်၊ နိုင်ဘွားရော သူ့ရဲ့ အသက် ၂၁ နှစ်ပြည့် မွေးနေ့မှာ ဒီလို ကံကြမ္မာဆိုးနဲ့ ရင်ဆိုင်ရဦးမှာလား'

ဟု တစ်ကိုယ်တည်း ရေရွတ်သလို ရေရွတ်နေသည်။

း‌မှ…



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါ သတိရလို့ ခေါ်လိုက်တာ၊ ဒီရောက်ရင် ပျော်ရွှင်နိုင်လိမ့်မယ်လို့ ထင်ခဲ့တာ၊ အခုလို မင်း စိတ်ထိခိုက်စရာတွေနဲ့ ကြုံရတာ တောင်းပန်ပါတယ်'

'မဟုတ်တာပဲ အန်တီခင်၊ ကျွန်မ ဒီမြို့မှာရောက်တုန်း ဒီလို စိတ်ဝင်စားစရာလေးတွေနဲ့ ကြုံရတာ ကုသိုလ်ထူးလို့လို့ ထင်ပါတယ်'

'သမီးက ဒီနေ့တစ်နေ့လုံး တခြားနေရာတွေကိုတော့ ရောက်တယ်၊ အောင်မြတ်ဇော် ဆုံးတဲ့နေရာကိုတော့ မရောက်ခဲ့ဘူးလား'

ဒေါ်ခင်ခင်ကြီး ပြောမှ သူ သတိရလာသည်။

'အဲဒါက ဘယ်နေရာနားမှာလဲဟင်'

'မြို့ပြင် ကားလမ်းလေးမှာ သူတို့ကားနဲ့ ဝင်တိုက်ခဲ့တဲ့ သစ်ပင်ကြီးက အခုအထိ ရှိနေသေးတယ်၊ အဲဒီသစ်ပင်အောက်မှာ ကျောက်တိုင်လေးတစ်တိုင် ရှိတယ်၊ အဲဒါဟာ မြို့က အောင်မြတ်ဇော်အတွက် စိုက်ထားတဲ့ ကျောက်တိုင်ပဲ၊ ဒီမြို့ကလူတွေနဲ့ မျက်လုံးထဲမှာတော့ သူက တကယ့်သူရဲကောင်းတစ်ယောက် ဖြစ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အဲဒီကျောက်တိုင်မှာ သူ့ကို အမှတ်ရတဲ့ လူတွေက ပန်းစည်းတွေ လာချကြတယ်၊ အမွှေးတိုင်တွေ လာထွန်းကြတယ်'

'တော်တော်စိတ်ဝင်စားစရာကောင်းမယ့် နေရာလေးပဲ အန်တီခင်၊ မနက်ဖြန်ကျရင် ကျွန်မ သွားကြည့်လိုက်ဦးမယ်'

ညေ့ခန်းထဲတွင် သူတို့ ရုပ်မြင်သံကြား ကြည့်ကြသည်။ အန်တီခင်က ဇွဲကောင်းကောင်းနှင့်ကြည့်နေသော်လည်း မြသီက စောစောအိပ်ရာဝင်ခဲ့သည်။ သူ တစ်နေ့လုံး ဟိုသွားဒီသွားနှင့် ပင်ပန်းနေခဲ့သည်။ အနားယူတာက ပိုကောင်းမည်။

သူ မီးချောင်းကိုပိတ်ကာ အိပ်ရာထဲ လှဲလိုက်သည်။ ခဏမျှ မှေးနေ၍ မျက်လုံးတွေဖွင့်လိုက်တော့ အခန်းထဲမှာ မီးချောင်းက လင်းနေသည်။ သူ ပိတ်ခဲ့လား၊ မပိတ်ခဲ့လား မသေချာ။ ဇဝေဇဝါဖြစ်နေသည်။ ထို့ကြောင့် အိပ်ရာထဲမှ ထကာ နောက်တစ်ကြိမ် ပိတ်လိုက်၏။ ဒီတစ်ခါတော့ အိပ်ရာထဲ ပြန်လှဲ၍ မျက်လုံးမှ မပိတ်ရသေးခင် မီးချောင်းက ချောင်းခနဲမြည်ကာ ပြန်ပွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသီဂီ အနည်းငယ်တုန်လှုပ်ကာ အိပ်ရာထဲမှ ထထိုင်လိုက်သည်။ ထူးခြားလှချည်လား။ စိတ်ထဲတွင် ကြောက်စိတ်အနည်းငယ် ဖြစ်ပေါ်လာ၏။ သူ အိပ်ခန်းတံခါးက ပိတ်ထားသည်။ အခန်းထဲမှာလည်း သူကလွဲ၍ ဘယ်သူမျှ မရှိ။ သူ မီးမဖွင့်ဘဲ ဘယ်သူက ဖွင့်တာလဲ။

မမြင်ရသော ဝိဉာဉ်ကလား။

ဒီအခန်းက ဝတ်မှုံအခန်း။ သူ ရောက်လာကတည်းက ဝတ်မှုံက ဤအခန်းတွင် သူ ရှိနေကြောင်း တစ်နည်းမဟုတ်တစ်နည်း ပြသနေသလား။

မီးကို သူ ထပိတ်မနေတော့။ စောင်ကိုသာ ခေါင်းမြီးခြုံကာ အိပ်လိုက်၏။ ဒီလိုအိပ်နေပြန်တော့မှ 'ချောက်' ခနဲ အသံကြားကာ မီးက ပိတ်သွားပြန်သည်။ စောင်ခြုံအောက်အထင် မီးပိတ်သွားတာ သူသိလိုက်၏။ မြသီဂီက စောင်ကိုဖွင့်ကာ ကြည့်လိုက်သည်။ သူ့အခန်းမှာ မှောင်အတိကျနေသည်။ ပြတင်းမှန်ပေါက်က လရောင်ပင် ဝင်ရောက်မနေ။ ညရောက်သည့် ပြတင်းပေါက်ကို မြသီဂီက လိုက်ကာဖြင့် ပိတ်ထားလေ့ရှိသည်။ အခန်းထဲတွင် လင်းနေသဖြင့် အပြင်က သူ့မမြင်နိုင်

www.burmeseclassic.com



အောင် ဖြစ်သည်။ အခုတော့ သူ့အခန်းမှာ ပိန်းပိတ်အောင် မှောင်၍နေသည်။

အခန်းထဲတွင် လူတစ်ယောက် လမ်းလျှောက်နေသည့် ခြေသံတဖျတ်ဖျတ် ကြားနေရ၏။ ထိုခြေသံက အဆက်မပြတ် အခန်းထဲတွင် လှည့်ပတ်လျှောက်နေသလို ထွက်ပေါ်နေသည်။ မြသီဂိ လှဲမနေနိုင်တော့။ ခုတင်ပေါ်တွင် ထထိုင်လိုက်သည်။ ပတ်ဝန်းကျင် အမှောင်ထုထဲကို မျက်စိအားစိုက်ကာ ကြည့်ရှု၏။

ဘာမျှ မမြင်ရ။ သို့သော် သင်းပျံ့သော အနံ့တစ်ခုက သူ့အပါးမှကပ်ကာ ထွက်ပေါ်လာသည်။ သူ ကောင်းကောင်း မှတ်မိသည်။ ဒါက ဝတ်မှုံ အသုံးပြုလေ့ရှိတဲ့ ရက်ဗလွန်ရေမွှေး နံ့ပဲ။

မြသီဂိ ဆက်မနေရဲတော့။ ခုတင်ပေါ်က ဆင်းကာ ထိုအခန်းထဲက ထွက်ပြေးလာခဲ့သည်။ မှောင်ထဲတွင်ဖြစ်သဖြင့် သူသည် အခန်းထဲရှိ ခုံကို တိုက်မိကာ လဲကျသွားသည်။ အခန်းတံခါးကို အမြန်ဆွဲဖွင့်ကာ အပြင်ထွက်လိုက်ရတော့မှ ကြောက်စိတ်ပြယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘေးခန်းမှ အခန်းတံခါးဖွင့်ကာ ဒေါ်ခင်ခင်ကြီး ထွက်လာသည်။ သူ့အခန်းထဲမှ ဆူဆူညံညံ အသံတွေ ကြားသောကြောင့်ဖြစ်သည်။

မြသီဂီကို ကြည့်ကာ…

'သီဂီ ဘာဖြစ်တာလဲ'

ဟု မေးလေသည်။

မြသီဂီက အဖြေရကျပ်နေသည်။ ပြီးမှ စဉ်းစားမိကာ…

'သီဂီလေ ၊ အန်တီခင်နဲ့ အတူတူအိပ်ချင်လို့၊ အိပ်လို့ရမလားဟင်'

ဟု မေးလိုက်၏။

ဒေါ်ခင်ခင်ကြီးက ပြုံးရယ်ကာ…

'ဝတ်မှုံနဲ့ တူလိုက်တာ၊ သမီးလည်း မဆုံးခင်က ဒီလိုပဲ၊ သူ စိတ်ကူးပေါက်ရင် အမေနဲ့အိပ်ချင်လို့လို့ ပြောပြီး အတူတူလာအိပ်တတ်တယ်၊ လာလေ သီဂီ'

ဟု ဖိတ်ခေါ်လိုက်၏။ မြသီဂီက ပျော်သွားသည်။ ဒေါ်ခင်ခင်ကြီး၏နောက်က ပါသွားသည်။ တင့်ယောက်အိပ်

www.burmeseclassic.com

www.burmeseclassic.com



ခုတင်လေးပေါ်တွင် နှစ်ယောက် ပူးပူးကပ်ကပ် အိပ်ကြသည်။ ဒေါ်ခင်ခင်ကြီးက…

'သမီးလေးကို သတိရလိုက်တာ'

ဟု ဆိုသည်။ မြသီဂီလည်း သတိရ၍နေသည်။ ဤ အိမ်နှင့် ပန်းခြံတစ်ဝိုက် သူတို့ငယ်စဉ်က ပြေးလွှားဆော့ကစားခဲ့ကြတာကို ပြန်လည်မြင်ယောင်နေမိသည်။ ရုတ်တရက် ဒီလို ဆိုးဝါးလှသော ကြမ္မာနှင့် ဝတ်မှုံ ရင်ဆိုင်ရလိမ့်မည်ဟု သူ မတွေးမိခဲ့။

'သမီးဝတ်မှုံက သမီးသီဂီကို သိပ်ခင်တာ၊ တဖွဖွ အမြဲသတိတရ ပြောတတ်တယ်၊ သမီး သေရတာဟာ သူ့အဖေ ပယောဂလည်း မကင်းဘူး'

'ဘာဆိုင်လို့လဲ အန်တီခင်'

'သီဂီလည်း သိတယ်၊ အန်တီခင်ရဲ့ခင်ပွန်းဟာ အမဲလိုက် သိပ်ဝါသနာပါတာ၊ သားကောင်တွေကို ဒီလောက် လက်ရဲဇက်ရဲ သတ်ဖြတ်နေတော့ ဒီအကုသိုလ်ကံကျိုး တွေက အန်တီခင်တို့ မိသားစုတွေအပေါ် ကျရောက် လာတော့တာပေါ့၊ သမီးကလေးက သက်သက် ဓားစာ

www.burmeseclassic.com

www.burmeseclassic.com



ခံဖြစ်သွားရတာလို့ ထင်တယ်'

'ဒီလိုမထင်ကောင်းပါဘူး အန်တီခင်ရယ်'

မြသီဂီက ဉာဏ်မြူသာ ပြောနိုင်သည်။ ဝတ်မှုံ ဒီလိုဖြစ်ရတာ အတိတ်ဘဝက အကုသိုလ်ကံ အကျိုးပေးတာဟုပင် ထင်၏။ ဒေါ်ခင်ခင်ကြီးက သူ့ဘက်ကိုလှည့်ကာ သူ့ကို မွေ့တော်ထားသည်။

သူ့သမီး ဝတ်မှုံဟု ယူဆနေသလား မသိ။ သူကလည်း ဒီလိုယူဆတာကို ငြင်းပယ်မနေချင်။ နွေးထွေးကာ ရင်ခွင်ထဲသွင်း ကြောက်ရွံ့စိတ်တွေ လွင့်ပြယ်သွားကာ မြသီဂီ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်က တစ်စုံတစ်ယောက်ကို ပူးကပ်လိုက်ပြီ ဆိုရင် အဲဒီလူဟာ မူလစိတ် မရှိတော့ဘူး။ ပူးကပ်နေတဲ့ ဝိညာဉ်ရဲ့ စေခိုင်းရာအတိုင်းပဲ လိုက်လုပ်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# (၈) ပူးကပ်နေသည့် ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com

## (၈) ပူးကပ်နေသည့် ဝိညာဉ်

ဤနေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။ အရင်နေ့များလိုပင် ဆင်းရှူးမြိုင်၏ နံနက်ခင်းမှာ ငြိမ်သက်တိတ်ဆိတ်စွာ ရှိ၍နေပေသည်။ နေသည် အရှေ့ဘက်က ထွက်လာသည်။ အေးစိမ့်စိမ့်လေကလည်း ညင်ညင်သွေးသွေး တိုက်ခတ်နေသည်။ တခြားနေ့တွေနှင့် မထူးခြား။ သို့သော်...

ခိုင်ဘွားတစ်ယောက်အတွက်တော့ တစ်မျိုးဖြစ်သည်။ ဤနေ့သည် သူ ၂၁ နှစ်ပြည့်မြောက်သောနေ့ဖြစ်သည်။ သူ့ဦးဆေးသံတိုင်၏ စကားအရတော့ သူ့အသက်ကို ဤ ၂၁ နှစ်ပြည့်သောနေ့တွင် လာရောက်နုတ်ယူမည်ဟု ပြောခဲ့၏။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ထိတ်လန့်မိတာကို အဆိုးမဆိုနိုင်။ မည်သူမျှ မိမိ အသက်ဆုံးရှုံးမည်ကို အသာတကြည် လိုလိုလားလား ရှိလိမ့်မည်မဟုတ်။

သူ မနက်စောစောထကာ ဘုရားရှိခိုးသည်။ သောက်တော်ရေ ကပ်သည်။ ခြံထဲက ပန်းတွေခူးကာ ပန်းကပ်သည်။ ယနေ့သည် သူ့ဘဝ၏ နောက်ဆုံးနေ့ တကယ်ဖြစ်ခဲ့သည်ဆိုဦး။ ဒီလို ကောင်းမှုကုသိုလ်ပြုခဲ့ရတဲ့အတွက် ကျေနပ်မှု တစ်စုံတစ်ရာ ရရှိနိုင်လေသည်။

သူ့ညီ လှိုင်ဘွားကတော့ သူ့ကို အရိပ်တကြည့်ကြည့်နှင့် ရှိနေသည်။ ပြီးတော့ အားပေးသေးသည်။

'ဘာမှ စိတ်ပူမနေပါနဲ့ကွာ၊ မင်း ဒီနေ့ ဘာမှမဖြစ်နိုင်ပါဘူး'

သူက အမေ့ကို သွားကြည့်၏။ အမေက သူ့အခန်းက ပြတင်းပေါက်အနီးရှိ ကုလားထိုင်တွင် ထိုင်ကာ အပြင်ကို ငေးမောကြည့်ရှုနေသည်။

'အမေ သားလေ၊ သားကြီး နိုင်ဘွားပါ'

သူ့အသံကိုမှ ကြားပါလေစ မသိ။ အမေက လှည့်ပင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်။ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက်။ သူ့ အမေ့အားက ခွာလာတော့ အိမ်ရှေ့ထွက်ရပ်နေသော လှိုင်ဘွားကို တွေ့ရသည်။ သူက…

'လှိုင်ဘွား… ဘာတွေထွက်မျှော်နေတာလဲ၊ ဘာလဲ… မြသီဂီကိုလား'

လှိုင်ဘွား မျက်နှာက ရှက်သွေးဖြင့် ရဲခနဲဖြစ်သွား၏။

'မရှက်ပါနဲ့ မင်းကလည်း၊ ကြိုက်ရင် ကြိုက်တယ်ပေါ့'

'ခိုင်ဘွား… တော်တော့ကွာ၊ သူက ညွှသည်၊ ပြီးတော့ မင်းကို ကူညီနေတာ'

'ငါကတော့ မင်းမျက်နှာကြောင့် ကူညီနေတာလို့ ထင်တာပဲ၊ တစ်ခါတလေ ငါ စဉ်းစားကြည့်ပြီး မင်းကို အားနာနေပါတယ်'

'ဘာဖြစ်တာလဲ၊ ညီအစ်ကိုချင်း အားနာရတယ်လို့'

'ဒီလိုလေ… မိဘပိုင် လိမ္မော်ခြံကြီးကိုလည်း မင်းက ဦးစီးနေရတယ်၊ တကယ်ဆို ငါလုပ်ရမယ့်အလုပ်၊ ဒါတာ ငါ့ကိစ္စနဲ့ငါ အလုပ်ရှုပ်နေတော့ ဘာမှလှည့် ကြည့်နိုင်ဘူး၊ မင်းက အမေ့ကိုလည်း တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com

ဂရုတစိုက် ပြုစုနေရသေးတယ်'

'ညီအစ်ကိုချင်း ဒါတွေပြောနေစရာ လိုလို့လားကွာ'

'ဒါကြောင့် တစ်ခါတလေ တို့ကို မငဲ့ညှာဘဲ မင်း ခံစားမှုအတိုင်း ဆုံးဖြတ်စေချင်တယ်၊ မင်း ကောင်း လေးကို ကြိုက်နေတယ်မဟုတ်လား'

'ဒါပေမဲ့...'

စကားဆက်မပြောနိုင်ဘဲ လှိုင်ဘွား ထစ်အသွားသည်။ မြသီဂီက အချိန်တန် အိမ်ပြန်သွားမည့်သူ။ သူ့အချစ်ဖွ ဖွင့်ဟပြဖို့ သင့်၊ မသင့်။

နိုင်ဘွားက တည်ကြည်သောလေသံဖြင့်...

'မင်းနဲ့ မြသီဂီအကြားမှာ ကွာခြားမှုတွေ၊ အတားအ တွေ ရှိနေတယ်ဆိုတာ ငါလည်း မြင်ပါတယ်၊ ဒါ အချစ်ဆိုတာက ဘယ်လိုအတားအဆီးကိုမဆို ကျော် လွှားနိုင်တဲ့အရာတွေ'

လှိုင်ဘွားက ပြုံးကာ သက်ပြင်းချလိုက်ရင်း...

'ဒီမှာ နိုင်ဘွား'

'ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဒီအချိန်မှာတော့ ငါ့ထက်အရေးကြီးတာက မင်းပဲ၊ မင်းအတွက် ငါတို့ စိတ်ပူနေတာ၊ ဒီနေ့ကို ဘယ်လို ဖြတ်ကျော်မလဲ၊ တို့ ဆွေးနွေးကြရအောင်'

ဒီစကားကို ကြားတော့မှ ခိုင်ဘွားသည် ရေခဲရေဖြင့် ချော်နှာကို အပက်ခံရသူလို လန့်ဖျပ်၍သွားပြန်လေတော့သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

မြို့အပြင်အထွက် ကားလမ်းဘေး တစ်နေရာတွင် အတော်အတန်ကြီးမားသည့် သက်ရင့်အပင်ကြီးတစ်ပင် ရှိ၏။ ထိုအပင်အောက်တွင် သုံးပေခန့်မြင့်သော ကျောက်တိုင်ငယ် တစ်ခု ရှိသည်။ ဤနေရာတွင် အောင်မြတ်ဇော်သည် ကား တိုက်မှုဖြစ်ကာ ကွယ်လွန်ခဲ့ရသည်။ ထိုအတွက် အထိမ်းအမှတ် သဖွယ် အောင်မြတ်ဇော်ကို ချစ်ခင်လေးစားသော မြို့ခံလူထု က ဤကျောက်တိုင်ကို စိုက်ထူထားခြင်း ဖြစ်သည်။

ထိုအပင်အောက်တွင် မြသီဂီက ကားကို ထိုးရပ်လိုက် ၏။ ပြီးတော့ အောက်ကိုဆင်းကာ လေ့လာကြည့်ရှုသည်။ ကျောက်တိုင်တစ်ဝိုက်တွင် ချထားသော ပန်းစည်းများကို ...

www.burmeseclassic.com

www.burmeseclassic.com


ရသည်။ တချို့ပန်းတွေက ခြောက်သွေ့လျက်။ တချို့ပန်းတွေ တတော့ လတ်လတ်ဆတ်ဆတ်၊ လန်းလန်းဆန်းဆန်း။ အမွေး တိုင်တချို့ ထွန်းညှိထားတာ တွေ့ရသည်။

အမွှေးတိုင်က အငွေ့တလူလူ ထွက်နေတာ တွေ့ရခြင်း ကြောင့် မကြာခင်ကမှ လာရောက်ထွန်းညှိသွားကြောင်း သိသာ သည်။

သူက ကိုအောင်မြတ်ဇော်ကို မမြင်ဖူးခဲ့။ သို့သော် သိုင်းဘွားတို့ ပြောစကားအရတော့ စိတ်ကောင်းရှိသော လူငယ် တစ်ယောက်ဖြစ်သည်။

သူတို့ညီအစ်ကိုကိုလည်း ချစ်ခင်ဂရုစိုက်သည်။ ခိုင်ဘွား ဘ ကြက်တောင်ရိုက် အားကစားကို ဝါသနာပါလေရာ သူက ကြောခဏ လာရောက်ညွှန်ကြားပြသတတ်သည်ဟု ဆိုသည်။ ဒါဆို တကယ့်လူကောင်းတစ်ယောက်သာ ဖြစ်သည်။ လူ ကောင်းတစ်ယောက် လူ့ဘဝမှ စောစောစီးစီးထွက်ခွာသွားရ ခြင်းမှာ ဆွေးမြည့်ကြေကွဲစရာ ဖြစ်သည်။ မြသီဂီက အောင် မြတ်ဇော်၏ ကျောက်တိုင်ရှေ့တွင် ရပ်ကာ ဘဝတစ်လျှောက် လုံး သူပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်တွေကို ခပ်တိုး တိုး အမျှပေးဝေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို အောင်မြတ်ဇော်ရေ… အမျှ… အမျှ… အမျှ…'

ကားပေါ်ပြန်တက်ကာ ကားပေါ်၌ ထိုင်မိစဉ် ရုတ်တရက် သူ့ပြတင်းပေါက်ဘေးကို လူတစ်ယောက် ရောက်လာသဖြင့် မြသီဂီက အထိတ်တလန့်ဖြစ်သွား၏။ ကြည့်လိုက်တော့ ရာဇာဦးဆိုသော ကောင်လေးဖြစ်နေ၏။ ကောင်လေးက သူ စီးလာသော စက်ဘီးကို ကားဘေးတွင် ရပ်လိုက်ကာ…

'အစ်မရေ… ကျွန်တော် ရာဇာဦးပါ၊ တစ်နေ့က အိမ်ကို ဆီထမင်းလာပို့တဲ့အတွက် ကျေးဇူးတင်စကား ပြောချင်လို့'

ဟု နှုတ်ဆက်သည်။ ကောင်လေးမှာ အတော်ပင် ယဉ်ကျေးရည်မွန်ပုံရ၏။ အဲဒီနေ့က မြသီဂီသည် ဒေါ်ခင်ခင်ကြီး ပို့ခိုင်းသော ဆီထမင်းကို သွားပို့ရင်း သူ့အမေနှင့်သာ တွေ့ခဲ့သည်။ ကောင်ကလေး အိမ်တွင် ရှိမနေ။

'မင်း ဘယ်ကလာတာလဲ'

အောင်မြတ်ဇော်၏ အမှတ်တရ ကျောက်တိုင်ဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသဖြင့် သူ ထူးဆန်းသလို ခံစားရသည်။ ကောင်လေးက ပေါ့ပေါ့ပါးပါးဟန်ဖြင့်…

'ကျွန်တော် စက်ဘီးလျှောက်စီးနေတာ၊ သွားတော့မယ်'

ဟု ပြောကာ စက်ဘီးနင်း၍ ထွက်ခွာသွားလေသည်။ စက်ဘီးစီးပြီး ထွက်ခွာသွားသော ကောင်လေးကို ငေးမော ကြည့်နေစဉ် လက်ကိုင်အိတ်ထဲမှ ဖုန်းက မြည်လာသဖြင့် သန့်သွားသေး၏။

နားထောင်လိုက်တော့ လှိုင်ဘွား ဖြစ်နေသည်။

'သီဂီ ဘယ်ရောက်နေသလဲ'

'ကားနဲ့ လမ်းပေါ်မှာ၊ တိတိကျကျ ပြောရရင်တော့ ကိုအောင်မြတ်ဖော် အမှတ်တရ ကျောက်တိုင်ကို ကြည့်ချင်တာနဲ့ သွားကြည့်တာ'

'ဘာထူးခြားလဲ'

'ဘာမှမထူးခြားဘူး၊ ကိုနိုင်ဘွားရော အခြေအနေ ကောင်းရဲ့လား'

'ကောင်းတယ်၊ သူ့ကြည့်ရတာ အရင်နေ့တွေကထက် တည်ငြိမ်နေတယ်၊ မင်း ဘယ်တော့ အိမ်ကိုလာမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခဏနေရင် ရောက်လာခဲ့မယ်'

မြသီဂီက ကားကို မြို့အရှေ့ဘက်ရှိ ဘုန်းကြီးကျောင်း တွေရှိရာ မောင်းလာခဲ့သည်။ ဓမ္မာသီရိကျောင်းဆိုတာကို အလွယ်တကူ တွေ့ရသည်။ ဒေါ်ခင်ခင်ကြီးတို့ ကိုးကွယ်သော ကျောင်းဖြစ်ရာ ဒေါ်ခင်ခင်ကြီးက ဖုန်းဆက်ထားသဖြင့် ကျောင်းထိုင်ဆရာတော်က အကူအညီပေးလေသည်။ မြသီဂီ က ပရိသတ်ကြိုးတောင်းခြင်း ဖြစ်သည်။

ဆရာတော်က…

'ပရိတ်ဆိုတာ ပရိတ္တလို့ခေါ်တဲ့ ပါဠိကလာတာ၊ ဒါဟာ လည်း ဘုရားရှင်ရဲ့ နှုတ်ထွက်တရားတွေပါပဲ၊ သတ္တဝါ တွေကို ဘေးရန်အပေါင်းက ဝေးရအောင် အရံအတား အဖြစ် ဟောခဲ့တာတွေပေါ့'

ဟု ပြောကာ ပရိတ်ကြိုးအပြင် ပရိတ်ရေကိုပါ ပေး လိုက်သည်။ ကျောင်းမှာ အခွင့်သင့်ရှိနေသဖြင့် ကံကောင်း သည်ဟု ဆိုရမည်။ ကားဖြင့် လာရင်း မြသီဂီက ဦးမင်းသ ၏ ကားဝပ်ရှော့သို့ ဝင်ခဲ့သည်။

'ကျွန်မကား ပြင်တာ ဘယ်လိုအခြေအနေရှိသလဲ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး'

'ဒီနေ့ လက်စသတ်နိုင်ပါပြီ၊ မနက်ဖြန်ဆို မင်း ပြန်နိုင်ပါစေပြီ'

သူကား အခြေအနေကို မေးမြန်းကြည့်သည်။ ဦးမင်းဒင်သာ ကားပြီးပြီဆိုသဖြင့် ဝမ်းသာသွား၏။ သူ ပြန်မယ်ဆို ပြန်နိုင်ပေတော့မည်။

'မင်း ဟိုအိမ်မှာ အဆင်ပြေရဲ့လား'

'အင်း… အဆင်ပြေပါတယ်၊ တစ်ခု မေးစရာရှိတယ်၊ ဦးက ဦးသံတိုင်အကြောင်း ကောင်းကောင်းသိတယ်နော်'

'ငါ ရယ် သံတိုင်ရယ်၊ ခင်ခင်ကြီးယောကျ်ားရယ်ဟာ အတူတူ အမဲလိုက်ဖော် လိုက်ဖက်တွေပဲဟာ'

'ဦးသံတိုင်က ဘယ်လိုလူလဲဟင်'

'အမဲလိုက်တဲ့နေရာမှာ သူက အသဲမဲဆုံးပဲ၊ စိတ်ဓာတ်လည်း အင်မတန်ပြင်းထန်တယ်၊ သူက တစ်ခုခုလုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ဖြစ်အောင်လုပ်မယ့်သူ၊ ဒါနဲ့ သေတဲ့တောင် ဘာလို့မကျွတ်သေးတာလဲ သိလား၊



www.burmeseclassic.com

www.burmeseclassic.com



သူ့သားအတွက် ကလဲ့စားမချေရသေးလို့၊ ခိုင်ဘွား ၂၁ နှစ်ပြည့်လို့ သူ ပြောတဲ့အတိုင်း ကလဲ့စားချေပြီးမှ သူ ကျွတ်လွတ်မှာ၊ အဲဒီလောက် အစွဲအလမ်းကြီးတဲ့ သူ'

'သေနေတဲ့ လူတစ်ယောက်က ဘယ်လို လုပ် ဒုက္ခပေးနိုင် မှာလဲ'

'ဒုက္ခပေးနိုင်တာတွေကတော့ အများကြီးပေါ့၊ သက်ရှိ လူတစ်ယောက်ကို ပူးကပ်ပြီးတော့လည်း လုပ်ကြံ သတ်ဖြတ်နိုင်တာပဲ'

ထိုစကားကို ကြားလိုက်ရသောအခါ မြသီဂီ တုန်လှုပ် သွားသည်။

'ဝိညာဉ်က တစ်စုံတစ်ယောက်ကို ပူးကပ်လိုက်ပြီဆို ရင် အဲဒီလူဟာ သူ့ရဲ့ မူလစိတ် မရှိတော့ဘူး၊ ပူးကပ် နေတဲ့ ဝိညာဉ်ရဲ့ စေခိုင်းရာအတိုင်းပဲ၊ လိုက်လုပ်ကြ ရတယ်'

'ဒါဆို အဲဒီဦးသံတိုင်ရဲ့ ဝိညာဉ်က ဘယ်သူ့ကို ပူးကပ် မယ်ထင်သလဲဟင်၊ ဦးမင်းဒင်နဲ့ ခင်တင့်ဆိုတော့ ဦးမင်းဒင်ကို ပူးကပ်လိမ့်မယ် ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'နိုး… နိုး…'

ဦးမင်းဒင်က အကြောက်အကန်ပင် ငြင်းဆန်လိုက်သည်။ မြသီဂီက အဖြေကို သိချင်နေ၏။ သိရလျှင် အန္တရာယ်တို ကြိုတင်ကာကွယ်နိုင်မည်။

'ဒါဆို ငါက လူသတ်မှုကျူးလွန်တဲ့သူဖြစ်ပြီး အဖမ်းခံရတော့မှာပေါ့၊ ဘယ်သူကမှ ဝိညာဉ်က ပူးကပ်ပြီး ဝင်စီးပြီး သတ်တယ်လို့ ထင်မှာမဟုတ်ဘူး၊ ငါ့စိတ်ထင်တော့ သူ မုန်းတဲ့သူကို ပူးကပ်ပြီး ခိုင်းမယ်ထင်တယ်'

'ရှင်… သူ့ မုန်းတဲ့သူက ဘယ်သူလဲ'

'ဒေါ်ခင်ခင်ကြီးပေါ့၊ ငါတို့က သူ့ယောက်ျားကို အမဲပစ်ဖို့ သွားခေါ်တိုင်း သူက ရန်တွေ့နေကျ၊ ဒါကြောင့် ကိုသံတိုင်က အဲဒီ ခင်ခင်ကြီးကို အမုန်းကြီးမုန်းနေတာ'

မြသီဂီ ထွက်သွားသောအခါမှ ဦးမင်းဒင်က တစ်ကိုယ်တည်း ပြုံးကျန်ရစ်သည်။ အနားက တပည့်တစ်ယောက်က…

'ဆရာ… ဘာတွေ တစ်ကိုယ်တည်း သဘောကျပြီး ပြုံးနေရတာလဲ'မေးတော့…

'ငါက ကောင်မလေးကို ခြောက်လှန့်လွှတ်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



တွေကို ကောင်မလေးက အဟုတ်ထင်သွားတယ်ကွ၊ ငါက နောက်လိုက်တာပါ'

'ဒါ မကောင်းဘူး ဆရာ၊ သူက ဥပါဒါန်အစွဲအလမ်းကြီးတဲ့သူဆိုရင် ဒုက္ခရောက်သွားနိုင်တယ်'

ဥပါဒါန်ဆိုတာ လူ့ရဲ့စိတ်ကို ဖျက်ဆီးတဲ့နေရာမှာ အဆိုးဝါးဆုံး မုန်တိုင်းဆိုတာတော့ ဦးမင်းဒင် ရိပ်စားမိဟန်မတူပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဒီပရိတ်ကြိုးဟာ ပရိတ်တွေ ထုံမွှန်းထားတဲ့ အတွက် တစ္ဆေသရဲ ဘေးမျိုးတောင် မကဘူး။ တခြား ဘေးအမျိုးမျိုးကိုလည်း ကာကွယ် တားဆီးပေးနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# (၉) နီးကပ်လှသော သေခြင်းတရား

www.burmeseclassic.com

www.burmeseclassic.com

## (၉) နီးကပ်လှသော သေခြင်းတရား

မြသီဂီရောက်လာသောအခါ လှိုင်ဘွားသာမက ခိုင်ဘွား ပါ စိတ်အားတက်ကြွသွားသည်။ ဒီကောင်မလေးက သူတို့ညီ အစ်ကိုကို စိတ်ရောကိုယ်ပါ အကူအညီပေးနေတာတော့ အမှန် ပင်ဖြစ်သည်။ မြသီဂီက သူ့ ဘုန်းကြီးကျောင်းက ယူဆောင် လာခဲ့သော ပရိတ်ကြိုးကို ကွင်းတစ်ခုဖြစ်အောင် ချည်နှောင် ကာ ခိုင်ဘွားကိုပေး၍ လည်ပင်းမှာ ဆွဲခိုင်းလိုက်၏။

'ဒီပရိတ်ကြိုးဟာ ပရိတ်တွေထုံမွှမ်းနေတဲ့အတွက် တစ္ဆေ သရဲဘေးမျိုးတောင်မကဘူး၊ ဘေးအမျိုးမျိုးကိုလည်း ကာကွယ်တားဆီးပေးနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဘွားက ယုံကြည်သလား မယုံကြည်သလား မသိ၊ မြသီဂီပေးတာကို မငြင်းဆန်ဘဲ အလွယ်တကူ လက်ခံကာ လည်တွင် ဆွဲလိုက်သည်။ သူ မယုံကြည်တာတောင် တကူး တက ဆောင်ရွက်လာသော မြသီဂီ၏ စေတနာကို အကျိုးမဲ့ မဖြစ်စေသင့်ဟု ထင်သည်။ ပရိတ်အစွမ်းကို သူသည် ကိုယ် တွေ့မကြုံဖူးသော်လည်း ဗုဒ္ဓဘာသာဝင်ပီပီ ကြားဖူးနားဝတော့ အတော်များများ ရှိခဲ့၏။ ဘာပဲဖြစ်ဖြစ် ယခု ကိုယ်တိုင်စမ်းသပ် ခွင့်ရတော့ ကျေနပ်နေမိသည်။

'ပရိတ်ရေလည်း သောက်လိုက်ဦး'

ဖန်ပုလင်းထဲက ရေကို ဖန်ခွက်ထဲထည့်ကာ မြသီဂီက တိုက်သဖြင့် ခိုင်ဘွား သောက်ရပြန်သည်။ ပြီးတော့ မြသီဂီ က သူကိုယ်တိုင်လည်း သောက်၏။ လှိုင်ဘွားကိုလည်း တစ်ခွက်တိုက်၏။ လှိုင်ဘွားက‥

'ငါက ဘာလို့သောက်ရမှာလဲ၊

'တို့က သူနဲ့အတူရှိနေရမယ့်လူတွေလေ၊ ဒီတော့ အေး ကင်းရန်ကွာပေါ့'

'သဘောပဲ၊ သဘောပဲ'



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့တစ်နေ့က်လုံးမှာ အေးအေးချမ်းချမ်းရှိနေသည်ဟု ဆိုနိုင်လေသည်။ မြသီဂိုကပင် မီးဖိုထဲဝင်ကာ ချက်ပြုတ်ပေသည်။ လှိုင်ဘွားက သူ့အမေကို ထမင်းသွားကျွေးပြီးသောအခါ သူတို့သုံးယောက် အတူတူစားကြသည်။ နိုင်ဘွားကို မြင်ရသည်မှာ ဤနေ့ကို မရောက်ခင်က ကြို့တင်တွေးတော စိုးရွံ့နေပုံရသော်လည်း တကယ်တမ်း ရင်ဆိုင်ရသောအခါ သူကိုယ်တိုင် စိတ်နှလုံးဒုန်းဒုန်းချလိုက်ပုံပေါက်ကာ အတော်အတန်ပင် တည်ငြိမ်နေလေသည်။

ထမင်းစားပြီးသောအခါ သူတို့သုံးယောက် အိမ်ရှေ့က ခြံထဲမှာ ခုံတွေနှင့် ဆင်းကာ ထိုင်ကြသည်။

လှူဝင်စားတွေ အတိတ်ဘဝက အကြောင်းတွေ ပြန်သတိရတတ်တယ်ဆိုတာကို နိုင်ဘွားက သူဖတ်ထားသမျှ ရှင်းပြနေ၏။

'ဒီအကြောင်းတွေက ငါးရာ့ငါးဆယ်နဲ့ တခြားနိပါတ်ပုံပြင်တွေမှာပါတယ်၊ နာရဒဇာတ်ဆိုတာ အဲဒီအကြောင်းဖော်ပြတဲ့ ဇာတ်ပဲ၊ တချို့ကတော့ ပြီးခဲ့တဲ့ တစ်ဘဝသာ သတိရပေမယ့် တချို့ကတော့ အတိတ် (၉)ဘဝ

www.burmeseclassic.com

www.burmeseclassic.com


ထိအောင်တောင် သတိရတတ်တယ်တဲ့၊ အဲဒါကို ဇာတိ
သသရညာဏ်လို့ ခေါ်တယ်တဲ့'

ခိုင်ဘွားမှာ လူဝင်စားဆိုသည့် ရာဇာဦး ပေါ်ပေါက်လာကတည်းက ဤကိစ္စတွေကို စာကြည့်တိုက်များမှ ရှာဖွေဖတ်ရှုနေဟန်တူသည်။ ထိုသို့ စကားကောင်းနေခိုက်မှာပင် သူ့ဘေး ခေါင်းနှင့်ကပ်လျက်မှ ပန်းအိုးတစ်အိုးမှာ ခွမ်းခနဲမြည်ကာ ရုတ်တရက် ကွဲထွက်သွားလေသည်။ အားလုံးပင် အထိတ်တလန့်ဖြစ်သွား၏။ ခိုင်ဘွားမှာ ပို၍ထိတ်လန့်သွားဟန်တူ၏။ ထိုင်ရာမှ ရုတ်တရက်ထလိုက်ကာ...

'ဘယ်ကောင် ပစ်တာလဲကွ'

ဟု ဒေါသတကြီး အော်လိုက်၏။ သူ့အော်သံ မဆုံးခင်မှာပင် ခြံဝင်းထဲကို ပြုံ့ပြုံ့တူးတူးခေါ် လေးသေနတ်လေးတစ်လက်ကိုကိုင်ကာ ရာဇာဦးက ဝင်ရောက်လာသည်။

'ကျွန်တော် ပစ်လိုက်တာပါ ခင်ဗျာ၊ ဟောဟို ချုံပုတ်မှာ နားနေတဲ့ ငှက်ကလေးကို ပစ်လိုက်တာပါ ခင်ဗျာ မတော်တဆ ပန်းအိုးကို မှန်ပြီး ကွဲသွားတဲ့အတွက် တောင်းပန်ပါတယ်'


www.burmeseclassic.com

www.burmeseclassic.com


'ပန်းအိုးကွဲသွားတာက ပြဿနာမဟုတ်ဘူးကွ၊ ငါ့ခေါင်းနားက သီသီကလေး ကပ်လွဲသွားတာ၊ ငါ့ခေါင်းကိုမှန်ရင် ဘယ့်နှယ်လုပ်မလဲ'

ခိုင်ဘွားမှာ အတော်ပင် ဒေါပွနေသဖြင့် လှိုင်ဘွားက…

'ကလေးပဲကွာ၊ သူ ပစ်တာကလည်း လေသေနတ်နဲ့ပါ'

'ဒါပေမဲ့ မင်းလည်း သိတာပဲ၊ ဒီကျည်ဆန်က ခေါင်းကိုမှန်ရင်တော့ လူလည်း သေနိုင်တာပဲကွ'

ဟုတ်တော့ ဟုတ်သည်။ ခန္ဓာကိုယ် တခြားအစိတ်အပိုင်းများကို မှန်လျှင် ပြဿနာမရှိလှသော်လည်း ခေါင်းတို့၊ သည်ပင်းတို့လိုနေရာမျိုးကို မှန်လျှင် လူလည်း သေစေနိုင်လေသည်။

'မင်းကို ငါ ပြောထားတယ်မဟုတ်လား၊ ဒီခြံနားကို မလာနဲ့လို့၊ အန္တရာယ်တော်တော်ပေးမယ့် ကောင်လေး'

'ကဲ… ရာဇာဦး၊ အိမ်ပြန်တော့နော်'

မြသီဂီက ချော့မော့လွှတ်လိုက်ရ၏။ ကောင်လေးက ခေါင်းငိုက်စိုက်ချကာ ထွက်သွားသည်။ ခိုင်ဘွားကတော့ စိတ်


www.burmeseclassic.com

www.burmeseclassic.com



ဆိုးမာန်ဆိုးနှင့် အိမ်ပေါ်တက်သွား၏။ ခြံထဲဝ၌ သူတို့နှစ်ယောက်ပဲ ကျန်ခဲ့ကြသည်။

လှိုင်ဘွားက…

'ခိုင်ဘွား တော်တော်လန့်သွားတယ်၊ ဒီနေ့လိုနေ့မျိုးမှာမှ ဖြစ်ရတယ်လို့၊ ကျည်ဆန်က သူ့ခေါင်းနဲ့ ကပ်လွဲသွားတာ'

ဟု စိတ်မကောင်းသလို မှတ်ချက်ချ၏။ မြသီဂီက တွေတွေလေး စဉ်းစားကာ…

'ရာဇဦးဟာ ဦးသံတိုင်သေလို့ ဝင်စားတယ်လို့ ကိုခိုင်ဘွား ယူဆနေခဲ့တာ မှန်များနေသလား'

ဦးသံတိုင်က ခိုင်ဘွား ၂၁ နှစ်ပြည့်သောနေ့တွင် သတ်ဖြတ်ပစ်မည်ဟု ကြိမ်းဝါးခဲ့သည် မဟုတ်လား။

လှိုင်ဘွားက…

'တွေးရခက်ခက်ပဲ၊ ခိုင်ဘွားကိုယ်တိုင် ပြောတော့လည်း ဦးသံတိုင်ဝိညာဉ်ကို သူ မြင်ခဲ့တယ်တဲ့၊ ဘာကို လက်ခံရတော့မလဲ'

ဟုတ်သည်။ လှိုင်ဘွားလိုပင် မြသီဂီလည်း ဝေခွဲမ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဖြစ်နေ၏။ အခုနအဖြစ်က သေခြင်းတရားနှင့် နီးကပ်လှသည်။ တကယ်သာ ဤနည်းဖြင့် ခိုင်ဘွား သေဆုံးသွားလျှင် ဒါးစပ်ရာဇဝင်မှာ ပို၍ပင် ထင်ရှားသွားနိုင်ပေလိမ့်မည်။

လှိုင်ဘွားအား ခိုင်ဘွားကို အနီးကပ်စောင့်ရှောက်ပေးရန် ပြောပြီး မြသီဂီက အိမ်ခဏပြန်လာခဲ့သည်။ ဒေါ်ခင်ခင်ကြီးသည်း စိတ်ဝင်စားဟန်တူသည်။ ဘာတွေထူးထူးခြားခြားဖြစ်သလဲ မေးတော့ မြသီဂီက ရာဇဦးကိစ္စကို ပြောပြလိုက်၏။

'မသေကောင်း မပျောက်ကောင်းပဲ၊ ခိုင်ဘွား တော်တော်လန့်သွားသလား'

'အိမ်ပေါ်တက်သွားလိုက်တာ ပြန်ဆင်းမလာတော့ဘူး၊ ဒါနဲ့ အန်တီခင် ဒီနေ့ သီဂီ အပြန်နောက်ကျမယ်'

'ဘာဖြစ်လို့လဲ'

'သူတို့အိမ်မှာ ည ၁၂ နာရီအထိ နေမလို့၊ ၁၂ နာရီ ကျော်သွားရင်တော့ မွေးနေ့လည်း ကျော်ပြီ၊ သူလည်း အန္တရာယ်မရှိတော့ပါဘူး'

ဒေါ်ခင်ခင်ကြီးက ခွင့်ပြုသည်။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုယ်မင်းလည်း အန္တရာယ်ကင်းအောင်နေ၊ မင်းသာ တစ်ခုခုဖြစ်သွားရင် မင်းအမေကို ငါ ဘယ်လိုမှ မျက်နှာပြရဲတော့မှာ မဟုတ်ဘူး'

'စိတ်မပူပါနဲ့ အန့်တီခင်၊ သီဂီက ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်ပါတယ်'

ဒေါ်ခင်ခင်ကြီးတို့ အိမ်မှာပင် မြသီဂီက ညစာစားခဲ့သည်။

'သမီးကားလည်း ပြင်တာ ကောင်းသွားပြီတဲ့ အန့်တီခင်၊ မနက်ဖြန်တော့ သီဂီ ပြန်ဖြစ်မယ်ထင်တယ် ရန်ကုန်မှာ အလုပ်ဝင်ဖို့လည်း ရှိသေးတယ်လေ'

'သမီး ပြန်သွားရင်တော့ အန့်တီခင် လွမ်းကျန်ရစ်ဦးတော့မှာပဲ'

'ဒီလောက်ပူမနေပါနဲ့ အန့်တီခင်ရယ်၊ ကျောင်းပိတ်ရင် လာလည်ပါဦးမယ်၊ သီဂီ ဒီထင်းရှူးမြိုင်မြို့ကလေးကို ချစ်သွားပါပြီ'

'ထင်းရှူးမြိုင်မြို့လေးကို ဟုတ်ရဲ့လား၊ မြို့သားလေးကို ချစ်သွားတာလား'



www.burmeseclassic.com

www.burmeseclassic.com



'အို… အန့်တီခင်ကလည်း…'

မြသီဂီက ရှက်စနိုးပြောရင်း ပြုံးလိုက်သည်။ ဒေါ်ခင်ခင်ကြီးက…

'သမီးက မြို့ရောက်ကတည်းက လှိုင်ဘွားနဲ့ အမြဲတွဲနေတာ တွေ့နေရတာပဲ'

'ဒီမြို့မှာ သူပဲ သူငယ်ချင်းရှိတာကိုး အန့်တီခင်ရဲ့၊ ပြီးတော့ သူ့အစ်ကိုမှာ ပြဿနာရှိလို့ သမီးက ကူနေတာပါ'

'ဒါဆိုလည်း လွတ်စေပေါ့ ဟုတ်လား၊ လွတ်စေ'

ဒေါ်ခင်ခင်ကြီးက ငါလည်း ငယ်ရာက ကြီးလာတာပါ ဟူသော အပြုံးမျိုးဖြင့် ပြုံးရင်း ပြောလိုက်သည်။ ဒေါ်ခင်ခင်ကြီးကို နှုတ်ဆက်ကာ သူ ထွက်လာခဲ့သည်။ အပြင်တွင် မှောင်စပျိုး၍နေလေပြီ။

လှိုင်ဘွားရော ခိုင်ဘွားရောက သူရောက်လာသဖြင့် အားတက်သွားပုံရ၏။

'နင် မလာတော့ဘူး ထင်လို့'

'ဘာဖြစ်လို့ မလာရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘွားက…

'မင်းကို ကျေးဇူးတင်ပါတယ် သီဂီ၊ ငါ့အတွက် မင်း အလုပ်ရှုပ်နေတာမြင်တော့ အားလည်းနာတယ်၊ တကယ် တော့ ငါ အကြောက်လွန်နေတာလည်း ဖြစ်နိုင်တယ် နင်တို့ စဉ်းစားကြည့်လေ၊ လူဆိုတာ ဒေါ်သအလျောက် ဒီလိုပြောတတ် ဆိုတတ်ကြတာပဲ၊ ဦးကြီးသံတိုင်က လည်း သားတစ်ယောက်လုံး ဆုံးရှုံးတယ်ဆိုတော့ စိတ် ထိခိုက်ပြီး ပြောမိဆိုမိမှာပေါ့'

ဟု တွေးတွေးဆဆ ပြောသည်။ လှိုင်ဘွားက ထောက်ခံ သည်။

'ဟုတ်ပါတယ်၊ အဲဒါကို အတည်ယူဖို့ ခက်ပါတယ် ကြည့်ပါလား၊ ဒီနေ့တစ်နေ့လုံးလည်း ဘာမှမဖြစ်ခဲ့ပဲ'

'ရာဇာဦးက သေနတ်နဲ့ပစ်ခဲ့တယ်လေ'

'ဒါက ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်တာပါကွာ သူက ပြောသားပဲ၊ မင်းကိုပစ်တာ မဟုတ်ဘူး၊ ငှက်ကို ပစ်တာပါလို့'

'အေးလေ… ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီဆ



www.burmeseclassic.com

www.burmeseclassic.com


ကုန်ရောက်အောင်တော့ စောင့်ကြည့်ရမှာပဲ၊ အခု ၇ နာရီ ထိုးပြီဆိုတော့ ဘာမှမလိုတော့ပါဘူး၊ ၁၂ နာရီထိုးဖို့ ၅ နာရီလိုတော့တယ်၊ ဒီ ၅ နာရီကို ဖြတ်သန်းပြီးရင် ရင်တထိတ်ထိတ်နေရတဲ့ဘဝက လွတ်ပါပြီ'

'အဲဒါဆို ရှင် ဘာလုပ်မလဲ ကိုခိုင်ဘွား'

မြသီဂီက မေးလိုက်သည်။

'တစ်ဘဝလုံး ရင်တထိတ်ထိတ်နဲ့ နေခဲ့ရတဲ့ဘဝက လွတ်သွားပြီဆိုတော့ တခြား သာမန်လူတွေလိုပဲ နေသွားချင်တော့တယ်၊ ကျောင်းပြန်တက်မယ်၊ အမေ့ကို ပြုစုမယ်၊ လှိုင်ဘွားနဲ့အတူ ခြံအလုပ်ကို ကူလုပ်မယ်'

ခိုင်ဘွား၏ရည်မှန်းချက်တွေက ကြီးကြီးမားမားမဟုတ်။ သို့သော် ဒီရည်မှန်းချက်ကလေးလောက်ကိုပင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခွင့်မရှိသောဘဝဟု မြသီဂီ တွေးမိသောအခါ သနားစဖွယ်ဟု ယူဆမိပြန်သည်။

တော်တော်ကြာတော့ ခိုင်ဘွားသည် ပုတီးစိပ်ဦးမည်ဟု ဆိုကာ သူ့အခန်းထဲ ဝင်၍သွားသည်။ လှိုင်ဘွားကလည်း သူ့အမကို အိပ်ရာထဲပို့ကာ သိပ်သည်။ ပြီးတော့ သူတို့နှစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက် ရုပ်မြင်သံကြား ထိုင်ကြည့်နေကြသည်။ အချိန်က ၁၀ နာရီထိုးနေပေပြီ။ ၁၂ နာရီပြည့်ရန် ၂ နာရီခန့်သာလိုတော့သည်။

ခိုင်ဘွားက သူ့အခန်းထဲက ပြန်ထွက်မလာသဖြင့် အိပ်စက်နေပြီဟု ယူဆရသည်။ သူ အိပ်ပျော်နေရင်လည်း ကောင်းတာပါပဲ။ ၁၂ နာရီကျော်မှပဲ သူ့ကိုနှိုးကာ ပျော်စရာစကားကို ပြောတော့မည်။

မြသီဂီက သူ မကြာခင် ပြန်လာတော့မည်ဟု ဒေါ်ခင်ခင်ကြီးကို ဖုန်းဆက်ကာပြောဖို့ကြံ၏။ ဒေါ်ခင်ခင်ကြီးကလည်း အခြေအနေကို ဖုန်းဆက်ဖို့ မှာထားသည်။ တစ်ဖက်က ဖုန်းထူးသံမကြားရသဖြင့် မြသီဂီ စိတ်ပူသွားသည်။ လှိုင်ဘွားက မြသီဂီ၏ ထိတ်ထိတ်ပျာပျာပုံကိုကြည့်ကာ…

'ဘာဖြစ်တာလဲ သီဂီ'ဟု မေးလိုက်၏။

'အန်တီခင်ဆီ ဖုန်းဆက်ကြည့်တာ၊ ဖုန်းဖြေသံ မကြားရလို့'

'အိပ်နေပြီ ဖြစ်မှာပေါ့'

'မဟုတ်သေးဘူး၊ စိတ်ထဲမှာ ထင်နေတယ်၊ တစ်ခုခု


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ ထင်တယ်'

'နင်ပြောတာ ငါ မရှင်းဘူး'

မြသီဂီက ဒေါ်ခင်ခင်ကြီး၏ ညဘက် ယောင်ကာ လမ်းထလျှောက်တတ်သော ရောဂါကို ပြောပြလိုက်သည်။

'အဲဒီလိုလျှောက်ရင်းနဲ့ ရေတွင်းတွေ ဘာတွေထဲ လိမ့်ကျမှာစိုးလို့၊ ချောက်ထဲလည်း ကျနိုင်တာပဲ၊ လမ်းပေါ်ရောက်ရင် ကားလည်းတိုက်နိုင်တာပဲ၊ ကာယကံရှင်က လမ်းလျှောက်နေတာကို မသိဘူး၊ သူ့အတွက်တော့ အဲဒါက အိပ်မက်မက်နေသလိုပဲ'

စကားပြောရင်း မြသီဂီက ထိုင်ရာမှ ထလိုက်သည်။

'ဘယ်လဲ'

လှိုင်ဘွားက မေးတော့...

'ငါ အိမ်ပြန်ပြီး ခဏကြည့်လိုက်ဦးမယ်'

'ငါလည်း လိုက်မယ်'

ဟု လှိုင်ဘွားက ပြောလိုက်သည်။ သူတို့နှစ်ယောက် အနှင့်ထွက်ခဲ့ကြသည်။ တကယ်တော့ ဒေါ်ခင်ခင်ကြီးအိမ်နှင့် လှိုင်ဘွားတို့အိမ်က မဝေးလှ။ မြန်မြန်ရောက်အောင် ကား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထွက်ခဲ့ကြခြင်း ဖြစ်သည်။

တောင်ပေါ်ညဖြစ်သဖြင့် လေအေးကလေး တိုက်ခတ်နေသည်။ လမ်းပေါ်တွင် ကားရော လူပါ ကင်းဆိတ်နေ၏။ သူတို့ ခဏလေးဖြင့် ဒေါ်ခင်ခင်ကြီး အိမ်ရောက်သွား၏။ ကားအပေါ်ကဆင်းကာ အိမ်ဆီ အပြေးရောက်သွားတော့…

'ဘာဖြစ်လို့ အိမ်တံခါးမကြီးက ပွင့်နေရတာလဲ'

မြသီဂီက ရေရွတ်လိုက်၏။ ဒေါ်ခင်ခင်ကြီးသည် သူ့အိမ်တံခါးကို အမြဲလိုလို ပိတ်ထားတတ်သည်။ ယခုညကျ ဘာကြောင့် ပွင့်နေရသနည်း။ နှစ်ယောက်သား အိမ်ထဲကို အတူတူဝင်သွားကြသည်။ မြသီဂီက အိပ်ခန်းကို ပြေးကြည့်၏။

အိပ်ခန်းတံခါးကလည်း ပွင့်နေသည်။ ခုတင်ပေါ်တွင် ဒေါ်ခင်ခင်ကြီး မရှိ။ ခုတင်ပေါ်က စောင်က ကြမ်းပြင်ပေါ် လျှောကျနေ၏။ ခုတင်ပေါ်ကထပြီး ထွက်သွားသည့်ပုံစံပင်။

နောက်ဖေးမီးဖိုချောင် အိမ်သာမကျန် ရှာဖွေကြည့်၏။ ဒေါ်ခင်ခင်ကြီးကို အရိပ်အယောင်မျှ မမြင်ရ။

လှိုင်ဘွားက…



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် နင် ပြောတဲ့အတိုင်း ဖြစ်ပြီနဲ့တူတယ်'

ဟု ရေရွတ်လိုက်၏။ နံရံကိုကြည့်ရင်း မြသီဂီက အထိတ်တလန့် ရေရွတ်လိုက်သည်။ လှိုင်ဘွားက...

'ဘာဖြစ်တာလဲ မြသီဂီ' ဟု မေးတော့...

မြသီဂီက နံရံတစ်နေရာကို လက်ညှိုးထိုးပြကာ...

'ဒီ... ဒီနေရာမှာ အရင်က နှစ်လုံးပြူးသေနတ်ကို ချိတ်ထားတာ၊ အခုတော့ မရှိတော့ဘူး'

ဟု အလန့်တကြား ရေရွတ်လိုက်လေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၀) ၂၁ နှစ်ပြည့်မွေးနေ့၏ နောက်ဆုံးစက္ကန့်များ

www.burmeseclassic.com

www.burmeseclassic.com

## (၁၀) ၂၁ နှစ်ပြည့်မွေးနေ့၏ နောက်ဆုံးစက္ကန့်များ

အပြန်တွင် လှိုင်ဘွားနှင့် မြသီဂီသည် ကားနှင့်မဟုတ်ဘဲ ခြေကျင်ထွက်ခဲ့ကြသည်။

ဒါမှ ဒေါ်ခင်ခင်ကြီးကို ရှာဖွေရလွယ်ကူမည်ဟု ယူဆကြသည်။ ပြောသာ ပြောရသည်။ အိပ်မက်ထဲမှာ လမ်းလျှောက်ရင်း ခြေဦးတည့်ရာ ထွက်သွားသောသူတစ်ယောက်ကို ဘယ်မှာရှာဖွေရမည်နည်း။ နည်းလမ်း ရှာမတွေ့။

အပြင်ဘက်တွင် အေးမြခြင်း၊ တိတ်ဆိတ်ခြင်းနှင့် မှောင်မိုက်ခြင်းတို့က ကြီးစိုးမင်းမူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် လျှောက်ကာရှာရင်း လှိုင်ဘွားတို့ ခြံ ဦးပင် ရောက်လာသည်။ ထိုစဉ်မှာပင် သူတို့ရှေ့မှာ လျှောက် လာနေသော ဒေါ်ခင်ခင်ကြီးကို တွေ့လိုက်ရ၏။ ဒေါ်ခင်ခင် ကြီးသည် ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားကာ လက်ထဲ တွင် နှစ်လုံးပြူး သေနတ်ကြီးကို ကိုင်၍ထား၏။

'အန်တီခင်'

မြသီဂီက ခေါ်လိုက်တော့ သူက လှည့်ကြည့်၏။ သို့သော် သူ့မျက်လုံးတွေက မြသီဂီကို မှတ်မိဟန်မရှိ။ သူ့ မျက်နှာကလည်း ဒေါ်ခင်ခင်ကြီးနှင့် မတူအောင် ခက်ထန် ကြမ်းတမ်းနေသည်။

ပြီးတော့ လက်ထဲက နှစ်လုံးပြူးနှင့် ဒေါ်ခင်ခင်ကြီး သည် မြသီဂီတို့ကို ချိန်လိုက်၏။ ဘေးက လှိုင်ဘွားက အခြေ အနေကို ရိပ်စားမိသွား၏။

'သတိထား သီဂီ'

ဟုပြောကာ သီဂီလက်ကို ဆွဲ၍ ဘေးက အမှောင်ထဲ ပြေးဝင်ခဲ့ကြလေသည်။ သူတို့က သစ်ပင်များနောက်ကွယ် အောင် ပြေးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ချိန်ရွယ်ကာ ပစ်ခတ်လိုက်သော နှစ်လုံးပြူး သေနတ်သံက တိတ်ဆိတ်သော ညယံကို ဖောက်ထွင်းကာ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘွားသည် သူ့အခန်းထဲတွင် ပုတီးစိပ်ပြီး၍ အပြင်ထွက်လာသောအခါ ဧည့်ခန်းထဲတွင် လှိုင်ဘွားနှင့် မြသီဂီကို မတွေ့ရသဖြင့် အံ့ဩနေ၏။ သူ့ကို စောင့်ရှောက်မည်ဟုဆိုကြသော ထိုနှစ်ယောက်က ဘယ်ကိုပျောက်သွားလေသနည်း။ ထိုအခိုက်မှာပင် ကျယ်လောင်သော သေနတ်သံကို ကြားလိုက်ရသည်။ သူ့အိမ်ပတ်ဝန်းကျင် နီးနီးကပ်ကပ်မှ ထွက်ပေါ်လာခြင်းဖြစ်၏။ ထို့ကြောင့် အခြေအနေကို အကဲခတ်ရန် ခြံထဲသို့ ဆင်းလာခဲ့လေသည်။

ခြံထဲတွင် လှည့်ပတ်ကြည့်နေစဉ် ခြံဝတွင် လာရပ်သော ဒေါ်ခင်ခင်ကြီးနှင့် တွေ့လိုက်ရသည်။ သူ တွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ခင်ခင်ကြီးက ခေါင်ခင်ခင်ကြီးနှင့် မတူ။ တင်းမာသော မျက်နှာထားဖြင့် သူ့ကို နှစ်လုံးပြူးသေနတ်ဖြင့် ချိန်ထားလေသည်။

နိုင်ဘွားသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကြက်သေသေကာ မတ်တတ်ရပ်နေမိလေသည်။

လှိုင်ဘွားနှင့် မြသီဂီသည် တစ်ယောက်လက် တစ်ယောက်ဆွဲကာ မလှမ်းမကမ်း သစ်ပင်နောက်က ထွက်လာကြ၏။

သူတို့က မြင်ကွင်းကိုမြင်ကာ ထိတ်လန့်၍သွားလေသည်။ ဘာလုပ်ရမှန်း မသိ။ တားဖို့ရာလည်း မရှိ့ရဲ။ ခုနနှစ်လုံးပြူးနှင့် လှမ်းပစ်ရာ ကံကောင်း၍ လွဲသွားခြင်းဖြစ်သည်။

ဒါဟာ နိုင်ဘွားရဲ့ နောက်ဆုံးကြမ္မာလား။ မြသီဂီက သူ့သက်က နာရီကို ကြည့်လိုက်သည်။ နာရီက ၁၂ နာရီတိတိ ညွှန်ပြနေ၏။ နောက်ဆုံးတော့လည်း နိုင်ဘွားအတွက် သေခြင်းတရားသည် ဦးသံတိုင် ပြောခဲ့သလိုပင် တိတိကျကျ ရောက်ရှိလာလေသည်။ နိုင်ဘွားကိုယ်တိုင်ပင် ထိုသို့ ယူဆမိလေသည်။ လူတစ်ကမ်းအကွာတွင် သူ့ရင်ဝကို နှစ်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com


သေနတ်ဖြင့် ချိန်ရွယ်ထားသူတစ်ယောက်။ ပစ်မှတ်က လွဲမှား စရာမရှိ။ ဒါဟာ သူ့ဘဝရဲ့ နောက်ဆုံးစက္ကန့်တွေပဲ။ ၂၁ နှစ် ပြည့်မွေးနေ့ရဲ့ နောက်ဆုံးစက္ကန့်။

ထိုအခိုက်မှာပင် ဘယ်လိုမျှထင်မှတ်မထားသော အဖြစ် တစ်ခု ဖြစ်ပျက်လာ၏။ ထိုနေရာသို့ စက်ဘီးကလေးစီးကာ ရာဇာဦး ရောက်ရှိလာခြင်းဖြစ်သည်။ ရာဇာဦးက သူ့စက်ဘီး ကို ဒေါ်ခင်ခင်ကြီးအနားသို့ ထိုးဆိုက်ကာ ရပ်လိုက်ပြီး ဒေါ်ခင် ခင်ကြီး လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ပြောလိုက်သည်။

'သူ့ကို မပစ်ပါနဲ့ဗျာ၊ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး'

ဒေါ်ခင်ခင်ကြီးသည် ရုတ်တရက် သတိပြန်ဝင်လာ သလိုဖြစ်ကာ သူ့နှစ်လုံးပြူးသေနတ်ပြောင်းကို အောက်သို့စိုက် ချလိုက်၏။ ဒီတော့မှ ခိုင်ဘွားလည်း သက်ပြင်းချနိုင်တော့ သည်။ လှိုင်ဘွားနှင့် မြသီဂီလည်း ထိုနေရာသို့ အပြေးရောက် လာကြ၏။

ဒေါ်ခင်ခင်ကြီးက မြသီဂီကို မြင်သောအခါ အိပ်မက်က သန့်နိုးလာသလို…

'သီဂီရေ… ငါက ဘယ်လိုလုပ်ပြီး ဒီနေရာရောက်နေ


www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ပြီးတော့ လက်ထဲမှာလည်း သေနတ်ကြီးနဲ့၊ ဘာတွေဖြစ်သေးလဲ'

'ဘာမှမဖြစ်ပါဘူး အန်တီခင်၊ အန်တီခင် အရင်လိုပဲ အိပ်နေရင်းက ယောင်ပြီး ထလျှောက်တာပေါ့'

ရာဇဦးက သူတို့အားလုံးကို တစ်ချက်ကြည့်ကာ…

'ကျွန်တော် ပြန်လိုက်ဦးမယ်'

ဟု နှုတ်ဆက်ရင်း စက်ဘီးနင်းကာ ထွက်ခွာသွားလေတော့သည်။ ထိုစဉ် အိမ်ထဲမှ ဒေါ်ချမ်းမြ ပြေးထွက်လာ၏။ သားနှစ်ယောက်ကို…

'သား… လှိုင်ဘွား၊ သား… ခိုင်ဘွား'

ဟုခေါ်ကာ ပြေးဖက်လေသည်။

'အမေ… ကျွန်တော်တို့ကို သတိရလာပြီ ဟုတ်လား'

ဟု ညီအစ်ကိုနှစ်ယောက်စလုံး ဝမ်းသာအားရ ဖြစ်နေသည်။

'ဘယ်နှနာရီရှိပြီလဲ'

လှိုင်ဘွားက မေးသည်။

မြသီဂီက…



www.burmeseclassic.com

www.burmeseclassic.com



'၁၂ နာရီ ကျော်သွားပါပြီ'

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ မြသီဂီက ဒေါ်ခင်ခင်ကြီးကို ခေါ်ကာ အိမ်ပြန်လာခဲ့သည်။ ကော်ဖီပူပူတစ်ခွက် ဖျော်တိုက်ကာ သိပ်တော့ ဒေါ်ခင်ခင်ကြီးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍သွားလေတော့သည်။ ဒီတော့မှ မြသီဂီလည်း သက်ပြင်းချနိုင်တော့၏။ သူတို့သည် နောက်ဆုံးစက္ကန့်များကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီ မဟုတ်ပါလား။

BURMESE CLASSIC

* * *



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင် မြသီဂီ ပြန်ရန် အားလုံးကို နှုတ်ဆက်ရသည်။ ဤနေရာတွင် ထူးခြားသော ကိစ္စတစ်ခု ဖြစ်ပွားခဲ့ကြောင်း မနက်ကျမှ သူတို့ သိခဲ့ရ၏။ အိမ်ပွဲစား ဦးကျော်လင်းသည် မနေ့ညက ကွယ်လွန်ခဲ့သည်။ သူ့အလောင်းကို မနက်ကျမှ ဦးသံတိုင် အိမ်အပေါက်တွင် တွေ့ကြရခြင်းဖြစ်၏။ ဘာကြောင့် အချိန်မတော် ဤအိမ်ထဲ ရောက်နေရသနည်း ဆိုခွဲမရ။ ဦးကျော်လင်းကို စစ်ဆေးသော ဆရာဝန်က ည ၁၂ နာရီခန့်က သေဆုံးခဲ့ခြင်းဟု မှတ်ချက်ချ၏။ ရုတ်တရက် နှလုံးသွေးရပ်တာ သေဆုံးခဲ့ခြင်းဖြစ်သည်။

'မနေ့ည ၁၂ နာရီဆိုတော့ ခိုင်ဘွားကိုယ်စား သေနိုင်ရတာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေဟာ တို့ နားမလည်နိုင်တဲ့ မဖြေရှင်းနိုင်တဲ့ ကိစ္စတွေပဲ သီဂီ၊ ပြီးတော့ ရာဇာဦးလေး၊ သူက လူဝင်စားလား'

'လူဝင်စားဆိုတာ ဖြစ်နိုင်ပါတယ် လှိုင်ဘွား၊ ဒါပေမဲ့ ဦးသံတိုင် ဝင်စားတာတော့ မဟုတ်ဘူး၊ အောင်မြတ်ဇော် ဝင်စားတာပဲ ဖြစ်ရမယ်'

'ဥပါဒန်ဆိုတဲ့ အစွဲအလမ်းဟာ တော်တော်ကြီးတာပဲ၊ ကိုယ်တို့ မိသားစုကို တိုက်ခတ်သွားတဲ့ ဥပါဒါန်မုန်တိုင်းကတော့ တော်တော်ပြင်းထန်တယ်'

နိုင်ဘွားက သံဝေဂရသလို ပြောသည်။

လှိုင်ဘွားက...

'မင်းကိုတော့ သတိရနေတော့မှာပဲ'

'သိပ်မကြာပါဘူး၊ ကျောင်းပိတ်ရင် ပြန်လာပါ့မယ် ပြောထားသားပဲ'

'ဒီတစ်ခါတော့ အကြာကြီးနေရမယ် မဟုတ်လား'

မြသီဂီက အပြုံးဖြင့် ခေါင်းညိတ်ပြခဲ့လေသည်။ မကြာ-
င် သူ့ကားကလေးနှင့် မြသီဂီသည် ထင်းရှူးမြိုင်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com


ကျောခိုင်းထွက်ခွာလာခဲ့သည်။ သို့သော် ရင်ထဲတွင် ဟာ၍ နေ၏။ သူ့အသည်းနှလုံးက ထင်းရှူးမြိုင်မြို့ကလေးတွင် ကျန်ခဲ့လေပြီ မဟုတ်ပါလား။

စိတ်ရောကိုယ်ပါ ချမ်းသာပါစေ...

ဒေဝစကြာ

ဩဂုတ်၊ ၂၀၀၉

BURMESE CLASSIC

www.burmeseclassic.com